

www.burmeseclassic.com
BURMESE CLASSIC .com
ဆုမြတ်မွန်မွန်
သဝန်တို မားရှင်း
www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## သဝန်တိုဗားရှင်း

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅. ၈၃

ဆုမြတ်မွန်မွန်

သဝန်တိုဗားရှင်း၊ ဆုမြတ်မွန်မွန် ၊ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

၂၈၀-စာ၊ ၅ × ၇

(၁) သဝန်တိုဗားရှင်း

BURMESE CLASSIC .com

# ဆုမြတ်မွန်မွန်




စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၁

သာယာသောတီးလုံးသံ ထွက်ပေါ်လာလျှင် ဟောမဝန်က ဖုန်းလာနေပြီဆိုတာ သိလိုက်သည်။ ကားက Speaker ကို ဖွင့်ကာ ထူးလိုက်သည်။ သူ့သူငယ်ချင်း ဆိုလည်းဟုတ် သွေးသောက်ညီအစ်ကိုဆိုလည်း ဟုတ်သည့် နန္ဒထံမှ ဖြစ်ပါသည်။

"အေး ... ပြော ... နန္ဒ"

"ကားမောင်းနေတာလား"

"အင်း ... ဟုတ်တယ်။ ပြော ... ရတယ်"

"ဒီနေ့ ... ဘာနေ့လဲ ဟောဝန်"

တကယ်တော့ သူ့နာမည်က ဟောမဝန် ပါ။ ဒါပေမဲ့ အမြန်ခေါ်ကြသောအခါ ဟောဝန် ဖြစ်သွားပြီး တော်တော်များများ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပေါဝန် လို့သာ ထင်ကြတာ များတော့သည်။ သူက နန္ဒ မေးတာကို တစ်ချက်စဉ်းစားလိုက်သည်။ နန္ဒဟာ ဒီနေ့ရက်စွဲကို သိရဖို့အတွက် ဖုန်းထဲက Date ကို မကြည့်ဘဲ သူ့ကို တကူးတက ဖုန်းဆက်မေးမှာတော့ မဟုတ်ချေ။

"ဒီနေ့ ဘာနေ့လဲ နန္ဒ။ မင်း သိရင် ပြောကွာ"

"ဒီနေ့ မမသီရိ မွေးနေ့လေကွာ"

"ဟေ ... ဟုတ်လား"

"ဟင်း ... ဟေ ... ဟုတ်လား ... လာလုပ်နေပြန်ပြီ။ ဟိုကသိရင် ထောင်းတော့မှာပဲ"

"အေးကွာ ... ငါတို့က အလုပ်ရှုပ်တာကိုး။ ဝေးတုန်းက တော့ မှတ်မိသား။ နီးတော့မှ မေ့သွားတာ။ မင်းက ဘယ်လိုလုပ် မှတ်မိနေတာလဲ"

"ငါလည်း မမှတ်မိဘူး။ ထမင်းစားတော့မှ ဒေါ်ထားက လာပြောပြလို့ ငါတောင် အခု အပြင်ထွက်ပြီး တစ်ခုခုဝယ် မလို့။ မင်းလည်း တစ်ခုခု ဝယ်လာခဲ့လို့ အဲဒါ လှမ်းပြောတာ"

"ငါက ဘာဝယ်ရမှာလဲ"





"ဟက် ... ကိုယ့်ခေါင်း ကိုယ်သုံးကြေးပေါ့ကွာ ... ဟဲ ဟဲ"

နန္ဒာက အနိုင်နဲ့ပိုင်းပြီး ဖုန်းချသွားလျှင် သူက ခပ်တိုးတိုး ကျိန်ဆဲလိုက်သည်။ ပြီးတော့ မမသီရိ အတွက် လက်ဆောင်ကို ဘာဝယ်ရမလဲ စဉ်းစားနေမိသည်။ ဒါကြောင့် အရှိန်တင်ထားသည့် ကားကိုတောင် အရှိန်လျှော့ပစ်လိုက်ရင်း စဉ်းစားလာမိသည်။ မမသီရိဟာ ဘာလိုအပ်မလဲ။ ဟင့်အင်း ... ဘာမှ မလိုအပ်ပါဘူး။ မမသီရိထံမှာ တော်ရုံမိန်းမ မပိုင်ဆိုင်နိုင်သော စည်းစိမ်ဥစ္စာမျိုး ပိုင်ဆိုင်သည်။

ကမ္ဘာကျော် တန်ဖိုးကြီး အသုံးအဆောင်များ၊ Branded ပစ္စည်းများ စတာတွေ အားလုံးရှိသည်။ အဲဒါတွေသွားပေးလို့လည်း မမသီရိရဲ့စိတ်ကို ဘာမှထူးဆန်းအံ့သြစေမှာ မဟုတ်။ ဒီတော့ ဘာပေးရမလဲ ... စဉ်းစားစမ်း ... စဉ်းစားစမ်းကွာ။ ကျွတ် ...။

အဲဒီအချိန်မှာပဲ သူ့မြင်ကွင်းထဲသို့ လမ်းဘေးက သစ်သားဆိုင်းဘုတ်လေးက တိုးဝင်လို့ လာတာဖြစ်သည်။ တစ် လက်စတည်းမှာပဲ သူ့ခြေထောက်ကလည်း ဘရိတ်ကို ဖမ်းနင်း

www.burmeseclassic.com



ပြီးသား ဖြစ်လိုက်ပါသည်။ သစ်သားဆိုင်းဘုတ်လေးဟာ ကနေဒါတို့ အမေရိကားတို့က တောအုပ်ကြီးနားက ခြံဝင်းတွေမှာ တွေ့ရတဲ့ပုံစံမျိုး၊ သစ်သားကို ထွင်းထုပြီးမှ စာလုံးပြန်ဖော်ထားသည့်ပုံစံမျိုး၊ ခြံဝင်းရဲ့ ပြင်ဆင်ပုံ အငွေ့အသက်ကလည်း အဲဒီဥရောပက တောအုပ်ခြံဝင်းများ ဒီဇိုင်းအတိုင်းပါပဲ။ နွယ်ပင်များ တက်နေပုံကအစ။ သူက ကားရပ်ပြီးနောက် စိတ်ဝင်တစားဖြင့် လျှောက်လာခဲ့သည်။

အရင်က ဒီခြံဝင်းကို သူ ဘာလို့ သတိမထားမိတာပါလိမ့်။ အင်းလေ ... သူကလည်း ခုနောက်ပိုင်းမှာ ဒီနေရာကို အသွားအလာ လုပ်ခဲ့တာပဲ။

"FLOWERS FORM HEAVEN

NATURE HOUSE"

ဆိုတဲ့ ဆိုင်းဘုတ်လေးက သူ့ကို တစ်စုံတစ်ရာသော ဆွဲဆောင်မှုမျိုးဖြင့် သူ့ကို ညို့ယူသလို ရှိနေသည်။ ကောင်းကင်ဘုံမှ ပန်းပွင့်များ ဆိုပါလား။ တင်စားချက်ကို သူက သဘောကျသွားသဖြင့် လှစ်ခနဲ ပြုံးမိသည်။ သူက ခြံဝင်းတံခါးနားသို့ အသာတိုးကပ်လာမိသည်။ ခြံဝင်းသံတိုင်တံခါးကလည်း



BURMESE CLASSIC .com



နိုင်ငံခြားက သရဲကားရုပ်ရှင်များတွင် ပါဝင်သည့်အတိုင်း ရှေးဟန်ကျကျ သံတံခါးမျိုးကြီးဖြစ်သည်။

သံတံခါးမှတစ်ဆင့် လှမ်းမြင်နေရသော ခြံထဲက မြင်ကွင်းမှာက လှပ၍ စနစ်တကျ စီတန်းစိုက်ပျိုးထားသော ပန်းပေါင်းစုံ အမျိုးအစားပေါင်းစုံပဲ ဖြစ်ပါသည်။ နှင်းဆီပန်းပွင့်တွေဆိုလျှင် အကြီးကြီးတွေ။ အိုး ... ဒီပန်းတွေကိုသာ မမသီရိကို လက်ဆောင်အဖြစ် ပေးရလျှင် မမသီရိ သိပ်ကြိုက်သွားမှာပေါ့။

သူက အတွေးနဲ့အတူ ကျေနပ်စွာပြုံးရင်း ပန်းများကို ငေးကြည့်နေခိုက်မှာပဲ ...

"အမယ်လေး"

ရုတ်တရက် အသက်ရှုရပ်သွားလောက်အောင် ထိတ်လန့်ရသည့် မျက်နှာကြီးတစ်ခုက သူ့ရှေ့မှာမှ ဘွားခနဲ ပေါ်လာသည်မို့ တော်တော်ကိုပဲ လန့်ဖျပ်သွားရသည်။ ပြီးတော့မှ လူမှန်းသိရလျှင် သူက ရင်ဘတ်ကိုဖိကာ နှလုံးလန့်သွားတာကို မနည်းဖိထားရသည်။ နည်းနည်းအမောပြေကာ ငြိမ်သွားလျှင် သူက ထိုမျက်နှာကြီးထံသို့ ပြန်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



လူစစ်စစ်တော့ လူစစ်စစ်ပါပဲ။ သို့သော် ညမှာသာ တွေ့ရလျှင် သရဲနှင့် ဘာမှမခြားတာ အသက်ထွက်သွားလောက် သည်။ တုတ်ခိုင်ထွားကျိုင်းပြီး သန်မာသော လူကြီးရဲ့မျက်နှာ ပြင်မှာ မီးလောင်ဒဏ်ရာလို နီရဲအရေလဲနေသော ဒဏ်များနှင့် ခေါင်းတုံးပြောင်လို နဖူးထိပ်မှာလည်း ဓားခုတ်ရာလို အနာရွတ် ကြီးက အထင်းသား ရှိနေသေးသည်။ သူက အဲဒါကြီးကို ငေး ကောင်းကောင်းနှင့် ငေးနေတုန်းမှာပဲ ထိုလူကြီးထံမှ အသံထွက် လာသည်။ အားပါး ... အသံကလည်း ရုပ်နှင့်ထူးမခြားနားပါပဲ လား။ အိုးကွဲကြီး တစ်လုံးလို အက်ကွဲတုန်ခါနေသော အသံမျိုး ဖြစ်သည်။

"ဘာကိစ္စလဲ မောင်ရင်"

"ဗျာ ... ဪ ... ဟို ... ဒါက ... ပန်း ... ပန်းဥယျာဉ် လား မသိဘူး ခင်ဗျ"

"ဟုတ် တယ်"

"ဟုတ်လား ...။ ဟို ... ဒါဆိုရင်လေ ... ကျွန်တော် ... ပန်းနည်းနည်းလောက် ဝယ်ချင်လို့ပါ"

"ဒီအတိုင်းတော့ မရဘူးကွ"





"ဗျာ"

သူက ရုပ်ဆိုးကြီးကို နားမလည်စွာ ပြန်ကြည့်မိ သည်။ စေ့စေ့လည်း ကြာကြာမကြည့်ရဲချေ။ ပန်းကိုလည်း ဒီ အတိုင်း မရောင်းဘူးဆိုတော့ ဒေါ်လာနဲ့မှပဲ ရောင်းမလားဟု ထင်ရသည်။

"ပိုင်ရှင်နဲ့ မင်း တွေ့ကြည့်လိုက်လေ။ ပိုင်ရှင်က ရောင်း ချင်တဲ့စိတ်ရှိရင် ရောင်းလိမ့်မယ်"

ဟင် ... ဘယ်လိုကြီးလဲ။ တစ်ခါမှ မကြားဖူးပါ။ စိတ်ရောမှန်ရဲ့လားလည်း မသိ။ အေးပေါ့လေ ... သူဌေးတွေ ဆိုတော့လည်း စီးပွားဖြစ် လုပ်စားချင်မှ လုပ်စားလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ဒီနေရာဟာ စိတ်ဝင်စားစရာ ကောင်းတာတွေနှင့် ပြည့်နှက်နေသည်ဟု သူ ထင်သည်။

"ကောင်းပြီလေ၊ ကျွန်တော် ... တွေ့မယ်"

"ဒါဆို ဝင်"

အဲဒီအပြောနှင့်အတူ ဂျိမ်းခနဲ တံခါးဖွင့်ပေးလိုက် သံက ရင်သိမ့်တုန်စရာ။ သူက ခြံဝင်းအတွင်းသို့ လျှောက်သွားခဲ့ သည်။ ခြံကြီးက အကျယ်ကြီးပါ။ ကျယ်သလောက်လည်း သစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းမန်တွေကို စနစ်တကျ စိုက်ပျိုးထားတာ တွေ့ရသည်။ Green House လေးများကလည်း အစီအရီ။ အရိပ်ရ အပင်ကြီးတွေကလည်း ခြံထဲမှာ အနှံ့ပေါက်နေကြသဖြင့် နေပြောက်မထိုးနိုင်အောင်ပါပဲ။ ခြံဝင်းတစ်ခုလုံးဟာ သစ်ရိပ် ဝါးရိပ်ဖြင့် အေးစိမ့်ကာနေသည်။

မသိရင် ရန်ကုန်မြို့ထဲက ခြံတစ်ခြံနှင့်တောင် မတူ။ အငွေ့အသက်က မက်ဆီကန်တောနက်ထဲတောင် ရောက်သွားသလိုမျိုး ဖြစ်သည်။

"ဘာကိစ္စလဲရှင့်"

ရုတ်တရက် ထွက်လာသောအသံက ကလေးသံလိုလို၊ လူကြီးက နှာခေါင်းသံ ပေါက်နေသလိုလို အသံမျိုးဖြစ်ပြီး သူက လိုက်ရှာနေသော်လည်း မတွေ့။

"ဘယ်ကိုကြည့်နေတာလဲ၊ ကျွန်မက ဒီမှာ ... ဒီမှာ"

ဒီမှာ ... ဒီမှာ ဆိုသောအသံနှင့် ခုန်ဆွ ခုန်ဆွ လုပ်ပြတော့မှ သူ့ခါးလောက်မှာပင် အရပ်အမြင့်ရှိနေသော လူပုမလေးကို တွေ့လိုက်ရတာဖြစ်သည်။ လူက ပုပုသေးသေးလေး။ ညက်စိလေး။ မသိရင် မှင်စာလေးအလား ထင်ရသည်။ ဆံပင်ကို ယယ်





ထိပ်မှာ ကြက်တောင်စည်း စည်းထားကာ ရှင်မီးလိုအကျီလေးနှင့် ယောလုံချည်အနက်လေးကို တွဲဖက်ဝတ်ဆင်ထားပုံက သူ့မျက်လုံးထဲတွင် ထူးခြားဆန်းကြယ်နေသည်။

"အင် ... ဩော် ..."

သူက လူပုမလေးကို ငုံ့ကြည့်ကာ ဘာပြောရမှန်းမသိ ဖြစ်နေသည်။ လူပုမလေးက သူ့ကို ဧည့်သောင်နာနာ ဆိုးဝါးသောအသံဖြင့် မေးသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲရှင့်"

"ဩော် ... ပန်းနည်းနည်းလောက် ဝယ်ချင်တာပါ၊ အဲဒါ"

"ခဏစောင့်နော်၊ မမလေးကို ခေါ်ပေးမယ်"

"အေး ... အေး"

လူပုမလေးက သူ့ကို လှည့်ကြည့် လှည့်ကြည့်ဖြင့် ထွက်ခွာသွားလျှင် သူက ပခုံးတွန့်ရင်း ကျန်ခဲ့သည်။ ဘယ်လိုလူမျိုးတွေနဲ့ တွေ့ကြုံနေရလဲတော့မသိပါ။ ပန်းတစ်ခါဝယ်ဖို့အရေး။ အင်မီဂရေးရှင်း အဆင့်ဆင့်ကို ဖြတ်နေရသေးသည်။ မမလေးဆိုတာလည်း ပဥ္စပါပီလို ရုပ်မျိုးနှင့် ရောက်လာလေဦးမလား။ ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားဖို့တော့ ကောင်းသည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းလိုချင်တာ ရှင်လား"

အဲဒီအသံကတော့ သူ့ရဲ့နောက်ကျောဘက်ဆီမှ ထွက်လာတာမို့ ဒီတစ်ခါတော့ လူပုမလေး မဖြစ်နိုင်ပါ။ ပြီးတော့ အသံ ချိုသာအေး ဖြစ်သည်။ လှည့်ကြည့်လိုက်သောအခါ ... ... အခါ ...။

အဲဒီတစ်ခဏ၌ သူ ဘယ်လိုဖြစ်သွားလဲဆိုတာ သူ့ကိုယ်သူ သတိမပြုမိလိုက်သလို ဖြစ်သွားခဲ့သည်။ သူက မတ်တတ် အတည့်ရပ်နေရာမှ နောက်ကို ခေါင်းငဲ့ကြည့်လိုက်တာမို့ ခန္ဓာကိုယ်က အလိုက်သင့် ထပ်လှည့်ရမှာကို မလှည့်ဖြစ်သေးဘဲ အဲဒီအတိုင်းပဲ still ဖြစ်နေသည်။ သူ မြင်တွေ့လိုက်ရသည်မှာ ချောမောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။ ချောမောလှပတယ် ဆိုရာဝယ် သူ မြင်ဖူးနေကြ ရန်ကုန်မြို့ထဲက အလန်းစားလေးတွေလို မဟုတ်ဘဲ တစ်မျိုးတစ်ဘာသာ ထူးဆန်းသော ရုပ်ရည်ရှိသည့် မိန်းကလေးမျိုးဖြစ်သည်။

အညိုရောင်ဆံနွယ်တွေကို ဦးခေါင်းထိပ်က စတင်ယူ၍ ငါးရိုးကျစ်ဆံမြီး ကျစ်ထားသောအခါ သူမ မျက်နှာရဲ့ မဟာနဖူး၊ က,ကြီးပုံနဖူးဟာ ဂျက်သရေရှိစွာ ရှင်းထွက်နေသည်။





အင်္ကျီဝတ်မထားဘဲ ပဝါတစ်ထည်ကို အပေါ်ပိုင်းမှာ ပတ်ထားပြီး အောက်က ဂျင်း(န်)တစ်ထည်ကိုသာ ဝတ်ထားသည်။ ဘာကြောင့်မှန်းမသိဘဲ ဝတ်ပုံစားပုံမှာ အနည်းငယ် ထူးဆန်းနေသလိုပဲဟု ထင်မိသည်။ အထူးသဖြင့် အင်္ကျီမဝတ်ဘဲ ပဝါတစ်ထည်ကိုပဲ ဝတ်ထားပုံက စတိုင်လ်ကျလှသည်။ ပဝါဆင်ဟာလည်း တော်တော်လှပါသည်။

"အဟမ်း"

သူမက သတိပေးသလိုဖြင့် လည်ချောင်းရှင်းသောအခါမှ သူက သတိဝင်လာသည်။

"ဟုတ် ... ကျွန်တော် ပန်းနည်းနည်း ဝယ်ချင်လို့ပါ"

"မရောင်းဘူး"

"ဗျာ"

သူမရဲ့မျက်လုံးတွေက ရုတ်တရက် ရယ်ရွှင်ရိပ်မြူးသွားသည်ဟု ထင်မိသည်။ နှုတ်ခမ်းများက ရယ်ဟဟ ပွင့်သွားသည်။

သူ့ရဲ့တအံ့တသြ "ဗျာ"ကို ရယ်ချင်သွားတာပဲဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အဲဒီပန်းကို ဘာလုပ်ဖို့ ဝယ်ချင်တာလဲ။ အကြောင်းရင်းကို သိရရင် ကျွန်မ အလကားပေးချင်တဲ့စိတ် ပေါက်လာရင်လည်း အလကားပေးမှာ ...

ပိုက်ဆံနဲ့တော့ မရောင်းဘူး"

သူက အကြံအိုက်လာလျှင် လုပ်တတ်သော ထုံးစံအတိုင်း မျက်ခုံးကို လက်မနှင့် အသာကုတ်မိသည်။ စိတ်ထဲမှာလည်း ရယ်ချင်သလိုလို၊ ခတ်ပဲပျက်လာသလိုလို၊ ကဲ ... ခုမှတော့ မထူးတော့ပြီ။

"ဒီနေ့ ကျွန်တော့်အစ်မရဲ့ မွေးနေ့ပါ။ အဲဒါကြောင့် သူ့ကို လက်ဆောင်ပေးချင်လို့"

"သြော် ... အဲဒီလိုလား။ အင်း ... ရှင့်အစ်မက အသက်ဘယ်လောက်လဲ"

မေးတဲ့ပုံစံ မျက်နှာပေးနှင့် အမူအရာကတော့ စိတ်ဝင်စားစရာ အပြည့်ပါပဲ။ သူမကို မြင်ရတာ နိုင်ငံခြားရုပ်ရှင်ကားတစ်ကားကို ကြည့်နေရတာနှင့် ဆင်တူပါသည်။

"မမက အသက်သုံးဆယ်ပြည့်တာ"





"အိုး ... ပုလဲရတုပေါ့။ ကောင်းတယ် ... ဟုတ်ပြီလေ။ ဒီတော့ နှင်းဆီဖြူတွေချည်း အပွင့်(၃၀) သေချာလုပ်ပေးလိုက်မယ် ...

အိုခေ ... ကဲ ... ခဏထိုင်စောင့်ပါဦး"

သူမက မလှမ်းမကမ်းမှာ ချထားသော သံအဖြူရောင် စားပွဲနှင့် ခုံများကို ညွှန်ပြသည်။ သူနှင့်အတူ သူမကပါ လိုက်၍ လျှောက်လာလေသည်။ ထိုအချိန်မှာပဲ အနားသို့ လူရိပ်တစ်ခုက ရောက်လာသည်။

"ရွှေခေါ ... နှင်းဆီဖြူ အပွင့်(၃၀)ခူးမယ်။ ပန်းစည်းလုပ်ဖို့ လိုအပ်တဲ့ပစ္စည်းတွေ သေသေကို လာပို့ခိုင်းထားလိုက်"

"ဟုတ်ကဲ့ပါ မမလေး"

သူက ရွှေခေါ ဆိုတာကို မျက်လုံးအဝိုင်းသားဖြင့် လိုက်ကြည့်နေမိသည်။ မျက်လုံးပြူးပြူး၊ သွားခေါခေါနှင့် ကောင်လေးသည် ပါးမှာလည်း ကျောက်ပေါက်မာတွေလို အမည်းစက်တွေ အပြည့်။ ဘယ်လိုဖြစ်တာပါလိမ့်။ အိမ်ရှင်က ချောမောလှပတာ Attrection ရှိသလောက် အိမ်ကအလုပ်သမားတွေက ဘာကြောင့် တစ်ယောက်တစ်မျိုးစီ ရုပ်ဆိုးအကျည်းတန်နေကြတာပါလိမ့် စိတ်ဝင်စားစရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာ ကောင်းလား"

ရုတ်တရက် မေးလိုက်သော စကားက သူ့အတွေးထဲကို တိုက်ရိုက်ဖောက်ထုတ် ကြည့်နေသလား မှတ်ရတာမို့ သူက လန့်တောင် လန့်သွားရသည်။ သူမက သူ့ကို ကြည့်လင်တောက်ပသော မျက်လုံးများဖြင့် စိုက်ကြည့်နေသဖြင့် ကြက်သီးတောင် ထချင်သွားသည်။ အဲဒီ မျက်လုံးတွေက အစိမ်းရောင်ဖြစ်လျက် တစ်စုံတစ်ရာကို ညှို့ယူဆွဲခေါ်နေသလိုပဲရှိ၏။

"ဗျာ ... ဘာကိုလဲ"

"ဩော် ... ကျွန်မရဲ့ ဝန်ထမ်းတွေကလေ"

"ဟင် ... အဲ ... မသိပါဘူး"

ဘာပြောရမှန်း မသိသော သူ့ပုံစံကို သူမက နားလည်သလိုဖြင့် တစ်ချက်ပြုံးသည်။ အနီးကပ်ကြည့်တော့မှပဲ သူမရဲ့အသားအရေဟာ ဖြူနုစ်ဝင်းဝါပြီး အတော်လှပတာကိုပါ သတိထားမိသည်။ ဥပမာ ပြောရလျှင် နွားနို့ထဲကို နနွင်းတစ်စက်ချထား ရောထားသလို ဖြူဖြူနုစ်နုစ် ဝါတာတာ အသားအရေမျိုး။

"သူတို့တွေက ရုပ်ဆိုးပေမယ့် နှလုံးလှပါတယ်"





"ဩော်"

"ရုပ်ဆိုးလို့ ခန္ဓာကိုယ်အနေအထားက လူစဉ်မမီလို့ ပတ်ဝန်းကျင်က ကျဉ်ထားတဲ့လူတွေကို ကျွန်မ သနားတယ်။ ပြီးတော့ လောကမှာ ရုပ်ချောတဲ့ လူတွေကသာ ပိုမိုကောက်ကျစ်နိုင်ကြတာ မဟုတ်လား"

ဒါဆို ခင်ဗျားလည်း ကောက်ကျစ်တယ်ပေါ့ ဟူသော စကားကို သူ့စိတ်ထဲမှာသာ သိမ်းထားလိုက်သည်။ ခဏနေတော့ ရွှေခေါ် ဆိုသော တစ်ယောက်က သူမထံသို့ နှင်းဆီဖြူတွေ လာပို့သည်။ ချက်ချင်းပဲ အနားမှာ နှင်းဆီရနံ့တွေ သင်းထုံသွားရသည်။ လူပုမလေးက ပန်းစည်းလုပ်ဖို့ရာအတွက် လိုအပ်သော ပစ္စည်းတွေကို လာပေးပါသည်။

သူမက ကတ်ကြေးတစ်လက်ကို အသုံးပြုကာ သူ့ရှေ့တင်ပဲ ပန်းစည်းတစ်ခုကို သွက်သွက်လက်လက် ဖန်တီးလေသည်။ လက်သည်းဆိုးဆေး မပါရှိသော သဘာဝသွေးရောင်ဖြင့် တောက်ပပြောင်လက်သော လက်အစုံက နှင်းဆီဖြူပန်းစည်းတစ်စည်းကို ကိုင်တွယ်နေပုံမှာ သက်ဝင်ကဗျာတစ်ပုဒ်နှယ် ဖြစ်သည်။ သူကာ အဲဒါကို ငေးကောင်းကောင်းနှင့် ငေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ပန်းတွေကို ငွေကြေးနဲ့ရောင်းတာ မဟုတ်ဘူးလား"

"ဟင့်အင်း … သူတို့တွေကို အဲလို မလုပ်ရက်ဘူး"

သူက ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ သူမကို ကြည့်လိုက်တော့လည်း အေးအေးဆေးဆေးပါပဲ။ ပန်းစည်းအပေါ်တွင် စေတနာအပြည့်ထားကာ လုပ်ဆောင်နေကြောင်း သိသာစေသော ဟန်ပန်အမူအရာများဖြင့် သူ့ကိုလည်း ကြည့်မနေပါ။ ဒီမိန်းကလေး နေထိုင်သော ခြံဝင်း၊ သူမရဲ့သွင်ပြင်လက္ခဏာ စတာတွေဟာ ငွေကြေးကို တစ်စုံတစ်ရာ ထည့်တွက်စရာ မလိုသော ကြေးရတတ် မိန်းကလေးတစ်ယောက်မှန်း သိသာနေပါသည်။

"ဒါဆို ပန်းတွေကို အလကားပေးနေတာပေါ့"

"အင်း … လူတိုင်းကိုလည်း မပေးဘူးလေ။ ခုန ပြောသလိုပေါ့။ ကျွန်မအတွက် ပေးချင်တဲ့ အကြောင်းအရာ ခိုင်လုံမှပေါ့"

နောက်ဆုံး စကားကိုတော့ သူမက သူ့မျက်လုံးထဲသို့ တည့်တည့်စိုက်ကြည့်ကာ မျက်ခုံးတစ်ချက်ပင့်ရင်း ပြောတာ





ဖြစ်သည်။ အဲဒီအကြည့်နှင့် မျက်နှာပေးကြောင့် သူက စကားတစ်ခွန်း လွှတ်ခနဲ ထွက်သွားမိသည်။

"ဒါဆို လာညာတဲ့ သူတွေကျတော့ရော"

"ကျွန်မကို ဘယ်သူက ညာလို့ရမှာလဲ။ (မဲ့ပြုံးဆန်ဆန်ဖြင့်) ဘယ်သူမှ ညာလို့မရဘူး"

အဲဒီအချိန်မှာပဲ ပန်းစည်းက ပြုလုပ်၍ ပြီးသွားပြီ ဖြစ်သည်။ ပန်းဆိုင်က Service ပေးသလို၊ ဖဲကြိုးများနှင့် လှပစွာ စည်းနှောင်ထားသော၊ ဓာနို့နှစ်ရောင်ဖြင့် ထုပ်ပိုးပေးထားသော ပန်းပြင်သည့် လက်ရာမှာ ပရော်ဖက်ရှင်နယ်တစ်ဦးနှယ် သပ်ရပ်အဆင့်မြင့်လှပါသည်။

"ကဲ … ရော့။ Birthday Card ကတော့ ကိုယ့်ဘာသာကိုယ်ပဲ စီစဉ်လိုက်တော့နော်"

"အာ … ရပါတယ်ဗျာ။ ဒီလောက် လုပ်ပေးတာပဲ ကျေးဇူးတင်လှပါပြီ။ ဟို … ဒါ … တကယ်ပဲ ပိုက်ဆံမပေးရတာလား။ ဟို … အားနာလိုက်တာဗျာ …

ကျွန်တော်က အဲဒီလိုကြီး ယူသွားရမှာကို စိတ်ထဲမှာ တစ်မျိုးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့မျက်လုံးထဲသို့ တည့်တည့်စိုက်ကြည့်ကာ ပြုံးသည်။ အဲဒီအပြုံးက သူ့ကို ညို့ယူဖမ်းစားလိုက်သလိုပဲဖြစ်ကာ ရှင်နဲ့ကျွန်မ နောက်တစ်ကြိမ် ဆုံကြဦးမယ်ဟု မျက်လုံးများနှင့် ပြောလိုက်သလိုပဲ ဖြစ်သည်။ နို့နှစ်ရောင်မိန်းကလေးနှင့် သူ့ကြား တွင် ဆက်သွယ်မှု တစ်စုံတစ်ရာ ရရှိသွားသည်ဟု ခံစားရပါသည်။

"ဟို ... ကျေးဇူးပြုပြီး ခင်ဗျားနာမည်လေး သိခွင့်ရှိမလား"

"လီလီ"

"ဗျာ"

"လီလီ လို့ပဲ သိထားပါ"

"သြော် ... ဟုတ်ကဲ့"

နာမည်နဲ့ လူနဲ့ လိုက်သားပဲဟု သူက တွေးနေမိသည်။ သူမကိုကြည့်ရတာ တကယ်ကို လီလီ ပန်းလေးအတိုင်း ပါပဲ။

"ကျွန်တော့်နာမည်လည်း မှတ်ထားပေးပါ။ ဟေမဝန် ... ပါ"

"ကောင်းပြီလေ"





"ဟုတ်ကဲ့ ... ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး။ သြော် ... ပန်းတွေအတွက် ကျေးဇူးတင်ပါတယ်"

"အိုး ... ခေ"

နှုတ်ခမ်းကို ဝိုင်းကာ ပြန်ပြောပုံက တကယ့်ကို ကျက်ဆီကာအယ်လ်ဘာ အလား။ သူက အဲဒီအမူအရာရယ်၊ ပဝါ ပတ်ပြီး ပန်းစည်းထုပ်ပိုးသော ပုံစံရယ်ကို သဘောတကျဖြင့် မှတ်သားကာ ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်သောအခါ မမသီရိ ကို ပေးလိုက်လျှင် အင်မတန် ကျေနပ်သွားသော မျက်ဝန်းများကို မြင်ရသည်။

"Happy Birthday မမသီရိ"

"ဟယ် ... လှလိုက်တာ။ မွှေးလိုက်တာကွယ်။ ဘယ်က ဝယ်လာတာလဲ။ ပန်းတွေက အရမ်း လတ်ဆတ်တာပဲ"

"ပြောပြဘူး ... ဟဲ ဟဲ"

သူ့အပြောကို မမသီရိက မျက်စောင်းလှဲ့လှဲ့ထိုးသည်။ အလကားရလာတဲ့ ပန်းစည်းမှန်းသိရင် မမသီရိ ဘာပြောမှာပါ လိမ့်။ အင်းပေါ့လေ ... အလကားရလာတယ် ဆိုပေမယ့် ဒါဟာ တန်ဖိုးဖြတ်လို့ရတဲ့ အရာတစ်ခုမှ မဟုတ်တာ။ ပိုက်ဆံနဲ့ပေး



www.burmeseclassic.com

www.burmeseclassic.com



ယ်တိုင်းတောင် ရတာမဟုတ်။ သူများ တန်ဖိုးထားပြီး တယုတယ စိုက်ပျိုးထားသော နှင်းဆီဖြူများ။ ဒါတွေကို သူ့အား တယုတယ ထုပ်ပိုးပေးလိုက်သည်။ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ဖို့ ကောင်းပါသည်။

ဘာပဲဖြစ်ဖြစ် မမသီရိ မွေးနေ့မှာ သူ့အတွက် အမှတ်တရတစ်ခုလည်း ဖြစ်ခဲ့သည်။





## ၂

သူ့ရဲ့နားထဲသို့ တယောသံချိုမြမြက စီးဝင်လို့လာလျှင် ဒါဟာ သူ့ကိုနိုးသော နိုးစက်ဆိုတာ သဘောပေါက်နားလည်ရသည်။ မောရစ်သည် အိပ်ရာထက်မှ အနည်းငယ်လူးလွန့်ပြီးနောက် ထလိုက်သည်။ ခုတင်ဘေးက စားပွဲပေါ်မှ ရေချိုင့်ထဲမှ ရေတစ်ဖန်ခွက်ကို အပြည့်အဝ မော့ပြီးတော့မှ ခန်းဆီးလိုက်ကာများကို ဆွဲဖယ်လိုက်သည်။

တွေ့ပါပြီ၊ ဖြူလွှသော ဝတ်စုံဖြင့် တယောတီးကာ အပင်များကြားထဲတွင် ဖြည်းဖြည်းချင်း လျှောက်သွားနေသော သူ့ညီမလေး လီလီ့ကို။ လီလီသည် အပင်များကြားတွင် တယောတီးပြီး လျှောက်သွားတတ်သည်။ ဒါကို လီလီက Stimulate

www.burmeseclassic.com



လုပ်တယ်ဟု ဆိုသေးသည်။ သစ်ပင်ပန်းပင်များကို ဂီတနှင့် နှီးဆွဲခြင်းတဲ့။ ရက္ခဗေဒကျောင်းသူ ညီမလေးဟာ အပင်တွေကို ချစ်တတ်သူတစ်ဦးလည်း ဖြစ်ပါသည်။

သူက မျက်နှာသစ် သန့်စင်ခန်းဝင်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ခဏနေလျှင် ညီမလေးနှင့် နံနက်စာစားဖို့ တွေ့ရမည်။ အောက်ထပ်သို့ သူ ရောက်သွားသောအခါ ခဏနေတော့ လီလီလည်း ရောက်လာသည်။ သူ့ညီမလေး လီလီသည် နာမည်နှင့် လိုက်အောင်ပင် လီလီပန်းလေးကဲ့သို့ ဖြူဖွေးယဉ်သွယ်သူ ဖြစ်သည်။ ယောဂကို စွဲစွဲမြဲမြဲ လေ့ကျင့်ကစားသောကြောင့် လီလီရဲ့ပုံစံနှင့် ကိုယ်နေဟန် သွင်ပြင်မှာ တခြားသူတွေနဲ့ သိပ်မတူဘဲ ဘဲလေးကချေသည်လို နွဲ့နွဲ့နှောင်းနှောင်း ရှိလှသည်။

"မောနင်း ညီမလေး"

"မောနင်း ကိုကြီး"

လီလီက သွက်သွက်လက်လက် နှုတ်ဆက်ကာ သူနဲ့ မျက်နှာချင်းဆိုင်က ကုလားထိုင်မှာ ဝင်ထိုင်သည်။ ဆံထုံးကို ငယ်ထိပ်မှာ တက်ထုံးထားပြီး စံကားဖြူပန်းလေးတစ်ပွင့်ကို ဆံထုံးမှာ ထိုးစိုက်ထားသော လီလီရဲ့ပုံစံက သူ ငယ်ငယ်ကကြည့်





ခဲ့ရဖူးသော တရုတ်သိုင်းကားထဲက မင်းသမီးနှင့် တူနေသည်။ သူက ညီမလေးကို ချစ်မြတ်နိုးစိတ်ဖြင့် ကော်ဖီတစ်ခွက်ငှဲ့ကာ ထည့်ပေးလိုက်လျှင် သိုင်းခရူးဟု ချစ်စဖွယ်ဆိုသည်။

"ကိုကြီးရော စားလေ။ ဒီမှာ ကောက်ညှင်းပေါင်း၊ ညီမလေး သေချာပေါင်းခိုင်းထားတာ"

ဒင်းဆမ်းထည့်သည့် ခွက်မျိုးဖြင့် အငွေ့တထောင်းထောင်း ထနေသော ကောက်ညှင်းပေါင်းကို ထည့်ထားတာ တွေ့ရသည်။ ပဲပြုတ်၊ နှမ်းထောင်း စတာတွေဖြင့် အိမ်မှာသာ စီမံထားသော ကောက်ညှင်းပေါင်း။ အာပြဲခြောက် အချိုကောင် ဖုတ်ထားတာလည်း ပါသေးသည်။ ညီမလေးကတော့ သူ့ Crazy မုန့်ဖုတ်သုပ်ကို စားဖို့ပြင်ဆင်နေသည်။ ကြက်ရိုးဟင်းချို အနံ့မှာ ထမင်းစားခန်းထဲ၌ မွှေးပျံ့နေလေသည်။

"မနေ့က ညီမလေး အလုပ်ဖြစ်တယ်ဆို ၊ "

"ဟား ... ဟား"

သူ့စကားကို လီလီက နှစ်ခြိုက်စွာ ရယ်မောသည်။ သူကတော့ သူ့ရဲ့တစ်ဦးတည်းသော ချစ်ညီမလေး အဲဒီလို ရယ်နွှင်ပြုံးနေလျှင် အလွန်သဘောကျရသည်။ သစ်ပင်ပန်းပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ နေထိုင်ရှင်သန်ရင်း အေးချမ်းလှပနေတာကို မြင်လျှင် သူ တော်တော်စိတ်ချမ်းသာရပါသည်။

"ဟုတ်တယ်မှုလား ညီမလေး"

"အင်း ... ဟုတ်ပါ"

"ဒါဆို ကိုကြီးကို မုန့်ဝယ်ကျွေးရမှာပေါ့"

"အင် ... ညီမလေးက မေတ္တာနဲ့ ပေးလိုက်တာ ကိုကြီးရ"

"ဟော ... ဟုတ်လား"

"အို ... ကိုကြီးကလည်း ဟုတ်လား လုပ်နေပြန်ပြီ။ ညီမလေးက စိတ်ကူးပေါက်ရင် ဒီအတိုင်းပဲ ပေးနေကြဆိုတာ သိရဲ့သားနဲ့"

"ကိုကြီး ပြောချင်တာလည်း အဲဒါပဲလေ။ ညီမလေးက ပန်းတွေကို ရောင်းပါဆိုတော့လည်း မရောင်းဘူး။ စိတ်ကူးပေါက်မှဆိုတော့ တစ်ခါတလေကျ ပန်းတွေက ဒီအတိုင်းပဲ ညှိုးသွားရတာ ဘယ်လောက် နှမြောစရာကောင်းလဲ ...

ပန်းတစ်ပွင့်ရဲ့ ဖြစ်တည်မှုမှာ တစ်စုံတစ်ရာအတွက် အကျိုးမရှိခဲ့ဘူးဆိုရင် အဲဒီ ပန်းလေးအတွက် အခိပ္ပာယ်ရှိပါ့မလား။ သူကရော သူ့ဘဝအတွက် ကျေနပ်ပါ့မလား"





လီလီ့ရဲ့မျက်လုံးတွေက ခေတ္တခဏတော့ တစ်နေရာမှာ ငြိမ်သက်စူးစိုက်သွားကြသည်။ သူ ပြောတာကို ကော်ဖီတစ်ငုံ အော့ရင်း လေးလေးနက်နက် စဉ်းစားနေပုံ ရလေသည်။

"အင်းနော် ... ကိုကြီး ပြောတာလည်း ဟုတ်သလိုလိုပဲ"

"ဟုတ်သလိုလို မဟုတ်ဘူး ညီမလေး။ ဟုတ်ကို ဟုတ်နေတာ။ ညီမလေးက ပန်းအလှပြင်တာလည်း ဒီလောက်တော်နေတာပဲ။ ကိုလိုကြီး Professional မလုပ်ချင်ရင်တောင် ကိုကြီးတို့ရုံးနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေမှာ လိုက်ပြင်စေချင်တယ်"

လီလီ ဘာမှပြန်မပြော။ မုန့်ဖတ်သုပ်ကိုသာ ကော်စားနေသည်။ သို့သော် သူမ တွေးတောနေမှန်း သိသာစေပါသည်။ ငေးနေတော့မှ ...

"ကိုကြီးမှာ လောလောဆယ် Event ရှိလို့လား"

"အင်း ... ရှေ့တစ်ပတ်မှာ ဂျပန်ကလာတဲ့ ဧည့်သည်တွေကို မိတ်ဆုံပွဲလေးတစ်ခု ချက်ထရီယမ်မှာ လုပ်ပေးဖို့ရှိတယ်။ ပွဲသေးလေးပေါ့။ ပွဲသေးလေးပေမယ့် ကိုကြီးက သူတို့ကို အလေးထားမှန်း သိသာစေချင်တယ် ...

ဒါကြောင့် ..."

www.burmeseclassic.com



သူ့စကားတောင် မဆုံးသေး။ လီလီက လက်တစ်ဖက်ထောင်ပြကာ ...

"ဟိုး ... ညီမလေး သိပြီ"

သူက ညီမလေးကို ပြုံးကာ စိုက်ကြည့်နေမိသည်။ သဘာဝသွေးရောင်လွှမ်းနေသော လီလီရဲ့နှုတ်ခမ်းများက အကောင်းဘက်သို့ ဦးတည်ကာ ပြုံးနေကြသည်။ ဒါဆိုရင်တော့ လီလီစိတ်ဝင်စားနေပြီဆိုတာ သိရပါပြီ။ အရည်အချင်းရှိပြီး ထူးချွန်ထက်မြက်သော ညီမလေးကို လူသူကြားထဲ ထဲထဲဝင်ဝင် ရှိစေချင်ပါသည်။ ရက္ခဗေဒဘွဲ့ကို ထိုင်းနိုင်ငံ ဗန်ကောက်တက္ကသိုလ်ကြီးကတောင် ရယူထားခဲ့သော ညီမလေးကို အိမ်တွင်းပုန်းဘဝပဲ မဖြစ်စေချင်ပါ။

"ပန်းအလှပြင်ပေးရမယ်ပေါ့"

"ဒါပေါ့ ညီမလေးရ။ ဂျပန် ပန်းအလှပြင်နည်းတွေလည်း ညီမလေး ကျွမ်းပါတယ်"

"အင်းပါ။ ကိုကြီး အလုပ်ကို ညီမလေး ကူညီပါ့မယ်"

"ဟား ... ဒီလိုမှပေါ့ ညီမလေးရ။ မဟုတ်ရင် ညီမလေးရဲ့ပန်းလေးတွေရော ပညာရော နမြောစရာလေ။ ဟုတ်တယ်မှုလား"





"အဟင်း ... ထားပါတော့လေ၊ ညီမလေးကတော့ ကိုယ်စိတ်ချမ်းသာမယ်ဆိုရင် အရာအားလုံး အဓိပ္ပာယ်ရှိတယ်လို့ ထင်တယ် ...

ကိုယ်တင်မကဘဲ တခြားသူကပါ စိတ်ချမ်းသာရမယ် ဆိုရင်တော့ ပိုအဓိပ္ပာယ်ရှိတယ် ထင်လို့၊ ကိုကြီးစကားကို အသိအမှတ် ပြုလိုက်တာ"

"အိုခေပေါ့ကွာ၊ ဒါဆိုရင်တော့ ဒီနံနက်ခင်းက မင်္ဂလာရှိသော နံနက်ခင်းပေါ့၊ ကဲ ... ကိုကြီး ရုံးသွားတော့မယ်။ ညီမလေး ဘာမှာဦးမလဲ"

"ဟင့်အင်း ကိုကြီး"

"အိုခေ ညီမလေး။ ဒါဆို ရှေ့တစ်ပတ် Monday အတွက် ပန်းကိစ္စကို စိတ်ချထားလိုက်တော့မယ်နော်"

လီလီက သူ့ကို ပြန်မဖြေတော့ဘဲ လက်ညှိုးနှင့်လက်မကိုသာ အိုခေသင်္ကေတနှင့် ဝိုင်းပြသည်။ ဒီလောက်ဆိုလျှင် သူ့အတွက် စိတ်ချရပါပြီ။

• ○ •



www.burmeseclassic.com

www.burmeseclassic.com



၃

ဟေမဝန်သည် ချက်ထရီယမ် ဟိုတယ်မှာ ညှေ့သည် တစ်ယောက်နှင့် လာတွေ့တာဖြစ်သည်။ ဒါကြောင့် ကားပါကင်မှာ ပါကင်ထိုးစဉ်၌ သူ့ဘေးမှာ အခြားကားတစ်စီးကလည်း လာ၍ နေရာယူသည်။ သူကလည်း ကားပေါ်ကအဆင်း တစ်ဖက်ကလည်း ကားတံခါးဖွင့်ပြီး ဆင်းလာတဲ့အခိုက် အမှတ်တမဲ့ ကြည့်မိသွားရာတွင် ဟင်ခနဲ ငေးခနဲပဲ ဖြစ်သွားလေသည်။

လီလီ ...။ အဲဒီနာမည်က သူ့ရင်ထဲတွင် တောတောင်တွေဆီက ပျံ့နှံ့လာသလို ပဲ့တင်ထပ်ပြီး မြည်ဟည်းသွားသည်။ အပြင်ဘက် သူ့နှုတ်ခမ်းကတော့ ထွက်မလာမိချေ။ သူ့မြင်ကွင်းထဲသို့ လီလီ့ရဲ့ပုံရိပ်က Slow motion ပြသလို ဝင်ရောက်





လာသည်။ သူ စတွေ့ဖူးတဲ့ အချိန်တုန်းကလိုပဲ ကျစ်ဆံမြီးဆံထုံးက ခပ်ပွပွလေးရှိကာ သူမရဲ့ပုံစံကို သီးခြားထွက်စေသည်။ ဒီတစ်ခါလည်း ပုဝါခြုံထားတာပါပဲ။ အောက်က ကြိုးတစ်ချောင်းအင်္ကျီလို ကိုယ်ကပ်အနက်ရောင်လေး ပါလိမ့်မည်။ ဒါပေမဲ့ သူမတကယ်ဦးစားပေးတာက အပေါ်က ခြုံလွှမ်းထားသော ပဝါပဲ။ ကြက်သွေးရောင် ခပ်လွှမ်းလွှမ်း ပဝါက အပေါ်က အောက်က ယိုးဒယားမတွေ ဝတ်သလို ခါးမှာ ကြိုးချည်ပြီး ပတ်ဝတ်ရသည့် ရှမ်းဘောင်းဘီလို ဘောင်းဘီမျိုးဖြင့် သူမက သူများနဲ့မတူ တစ်မူ တွဲထွက်နေသည်။

"လီလီ"

သူ့ကို ဂရုပင်မထားမိဘဲ ထွက်သွားတော့မည့် သူမကို သူက အလန့်တကြား လှမ်းခေါ်မိသည်။ ဒီတော့မှ လီလီသည် သူ့ကို ဇဝေဇဝါရှာဖွေသလိုဖြင့် (နီးနီးလေးမှာ ရှိနေတာတောင်) မြင်သွားလေသည်။ သူက လက်လှမ်းပြလိုက်ကာ သူမဆီသို့ လျှောက်သွားလိုက်သည်။ မထင်မှတ်ဘဲ ဆုံတွေ့ရသဖြင့် အလွန်အခင်း ဝမ်းသာရိပ်များက သူ့မျက်နှာတွင် မဖုံးနိုင် မဖိနိုင် ပေါ်လွင်နေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပါးစပ်အဖြဲသား ပြုံးရယ်ပြနေသောကြောင့် သူမကလည်း ပြုံးပြလာသည်။

"ကျွန်တော့်ကို မှတ်မိတယ် မဟုတ်လား"

"ကျွန်မက IQ 200 ရှင့်"

သူမေးသော မေးခွန်းကို နောက်တာလား၊ အတည်လား တိုက်ရိုက်ပြန်မဖြေတာကြောင့် သူက မျက်ခုံးကို လက်နှင့် အသာကုတ်ကာ ရယ်မိသည်။

"ဒါဆို ကျွန်တော့်နာမည် ဘယ်သူလဲ"

"ဟေမဝန်လေ၊ ရှင် အဲဒီနေ့က ခဲရောင်စပို့ရှပ်နဲ့ ဂျင်း(န်) ဘောင်းဘီ ဝတ်လာတယ်။ ဟုတ်တယ် မဟုတ်လား"

"ဟက် ... ကျွန်တော်တောင် ကိုယ့်ကိုယ်ကိုယ် ဘာဝတ်ခဲ့မှန်း ပြန်မမှတ်မိတော့ပါဘူး။ ဖြစ်နိုင်ပါတယ် လီလီက IQ 200 ဆိုတာ"

"ဟင် ... ဘာလဲ ? ရှင်က ကျွန်မ လျှောက်ပြောတယ် ထင်နေတာလား။ ကျွန်မက တကယ်ပြောနေတာ။ ကျွန်မ ဗန်ကောက်မှာ ကျောင်းတက်တုန်းက ကျွန်မ IQ ကို စစ်ကြည့်ပြီးသား၊ တကယ် 200 ပဲ"





သူ ဘာမှမပြောနိုင်ဘဲ ပခုံးတွန့်ပြလိုက်ရသည်။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ၊ သူမ ဉာဏ်ကောင်းတော့လည်း သူ့အတွက်ချည်းပဲ မဟုတ်လား။ ဒီလို တွေးမိတော့ ကိုယ့်ဘာသာ ပြုံးချင်သွားပြန်သည်။

"အခု ဒီကို အလုပ်ကိစ္စနဲ့ လာတာလား"

"အင်း ... ဆိုပါတော့"

"ဟုတ်လား ... အင်း ...၊ ကျွန်တော်လည်း ညှိသည်တစ်ယောက်ကို လာတွေ့တာ၊ ကျွန်တော် လီလီ့ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့တုန်း ကော်ဖီလေးလောက်တော့ တိုက်ချင်တယ်"

"ဘာလဲ ... တစ်နေ့က ပန်းအတွက် ပြန်တိုက်ချင်တဲ့ သဘောလား"

"အာ ... အဲလို မဟုတ်ပါဘူး။ ကျွန်တော် ဒီလိုပဲ တိုက်ချင်တာပါ"

"အဟင်း ... ဒါပေမဲ့ ရှင့်မှာ အလုပ်ကိစ္စ ရှိနေတယ်လေ"

"ကျွန်တော့်အလုပ်ကိစ္စက တစ်နာရီလောက်ပါပဲ။ လီလီ တရော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဒီမှာ ပန်းလာပြင်တာ"

"ဗျာ ... သြော် ... ဟုတ်လား။ ဒါဆို ဒီမှာ ရှိနေဦးမယ့်သဘောပေါ့။ ဟား ... ဒါဆို နေ့လယ်စာတောင် စားလို့ရတာပဲ ...

အိုခေ ... ကျွန်တော် နေ့လယ်စာ ကျွေးချင်တယ် ဖြစ်မလားဟင်"

သူမက လက်ကနာရီကို တစ်ချက်ကြည့်သည်။ စိန်စီထားသော Rolex နာရီ ဖြစ်သဖြင့် သူပင် မျှားသွားရပါသည်။ သူမကတော့ နာရီကိုကြည့်ပြီး ခပ်အေးအေးပဲ ပြန်ပြောသည်။

"ကောင်းပြီလေ။ ကျွန်မ ဆယ့်နှစ်နာရီတိတိမှာ အလုပ်ပြီးမယ်။ အဲဒီအချိန်အထိ ရှင် ရှိနေသေးတယ် ဆိုရင်တော့ စားတာပေါ့"

"သြော် ... ရှိမှာပါ။ ကျွန်တော်က ဆယ့်တစ်ကျော်လောက်ဆို ပြီးပြီလေ။ လီလီ Ballroom ထဲမှာ ရှိနေမှာ မဟုတ်လား။ ကျွန်တော် လာခဲ့ပါမယ်"





သူမက ကောင်းပြီဟူသော သဘောနှင့် မျက်ခုံးတစ်ချက်ဆတ်ပြကာ ထွက်သွားသည်။ သူကလည်း ညှော်သည်နှင့်ချိန်းထားတာမို့ နောက်ကနေ၍ ထွက်လာခဲ့သည်။ အလုပ်ကိစ္စမှာ အခြေအတင် စကားပြောပြီးသောအခါ နာရီကြည့်လိုက်လျှင် ဆယ့်တစ်နာရီတောင် ခွဲတော့မည်။ သူမ ရှိနေမည့် Ballroom သို့ လိုက်သွားလျှင် တွေ့ပါပြီ။ စိတ်ပါဝင်စားစွာဖြင့် ပန်းအလှပြင်နေသော ပန်းကဲ့သို့ နူးညံ့လှပသော လီလီ့ကို။

"လီလီ"

အနားသို့ မရောက်တရောက်၌ ခေါ်လိုက်လျှင် သူမက မော့ကြည့်သည်။ မျက်ဝန်းများက ရောက်လာပြီလားဟု အသိအမှတ်ပြုသလို နှုတ်ဆက်သည်။ ပြီးတော့ လုပ်လက်စကို ဖြန့်လည်းအာရုံစိုက်နေသဖြင့် သူက နှောင့်ယှက်သလို ဖြစ်မှာစိုးတာ ခပ်လှမ်းလှမ်းက ခုံတစ်လုံးမှာ သွားထိုင်လိုက်ရင်း သူမရဲ့လှုပ်ရှားမှုကို ငေးမောကြည့်ရှု နေမိပါသည်။

သူမဟာ ပဝါကို ခန္ဓာကိုယ်ပေါ်မှာ အကျီဝတ်သလို ဒုံစံမျိုးစုံနှင့် ပတ်တတ်သူ ဖြစ်နိုင်သည်။ အခုလည်း အလုပ်လုပ်ရမယ် ဆိုသောအခါ တွေ့ခါစကလို လွှမ်းထားတာမျိုး မဟုတ်

www.burmeseclassic.com



တော့ဘဲ ပဝါကို အကျီပုံစံမျိုးဖြစ်အောင် သိုင်းယှက်ချည်နှောင်ထားသည်။ ဒါကြောင့် သူမပုံစံက အခြားမိန်းကလေးတွေနဲ့ ဘာမှမဆိုင်ဘဲ ကွဲထွက်နေပါသည်။ သူမ ပန်းအလှပြင်နေတဲ့ပုံစံက တကယ့်ကို အနုပညာတစ်ခုအား ဖန်တီးနေသလို လက်ရာမြောက်လှသည်။ ပန်းထိုးတဲ့ပုံစံမှာ သူ သိရသလောက်ဆိုလျှင် ဂျပန်ပုံစံဘက်သို့ သွားသည်ဟု ထင်ပါသည်။

သူ ငေးနေတာ ဘယ်လောက်ကြာသွားလဲတော့ မသိချေ။ သူမက အနားသို့ ရောက်လာတော့မှပဲ သူက ခါးတော်တော်ညောင်းနေပြီမှန်း သတိပြုမိရသည်။

"ဗိုက်ဆာနေပြီလားရှင့်။ ဆယ့်နှစ်နာရီတောင် ခွဲသွားပြီ"

ချိုသာသောအပြုံးနှင့် မေးဆတ်ပြီး မေးလိုက်ပုံက ဆာသလိုသလိုရှိတဲ့ ဗိုက်ကိုတောင် မဆာစေတော့ဘူးဟု ထင်ပါသည်။

"မဆာပါဘူး၊ တစ်ခါတလေ အလုပ်မအားရင် နေ့လယ်မှ စားရတာမျိုးတွေတောင်ရှိတာပဲ။ လီလီ ဘာစားချင်လဲ ... ဒီမှာ စားမလား"

"ဟင့်အင်း"





"ဒါဆို ဘယ်ဆိုင်မှာ စားချင်လဲ။ အင်း ... ဒီနား နီးနီးနားနားဆို ဘယ်ဆိုင်ကောင်းမလဲ"

သူက မေးသလိုလိုနှင့် သူ့ဟာသူလည်း စဉ်းစားလိုက်သည်။ သူမကပဲ ဆုံးဖြတ်ပေးလိုက်ပါသည်။

"Signature"

"ဟာ ... ဟုတ်သားပဲ။ အဲဒီဆိုင်လေးက ထိုင်လို့ကောင်းတယ်။ အိုခေ ... သွားကြမယ်လေ။ လီလီ ဒီကို ပြန်လာစရာ လိုသေးလား"

"မလိုတော့ဘူး။ ကျွန်မ ကားနဲ့ပဲ ကျွန်မသပ်သပ်သွားမှာပါ"

သူမ မောင်းသွားသော ကားကြီးမှာ အမည်းရောင် Lexcus ကားကြီး ဖြစ်သဖြင့် သူ ထပ်မံဖျားသွားရပြန်သည်။ အခုနကတော့ သူမကို တွေ့လိုက်စဉ်က လူကိုပဲ ဂရုထားမိပြီး ကားကိုတော့ အမှတ်တမဲ့ပဲလေ။ အခုမှ သေချာသတိထားမိသွားခြင်းဖြစ်သည်။ ကားဈေးတွေ မကျခင်က သိန်းထောင်ကျော်တန်မဟုတ်ဘဲ၊ ယခု ကားဈေးကျအပြီး လက်ရှိ ကားကောင်းကောင်းတစ်စီးကို သိန်းနှစ်ရာလောက်ပေးလျှင် လန်ပျံနေအောင်ရသော



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာကို သိမ်းနှစ်ထောင်နီးပါးရှိသော ကားကို သူမကစီးနေခြင်းဖြစ်သည်။

သိပ်တောက်တောက်ပပ ဖြစ်အောင် မနေပါဘဲနှင့်ကို သူမ ပတ်သောနာရီ၊ သူမ စီးသောကားကို ကြည့်ရုံနှင့် လီလီရဲ့ကြွယ်ဝမှုကို မှန်းဆနိုင်လေသည်။ ပြီးတော့ ကျယ်ဝန်းသော ခြံကြီးထဲမှာ စိုက်ပျိုးထားသော ပန်းမျိုးစုံ၊ သစ်ခွမျိုးစုံ၊ အဲဒီခြံကြီးရဲ့ တန်ဖိုးကလည်း မှန်းတောင် မမှန်းဆရဲ။ ဒါပေမဲ့ လီလီက ပန်းအလှပြင်တဲ့သူတစ်ယောက် ဖြစ်နေတာကတော့ အနည်းငယ် စဉ်းစားဖို့ ကောင်းလေသည်။

Signature သို့ရောက်လျှင် သူမက ထောပတ်ထမင်းကို မှာစားလေသည်။ သူကတော့ ထွေထွေထူးထူး စားဖို့တောင် သတိမရဘဲ ထမင်းကြော်ကိုသာ မှာလိုက်သည်။ လီလီကိုကြည့်လိုက် ပြုံးပြလိုက်ဖြင့် ဘာပြောရမှန်းမသိ ဖြစ်နေသော သူ့ကို လီလီက သိနေသလိုဖြင့် ပြန်လည်ပြုံးပြလာကာ ...

"ခုဆို ကျွန်မတို့က မိတ်ဆွေတွေပေါ့နော် ... ဟုတ်လား"

"ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲ။ လီလီက ကျွန်တော့်ကို မိတ်ဆွေအဖြစ် မသတ်မှတ်ချင်လို့လား"





"မဟုတ်ပါဘူး။ မိတ်ဆွေဆိုရင် တစ်ယောက်အကြောင်း တစ်ယောက် နည်းနည်းပါးပါး သိကြရမယ်လေ။ အဲဒါကြောင့်"

"သြော် ... ဟုတ်သားပဲ။ လီလီက ကျွန်တော့်နာမည်ကလွဲလို့ ဘာမှမသိသေးဘူးပဲ။ ကျွန်တော်က သုဝဏ္ဏမှာနေတယ်။ မိသားစုကုမ္ပဏီမှာပဲ အလုပ်လုပ်ပေးနေတာ ...

မိဘတွေက ဆုံးသွားကြပြီ။ ကျွန်တော့်မှာ အစ်မတစ်ယောက်ရှိတယ်။ နောက် ညီတစ်ယောက်ရှိတယ်။ ရွယ်တူညီပေါ့။ ကျွန်တော့်အကြောင်းက သိပ်ထူးထူးခြားခြား စိတ်ဝင်စားစရာ မရှိပါဘူး"

"ကျွန်မအကြောင်းကတော့ စိတ်ဝင်စားစရာ ရှိတယ်ပေါ့လေ"

"ကျွန်တော်ကတော့ စိတ်ဝင်စားတယ်"

သူ့အပြောကို လီလီက ဟုတ်လား ဟူသော ပုံစံ [illegible] မျက်ခုံးပင့်ကြည့်သည်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ် [illegible] ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင်နဲ့ လီလီနဲ့က အဖြစ်ချင်း တူတာပေါ့၊ လီလီ့မှာလည်း မိဘတွေ မရှိကြတော့ဘူး။ လီလီ့ အစ်ကိုကြီး တစ်ယောက်ပဲ ရှိတယ်"

"ဟင် ... ဟုတ်လား။ ဩော် ... တိုက်ဆိုင်လိုက်တာ လီလီရယ်"

သူမက ဘာမှမပြောဘဲ ထောပတ်ထမင်းကို ဖြည်းဖြည်းချင်း စားနေသည်။ တကယ်တော့ သူ သိချင်တာ အ လောက် မဟုတ်။ လီလီ့ရဲ့ ကိုယ်ရေးကိုယ်တာ အသေးအမွှား တွေကအစ သိချင်နေတော့တာလေ။ အထူးသဖြင့် ဘယ်သူနဲ့ မတူဘဲ ကွဲထွက်နေတဲ့ လီလီရဲ့စရိုက်လ်၊ လီလီရဲ့ဒီဇိုင်း စ တွေကို သူက အလွန်အမင်း အသည်းအသန် စိတ်ဝင်စားနေ သည်။

"လီလီ ကျောင်းပြီးရောပေါ့"

"လူကို နုတယ်လို့ ထင်တာလား။ စာညံ့လောက်တဲ့ လို့ ထင်တာလား၊ ဒါမှမဟုတ် ဘာနဲ့ဘွဲ့ရတာလဲ ဆို ကို သွယ်ဝိုက်ပြီး မေးတာလား"





"ဟား ဟား ... အပေါ်က နှစ်ခုလုံး မဟုတ်ဘူး။ အဲလို မဟုတ်ပါဘူး"

"ဒါဖြင့်ရင် နောက်ဆုံးပြောတဲ့ဟာကတော့ ဟုတ်တယ် ပေါ့"

သူ တစ်ခုခု ပြန်ပြောမည် အပြုမှာပဲ သူမ မျက်လုံး တွေ အရောင်နည်းနည်း ပြောင်းသွားတာ သတိပြုမိလိုက်သည်။

"ရှင် ဘာလို့ အဲဒီလို သွယ်ဝိုက်ပြီး မေးရတာလဲ။ သိချင် တာကို ပေါ်တင်မေးပါလား။ ရှင့်ကို တစ်ခု ပြောထားမယ် နော် ...

ကျွန်မက လူတစ်ယောက်ကို ရိုးသားမှုအပေါ်မှာပဲ အခြေခံပြီး အပေါင်းအသင်းလုပ်တယ်။ ကျွန်မစိတ်ထဲမှာ အဲဒီလူတစ်ယောက်က မရိုးသားတော့ဘူးထင်ရင် လှည့် မကြည့်တော့ဘူး"

အဲဒီအပြောကို သူ ဖျားသွားပါသည်။ တကယ့် ရွှေယ်ကြောလေးပဲဟု သဘောပေါက်လိုက်ရသည်။ ချက်ချင်းပဲ ခေါင်းညိတ်ပြလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ... ကျွန်တော်က မရိုးသားတာ မဟုတ်ပါဘူး။ တစ်ခါတလေတော့လည်း လူ့ဘောင်အဖွဲ့အစည်းတွင်းမှာ နေထိုင်သူတွေအဖို့ တိုက်ရိုက်မေးလို့ မရတဲ့အနေအထား မျိုးတွေ ရှိတတ်တယ်လေ"

"အဲဒါ ပြောတာပေါ့"

သူ့စကားတောင် မဆုံးသေး။ ရုတ်တရက် ထအော် လိုက်သော သူမရဲ့အသံကြောင့် သူတောင် လန့်ဖျပ်သွားရသည်။ သူမကတော့ ခပ်အေးအေးပင် ယုံကြည်ရာကို ဆက်ပြောသည်။

"ကျွန်မက အဲဒီဘောင်တွေထဲကနေ လွတ်တယ်နော်။ ကျွန်မက လူ့ဘောင်အသိုင်းဝန်းထဲကို အဲဒီလို ဟန်ဆောင် မှုတွေ များလွန်းလို့ကို မဝင်ချင်တာ။ အဲဒီလို ဟန်ဆောင် ရတာတွေ ကျွန်မ အရမ်းမုန်းတယ်"

ပြောရင်းနဲ့ တကယ်ကို ရှူးရှူးရှားရှား ဖြစ်လာသော ကြောင့် သူက ကမန်းကတန်း လက်ကာပြရသည်။

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ အဲလို ဖြစ်သွားရင် ဆောရီးပါ။ ဒါဆိုရင် ကျွန်တော်က လီလီနဲ့ စကားပြော တိုင်း ရင်ထဲရှိတာကိုပဲ ရိုးရိုးသားသား အရှိအတိုင်း ပြော ရမယ်ပေါ့နော်"





သူက သူ့အမိမွှာယ်နှင့်သူ ပြောသလို လီလီကလည်း ဘာကိုယုံကြည်ထားလဲတော့ မသိပေ။ ခေါင်းကို ဆတ်ခနဲညိတ် ပြသည်။

"အိုခေလေ ... ဒါဆို လီလို့ စိတ်နေသဘောထားကို သိရ ပြီပဲ။ ကျွန်တော် စိတ်ထဲရှိတဲ့အတိုင်းပဲ ဆက်ဆံတော့မယ်"

သူမက ဆက်လုပ်ပါဟူသော သဘောနှင့် လက် ဝါးတစ်ဖက်ကိုဖြန့်ကာ ရှေ့သို့တွန်းပြသည့် စတိုင်လ်က အမိုက် စားပါပဲ။ လီလီဟာ သူ တွေ့ဖူးသမျှ မိန်းကလေးတို့ထဲတွင် စိတ်ဝင်စားစရာ အကောင်းဆုံးဆိုတာ တစ်ခါတွေ့ တစ်ခါသိလာ လေပါပဲ။

"ပြောပါဦး ... လီလီက ဘာနဲ့ကျောင်းပြီးတာလဲ"

"ရုက္ခဗေဒနဲ့။ ဗန်ကောက်မှာ တက်ခဲ့တာ"

"ဟုတ်လား ... လီလီက ပန်းတွေ အပင်တွေကို တော် တော်ဝါသနာပါတယ်နဲ့ တူတယ်နော်"

"အင်း ... ပါတယ်။ ကျွန်မ အပင်တွေ၊ အင်းဆက်တွေ ကို စိတ်ဝင်စားတယ်။ အထူးသဖြင့် ပန်းတွေပေါ့။ ပန်း တွေကို အရမ်းချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပြောတဲ့ အခိုက်မှာတော့ လီလီ့ မျက်လုံးလေးတွေက သောကြာကြယ်လို တောက်ပရွှန်းလက်လို့ နေခဲ့ပါသည်။ အဲဒီနေ့က ထမင်းကြော်တစ်ပွဲက ဘယ်လိုကုန်လို့ ကုန်သွားမှန်းမသိဘဲ လီလီ့ရဲ့မျက်နှာမှာသာ သူ့မျက်လုံးတို့ ငေးစိုက်နေခဲ့သည်။ ရိုးရိုးသားသား ဖွင့်ပြောတောင်းခံခဲ့၍ လီလီ့ရဲ့ဖုန်းနံပါတ်ကိုလည်း ရရှိခဲ့သည်။ ကားပေါ်တက်ခါနီး မျက်နှာလွှဲသွားပြီးမှ လည်ပင်းလေးလည်ကာ ခြသေ့လည်ပြန် ကြည့်ပုံသည် သူ့အိပ်မက်ထဲထိ ရောက်လာတော့မည့် အကြည့်တို့ပဲ ဖြစ်တော့သည်။

လီလီ စိုက်ပျိုးခဲ့သော ပန်းလေးတစ်ပွင့်သည် သူ့ရင်ဘတ်ထဲမှာ လာရောက်ပွင့်နေပါသည်။





## ၄

လီလီသည် ရင်ခုန်စွာဖြင့် သစ်ခွအိမ်၏ တံခါးကို ဖြည်းဖြည်းချင်း ဖွင့်လိုက်မိသည်။ လီလီ မျိုးစပ်ထားသော သစ်ခွသစ်တစ်မျိုးသည် ဒီနေ့မှာ အပွင့်ပွင့်မည် ဖြစ်သည်။ ဘယ်လိုပုံစံ ဖြစ်နေမလဲ လီလီ စိတ်ကူးမျှော်မှန်းထားသည့်ပုံစံ ဖြစ်နေပါ့မလား စသော အတွေးများနှင့် ချောင်းကြည့်သူတစ်ယောက်လို သစ်ခွအိမ်ထဲသို့ ဝင်လာခဲ့သည်။ သင့်တင့်မျှတသော ရာသီဥတုရအောင် တမင်ဖန်တီး တည်ဆောက်ထားရသော သစ်ခွအိမ်ထဲ၌ သစ်ခွမျိုးစုံတို့က အလှပဆုံး အနေအထားဖြင့် ဖူးပွင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော… တွေ့ပါပြီ။ လီလီ တွေ့ချင်သော ရွှေသစ်ခွ။ တိတိကျကျ ပြောရလျှင် ရွှေကျားသစ် သစ်ခွသည် အလှပဆုံး အနေအထားဖြင့် ဖူးပွင့်နေလျှင် မျက်လုံးပြူးလောက်အောင် ထိတ်လန့်ဝမ်းသာသွားသည်။ “အား”ခနဲတောင် အော်မိတဲ့အထိ ပါပဲ။ တစ်ယောက်တည်း အသံထွက်အောင် ရယ်မောရင်း ကိုယ်ကို သုံးလေးပတ် လှည့်ပတ်မိသည်။ အောင်မြင်ပြီး … အို … ဒီအကြောင်းကို ကျောင်းကဆရာတွေသိရင် ဘယ်လောက်ချီးကျူးကြမလဲ။

ဒီအောင်မြင်မှုကို ဘယ်သူ့ကို ဝေမှရင် ကောင်းမလဲ။ လီလီက အသင့်ပါလာသော ဖုန်းဖြင့် ရွှေကျားသစ် သစ်ခွကို ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ယူလိုက်သည်။ ပြီးတော့ သစ်ခွအိမ်ထဲမှ ဝမ်းသာအားရပြေးထွက်လာလျှင် အနားမှာ သန့်ရှင်းရေးလုပ်နေသည့် ဦးနက်ကြီးကိုတောင် ဝင်တိုက်မိသွားသေးသည်။

“အာ … ဆောရီး … ဦးနက်ကြီးရေ … ဆောရီး”

ဦးနက်ကြီးကတော့ လီလီ့ကို ဘယ်တုန်းမှ မြွေဖယ ခဲ့သူပီပီ ပြုံးပြုံးကြီးခေါင်းယမ်းကာ ကျန်ရစ်ခဲ့သည်။ လီလီက အိမ်အပေါ်ထပ်သို့ ပြေးတက်လာရင်း ချက်ချင်းပဲ ကွန်ပျူတာထိုင်





ဖွင့်ကာ လီလီတို့ တက္ကသိုလ်ရဲ့ဌာနသို့ ဓာတ်ပုံနှင့်အတူ အီးမေးလ် တစ်စောင် ပို့လိုက်လေသည်။ နောက် ဘယ်သူ့ကို ထပ်ပြောရမလဲ။ ကိုကြီးဆီ …။ ချက်ချင်းပဲ ကိုကြီးရဲ့ဖုန်းကို ကောက်ဆက်လိုက်သည်။ ကိုကြီးက ဖုန်းမကိုင်ချေ။

လီလီက ဟင်းခနဲ တစ်ချက်နှာခေါင်းရှုံ့ကာ ဖုန်းကိုကိုင်ရင်း လမ်းလျှောက်နေမိသည်။ ဘယ်သူ့ကို ပြောရမလဲနော်။ တစ်ယောက်ယောက် … ? … တစ်ယောက်ယောက်ကို အရမ်းပြောပြချင်တာပဲ။ ဒါပေမဲ့ အခုလောလောဆယ်မှာ ကိုယ်ပြောပြချင်တဲ့ လူတွေက အနားမှာ ရှိမနေချေ။ ကိုကြီးကလည်း ဖုန်းမကိုင်။ ထိုအခိုက်တွင် လီလီ့ရဲ့အာရုံထဲ၌ တစ်စုံတစ်ယောက်က ဖျတ်ခနဲ တိုးဝင်လာသည်။

အရှည်တဖျပ်ဖျပ် လက်နေသော မျက်လုံးများဖြင့် လီလီ့ကို ရွှန်းရွှန်းစားစား ကြည့်တတ်သူ၊ တွေ့လိုက်လျှင် အမြဲတမ်း ရှင်းသန့် သပ်ရပ်နေတတ်သူ၊ အဲဒီလူတစ်ယောက်ကတော့ ဖြင့် လီလီ့ အောင်မြင်မှုကို မျှဝေခံစားပေးနိုင်မလား၊ အာ … ငါ ဘာလို့ သူ့ကို သတိရမိသွားတာပါလိမ့်။ သူ့ကို လီလီက အတွေးထဲမှ ချက်ချင်းပဲ ဖယ်ထုတ်ပစ်လိုက်သည်။ သို့သော် ထူး



www.burmeseclassic.com

www.burmeseclassic.com



ဆန်းအံ့သြစရာကောင်းတာ တစ်ခုကို ကြုံလိုက်ရလေသည်။ အဲဒါကတော့ ဖုန်း Ring Tone သံနှင့်အတူ Display ပေါ်မှာ ပေါ်လာသည့် နံပါတ်က လီလီ သိထားသော သူ့နံပါတ်ပါပဲ။

သူ့ဖုန်းနံပါတ်ကို Contacts ထဲမှာ ထည့်မှတ်မထားပေမယ့် ဦးနှောက်ထဲမှာ စွဲမြဲစွာ မှတ်မိတာဟာ လီလီရဲ့မာစတာဘာရိန်းကြောင့်ပါပဲ။ လီလီက ကြည်ကြည်နူးနူး ပြုံးမိရင်း ဖုန်းကို ဖွင့်လိုက်သည်။

"လီလီ ... ကျွန်တော် ဟေမဝန်ပါ"

"ဟုတ်ကဲ့ ... ကျွန်မ သိပါတယ်"

"လီလီ အဆင်ပြေလား၊ အလုပ်ရှုပ်နေလား"

"ဟင့်အင်း ... ကျွန်မ ပျော်နေတာ"

"ပျော်နေတာ ... ! "

သူက လီလီရဲ့စကားကို သံယောင်လိုက်ပြီး ရှုတ်သည်။

"ဟုတ်တယ် ... ဒီနေ့ ကျွန်မ မျိုးစပ်ထားတဲ့ ရှားပါးသစ်ခွတစ်မျိုး ပွင့်တယ်လေ။ ဗန်ကောက်က ကျွန်မဌာနဆိုတောင် ခာတ်ပုံနဲ့ အီးမေးလ်ပို့ပြီးပြီ ...





အဲဒီအတွက် ကျွန်မ တအားပျော်နေတာ"

"ဟာ ... ဟုတ်လား။ ဘာပဲဖြစ်ဖြစ် Congratulation ပါ လီလီ။ ဝမ်းသာပါတယ်"

"အင်း ... ဝမ်းသာတယ်ဆိုရင် ကျွန်မ ရှင့်ကို တစ်ခုခု ကျွေးမယ်"

"အဲ ... နေဦး၊ ဒီအတိုင်းတော့ မကျွေးနဲ့"

"ဟင် ... ဒီအတိုင်း မကျွေးလို့ ဘယ်လိုကျွေးရမှာလဲ"

"ကျွန်တော် စားချင်တာ ကျွေးရမှာပေါ့၊ ဘယ်လိုလဲ"

သူ့အပြောကြောင့် လီလီက နှုတ်ခမ်းတွန့်ရုံ ပြုံးမိသည်။ ဘာကြောင့်မှန်း မသိဘဲ သူနဲ့ လီလီနဲ့သည် အချိန်တိုတွင်းမှာ နီးကပ်သတက် နီးကပ်လာသည်ဟု ထင်မိသည်။ အရင်တုန်းက သိခဲ့ဖူးသလို သူက စိမ်းမနေဘဲ ရင်းရင်းနှီးနှီး ရှိပါသည်။

"ရှင်က ဘာစားချင်တာလဲ"

"ကျွန်တော်က လီလီ လက်နဲ့လုပ်ပေးတာ ဘာမဆို စားချင်တယ်။ အဲဒါဟာ ကော်ဖီတစ်ခွက် ဖြစ်ရင်လည်းဖြစ်မယ်၊ လက်ဖက်သုပ်တစ်ပွဲ ဖြစ်ရင်လည်း ဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်ပေါ့လေ လီလီ့လက်နဲ့ touch ဖြစ်တာပေါ့"

"ဟက် ... ဟက် ... ရှင် တော်တော် တောင်းဆိုတတ်တာပဲ"

"တောင်းဆိုတာကတော့ ကျွန်တော် ဖြစ်ချင်တာပေါ့။ လိုက်လျောတာကတော့ လီလီ့ အခွင့်အရေးပေါ့။ ကျွန်တော်က ကျွန်တော် ဖြစ်ချင်တာကို ရိုးရိုးသားသား ပြောပြတာပါ"

"အင်း ... ရှင်ကတော့ ရိုးရိုးသားသား ပြောတယ်ဆိုပြီး စိတ်ထဲရှိတာတွေ အားမနာတမ်း ပြောတော့မယ်နဲ့တူတယ်"

သူက ဘာမှပြန်မပြောဘဲ တိုးတိုးပဲ ရယ်နေတော့သည်။ လီလီက ဆုံးဖြတ်ချက်တစ်ခုကို ချကာ လည်ပင်းကို မော့ရင်း ပြောလိုက်သည်။

"ကောင်းပြီလေ ကျွန်မ အိမ်ကို ရောက်လာခဲ့ပေါ့။ ခုချက်ချင်းတော့ ရောက်လာရမယ်နော်"

"အိုခေ ... ဆီးယူ လီလီ"





သူက ချက်ချင်းပဲ ဖုန်းချသွားသည်။ လီလီတောင် ခုံတန်းလေးကို ငုံ့ကြည့်ပြီး ကျန်ခဲ့လေသည်။ ပြီးတော့မှ သတိဝင်လာသည်မှာ သူ့ကို ဘာကျွေးရင် ကောင်းမလဲ ဆိုတာပဲ ဖြစ်သည်။ အင်း ... အချိန်က နေ့လယ်ခင်း သုံးနာရီပဲ။ Tea time ဆိုတော့ ...။

လီလီက လက်ဖျောက်တစ်ချက်တီးကာ လှစ်ခနဲ မြှုံ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လီလီ ပြောထားလို့လားတော့ မသိချေ။ သူ့ကား ရောက်လာတာ မြင်တာနဲ့ ခြံစောင့်ကြီးက ခြံတံခါးကို ချက်ချင်း ဖွင့်ပေးလိုက်သည်။ သူက ကားမောင်းဝင်လာရင်း ကားပေါ်က နေ၍ ခေါင်းညွတ်နှုတ်ဆက်လိုက်သော်လည်း ခြံစောင့်ကြီးက ရှုတည်တည်ပဲ ပြန်ကြည့်နေသဖြင့် ပခုံးကို မသိမသာတွန့်မိသည်။ ကားရပ်ပြီး ဆင်းလိုက်လျှင် သူ့ကို တောက်ပသောအပြုံးနှင့် ကြိုဆိုနေသည့် လီလီ့ကို တွေ့လိုက်ရသည်။ အဲဒီအခိုက်မှာ ဘယ်လိုပြည့်စုံသွားသလဲ ဆိုတာ သူ့ကိုယ်သူတောင် ပြန်နားမလည်ဘဲ ဖြစ်ရလေသည်။

တကယ်ဆို လီလီဟာ သူနဲ့ အခုမှ တတိယကြိမ်မြောက် ဆုံတွေ့နေတဲ့ မိန်းကလေးပါ။ ဒါပေမဲ့ ဘာကြောင့်လဲ ဆိုတာ မပြောတတ်။ ဟိုးအရင်တည်းက သိကျွမ်းဖူးခဲ့သူတွေလို





အရင်းတနှီး ဖြစ်နေသည်။ အင်း ... ရှေးရေစက်ပဲ ထင်ပါရဲ့။ ဒီတစ်ခါလည်း လီလီ့ကို ကျစ်ဆံမြီးဆံထုံးပုံစံနှင့်ပဲ တွေ့ရသည်။ အဲဒီဆံပင်ပုံစံကို လီလီ သိပ်ကြိုက်သည် ထင်ပါသည်။ ဦးရေပြား ရှေးစပ်ကယူ၍ ကျစ်ထားသော ကျစ်ဆံမြီးနောက်တွဲဆံထုံးနှင့် အတူ LV ပဝါတစ်ထည်ကို အကျီပုံစံဖြစ်အောင် သိုင်းယှက်ပတ်ထားပုံကလည်း ငေးစရာပါပဲ။ အောက်က ဘောင်းဘီက ဂျင်းနီ နတ်သမီးဝတ်သလို အပေါ်ကကားပြီး ခြေမျက်စိမှာ စုသိုင်းထားသော ပုံစံမျိုး။

ဝတ်တဲ့ပုံစံကတော့ ဘယ်သူနဲ့မှမတူ ကွဲထွက်နေသည်။ သူ့အတွက် တစ်နေ့က စားပွဲလေးမှာပဲ ပြင်ဆင်ထားဟန်ရှိပါသည်။

"ကျွန်တော် အမြန်ထ,လာရလို့ လီလီ့အတွက် ဘာမှတောင် ဝယ်မလာရဘူး။ ဆောရီးပါ လီလီ။ နောက်တစ်ခေါက် ပေါ့"

"ဟက် ... ဟက် ... ကဲ ... ထိုင်ပါ ..."

သူ့ရဲ့နောက်တစ်ခေါက်ဆိုတဲ့ စကားအပေါ် လီလီ ကရော ပြန်ပြောမည် ထင်သော်လည်း ဘာမှပြန်မပြောချေ။



www.burmeseclassic.com

www.burmeseclassic.com



သူက ဝင်ထိုင်ရင်း စားပွဲပေါ်က ပြင်ဆင်ထားတာတွေကို ငေးငေး ကြည့်မိသည်။

"ရှင် လက်ဖက်ရည် ကြိုက်လား"

"ဟာ ... ကြိုက်တာပေါ့။ ဘာလို့လဲ ... လက်ဖက်ရည် တိုက်မလို့လား"

"ဒါပေါ့"

သူမက ပြောပြောဆိုဆို ဓာတ်ဘူးလေးထဲမှ လက်ဖက်ရည်ကို သူ့ရှေ့က ခွက်အဖြူလေးထဲ လောင်းငှဲ့ပေးလိုက်သည်။ လက်ဖက်ရည်ဆိုင်တွေကလို ပန်းကန်လုံး အဖြူထဲသို့ အုတ်ခဲရောင်ဖျော့ဖျော့ အနံ့မွှေးမွှေး လက်ဖက်ရည်တွေက သောက်ချင်စဖွယ် စီးကျလာသည်။ သူက အံ့သလို မယုံနိုင်သလိုဖြင့် လီလီ့ကို ကြည့်မိသည်။ လီလီ့နှုတ်ခမ်းများက အလိုလို ပြုံးနေကြပါသည်။

"ဒါ လီလီ ဖျော်ထားတာလား"

"ဟုတ်တယ်"

"ဟား ... တကယ်။ ဓမ်းသာလိုက်တာ ပျော်လိုက်တာ"

"ဟဲ ... ဘာဝမ်းသာလိုက်တာ ပျော်လိုက်တာလဲ"





"ကျွန်တော်က လက်ဖက်ရည် အရမ်းကြိုက်တယ် လီလီရဲ့။ ဒါပေမဲ့ အခုလို လုပ်ငန်းခွင်ထဲ ရောက်သွားပြီးနောက်ပိုင်း မသောက်ဖြစ်တော့တာ များတယ် ...

အလုပ်သဘောအရ စားသောက်ဆိုင်ကောင်းကောင်းတွေ၊ ဟိုတယ်ကြီးတွေမှာ စားသောက်နေ့ရပေမယ့်လည်း လမ်းဘေးကဖေးလေး ငါထိုင်ငေး ဆိုတဲ့ အရသာလေးလည်း ဘယ်မေ့မလဲဗျာ"

"ဩော် ... အဲဒီလိုလား။ အင်းပေါ့လေ ... ရှင်က ပတ်ဝန်းကျင်ကို ထည့်တွက်သူကိုး။ ကျွန်မကတော့ ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း နေတာပဲ ...

လက်ဖက်ရည်က ကျွန်မဒယ်ဒီ ရှိတုန်းက သူက အရမ်းသောက်တာလေ။ ဒယ်ဒီ့ကို အိမ်မှာပဲ နပ်နပ်ပေးနေကြ။ ဒါကတော့ လက်ဖက်ရည်နဲ့ လိုက်ဖက်တဲ့ ကော်ပြန့်စိမ်း၊ ဒါလည်း ကျွန်မကိုယ်တိုင် လုပ်တာပဲ"

"ဟား ... အရမ်းကောင်းတာပဲ။ ဒါနဲ့ နေပါဦး၊ လီလီရဲ့ အောင်မြင်တဲ့ သစ်ခွမျိုးကို ကျွန်တော့်ကို ပြဦးလေ"

"အဟင်း ... ရှင် သတိရသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ရတာပေါ့။ ကျွန်တော်လာတာ အဲဒါကို ကြည့်ချင်တဲ့စိတ်က အဓိကပါတယ်။ ဒါကြောင့် လီလီ့လက်နဲ့ ကိုယ်တိုင်လုပ်ပေးတဲ့ အစားအသောက်ကို စားချင်တယ်လို့ တမင်ပြောလိုက်တာ ...

ဒါမှ အိမ်လာရင်း သစ်ခွကို ကြည့်လို့ရအောင်လို့"

လီလီရဲ့မျက်လုံးတွေက သူ့ကို စိုက်ကြည့်ရင်း ပိုမိုနွေးထွေးတောက်ပသွားသည်ဟု ထင်ပါသည်။ မိန်းကလေးတွေဟာ သူတို့ရဲ့ဝါသနာနှင့် အောင်မြင်မှုကို မျှဝေခံစား ချီးကျူးပေးကြသည့် ယောကျ်ားလေးတွေကို အသိအမှတ်ပြုကြသည် မဟုတ်ပါလား။

သူကတော့ အသိအမှတ်ပြုခံချင်၍ မဟုတ်ပါ။ လီလီ့ကို သူ တကယ်ပဲ impressive ဖြစ်ပါသည်။ ပတ်ဝန်းကျင်မှာ တွေ့မြင်နေရသော မိန်းကလေးများနှင့် ဘယ်နေရာကမှမတူ။ တစ်ဦးတစ်ယောက် တစ်သီးတစ်သန့်သည် လီလီပဲ ဖြစ်လေသည်။

"အင်းပါ။ ပြီးတော့ ကြည့်ရမှာပေါ့။ လောလောဆယ် လက်ဖက်ရည်သောက်ပြီး မုန့်စားပါဦး"

"သိုင်းခ်ရူး"





သူက လက်ဖက်ရည်ကို လျှာဖျားနှင့် အရသာခံကြည့်သည်။ ကောင်းလိုက်တာ Morning Star က လက်ရာအတိုင်းပါပဲလား။ ကော်ပြန့်စိမ်းကလည်း sea food နှင့်မို့ ခံတွင်းဆိုက်စေသည်။ သူ စားနေပုံကို လီလီက ပြုံးစိုက်ငေးနေသည်မို့ စားရင်းနဲ့တောင် ဘာလုပ်ရမှန်းမသိ ဖြစ်ရသည်။

"အရမ်းကောင်းတယ် လီလီ။ လီလီ့လက်ဖက်ရည်ကတော့ တကယ့် ပထမတန်းစားပဲ"

"အဲလိုပြောတဲ့အတွက် အဝသာစားပါ။ ပြီးရင် ကျွန်မရဲ့ သစ်ခွကို လိုက်ပြမယ်"

သူက စားသောက်တာကို လက်စသတ်လိုက်ပြီးနောက် လီလီ ခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့သည်။ လီလီနဲ့သစ်ခွအိမ်သည် အသေအချာကို ပြုစုပျိုးထောင်ထားမှန်း သိသာလေသည်။ သူမကလည်း ပြောသည်။

"ဒီ Orchid House ထဲကို ပထမဆုံး ရောက်ဖူးတဲ့သူကရှင်ပဲ"

"ဟာ ... ဟုတ်လား။ ဂုဏ်ယူစရာပဲပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



လီလီက ဘာမှမပြောဘဲ ရှေ့သို့ လျှောက်သွားရင်း တစ်နေရာအရောက်တွင် ရပ်လိုက်သည်။ သူက အဲဒီနေရာကို လှမ်းကြည့်လိုက်လျှင် ရွှေရောင်သစ်ခွများကို တွေ့လိုက်ရပါသည်။ တစ်နည်းဆိုလျှင် ကျားသစ်ကွက်လို အစက်အပြောက်များ လှပဆန်းကြယ်သော သစ်ခွမျိုး ဖြစ်ပါသည်။

"ဒါလေ ... ဒါကို ရဖို့ ကျွန်မ တစ်နှစ်လောက် Try လာရတာ၊ ဘယ်လိုလဲ လှလား"

"အာ ... လှတာပေါ့၊ တော်တော်လှတာပဲ လီလီ"

သူက ကျေနပ်စွာ ပြုံးနေသည်။ သူက သစ်ခွကို တစ်လှည့် လီလီ့ကိုတစ်လှည့်ကြည့်ကာ ဘာပြောရမှန်းမသိဘဲ ပြုံးသာ ပြုံးနေမိသည်။ တခြားသစ်ခွအမျိုးအစားတွေကလည်း အများကြီးပါပဲ။ သစ်ခွအိမ် မဟုတ်ဘဲ သစ်ခွဥယျာဉ်လို့တောင် တင်စား၍ ရသည်လေ။ ဒီလောက်များပြားလှပသည့် သစ်ခွတွေကို လီလီ ဒီလိုပဲ အလှကြည့်ထားသလား။ သူ ကြားထဲက နှမြောပါသည်။

"ဒီသစ်ခွတွေကို ဒီတိုင်းပဲ ထားတာလား လီလီ"

"ဒီအတိုင်း မထားလို့ ဘယ်လိုထားမလဲ"





"မဟုတ်ဘူးလေ။ ကျွန်တော် ပြောချင်တာက ဒီအတိုင်းကြီး ထားပစ်တော့ နှမြောစရာပေါ့ လီလီရယ်။ ဒီလိုဖြစ်လာဖို့ဆိုတာ ရင်းထားရတဲ့ ပိုက်ဆံလည်း ရှိမှာပဲ။ နောက်ဆုံး လီလီ ငွေကြေးကို ဂရုမစိုက်ဘူးပဲထား သူတို့လေးတွေ ဒီအတိုင်းပဲ ညှိုးသွားတာကျတော့ သူတို့ဖြစ်တည်မှုက အဓိပ္ပာယ်မရှိဘူးလားလို့"

သူ့အပြောကို လီလီက ပခုံးတွန့်ပြသည်။ မသိဘူးဆိုတဲ့ သဘော။ သစ်ခွအိမ်ထဲက ပြန်ထွက်လာတော့ သူမကပဲ ဆွေးထားတာကို ပြောသည်။

"ကျွန်မ ရှင်ပြောသလို စဉ်းစားတယ် ဟေမဝန်ရဲ့။ ဒါပေမဲ့ လူတွေလာ ပန်းတွေဝယ် ရှုပ်နေတာမျိုးကို ကျွန်မ မကြိုက်ဘူးလေ"

"ဪ ... အဲဒါဆိုလည်း Sale girl တစ်ယောက်ယောက် ငှားထားတာမျိုး၊ ဝန်ထမ်းတစ်ယောက်ယောက် ငှားထားတာမျိုး လုပ်လေ၊ ဒီအတိုင်းကြီးကျတော့ နှမြောစရာကြီး"

"ခုတော့ ကိုကြီးနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ လိုက်လုပ်ပေးဖြစ်နေပါတယ်၊ နောက် သံရုံးတို့ ဘာတို့ပေါ့။ ဒေါ်လာနဲ့ပဲ အလုပ်လက်ခံတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက လူတွေအများကြီးနဲ့ ပြောဆို ဆက်ဆံရတာလဲ၊ သိပ်စိတ်မဝင်စားတော့လေ။ ဒါတောင် ရှင်ပြောသလို ကိုကြီးကလည်း ပြောလို့။ ဒီပန်းလေးတွေ အခိပ္ပာယ်မရှိ ညှိုးသွားတာကို သနားတာနဲ့ အဲလိုလေး နီးစပ်ရာတွေ လုပ်ပေးဖြစ်နေတာ”

“ဒါဆို ကျွန်တော်လည်း အလုပ်အပ်မယ်။ ဒေါ်လာနဲ့ပဲ ပေးရမှာလား”

“ဒါပေါ့ ... Personal နဲ့ အလုပ်ကို မရောထွေးပါဘူး”

“ဟား ဟား ... ကောင်းပါပြီဗျာ၊ ဒါဆို ပြောပါဦး၊ ဈေးနှုန်းက ဘယ်လိုယူလဲဆိုတာ”

“ရှင် တကယ်ပြောနေတာလား”

“ဟုတ်တယ်။ ရှေ့လထဲမှာ နယ်ကိုယ်စားလှယ်တွေနဲ့ မိတ်ဆုံစားပွဲသဘောမျိုးရှိတယ်။ အဲဆိုတော့တွေ ဘာတွေ တောင် ငှားမှာ။ အဲဒါ ပန်းအလှပြင်တာလည်း လိုအပ်မယ်ထင်တယ်။ ဒါကြောင့် ...”

“အင်း ... ကျွန်မက အနိမ့်ဆုံး ဒေါ်လာတစ်ရာက စတယ်”

“ဟုတ်လား ... ဒါဆို ဒေါ်လာသုံးရာတန်လောက်ဆို အဆင်ပြေလောက်ပါတယ်နော်”





လီလီက သူ့ကို ပြုံးစစနှင့် စိုက်ကြည့်ကာ ပခုံးတွန့်ပြသည်။ လီလီတို့ ခြံကျယ်ကြီးထဲမှာ လမ်းလျှောက်ရင်း စကားစမြည်ပြောရင်း နှုတ်ဆက်ပြီး ပြန်လာတဲ့အချိန်မှာတော့ သူတို့နှစ်ယောက်ကြားက နှောင်ကြိုးက တစ်ရစ်ထပ်တက်ခဲ့ပြီဆိုတာ သူတို့ဘာသာပဲ သိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၅

"ကဲ ... ပြောစမ်းပါဦး။ ခုတလော မင်း စွဲတ်ကျနေတဲ့ ကောင်မလေးအကြောင်းကို မင်းနဲ့ ငါနဲ့လည်း ခုမှပဲ လွတ်လွတ်လပ်လပ်ရော အေးအေးဆေးဆေးရော စကား ပြောရတော့မယ်"

မမသီရိ ခရီးသွားသဖြင့် နန္ဒနှင့် သူဟာ အိမ်မှာပဲ ဘီယာဝိုင်း ဖွဲ့ကြသည်။ အလုပ်တွေကလည်း ခုမှပဲ အားသလို ဖြစ်သွားသဖြင့် နေ့လယ်ခင်းထဲက အိမ်ပြန်၊ တရေးတမောနှပ်ကြ ပြီး ညနေစောင်းတော့ ခြံထဲမှာ ဘီယာနဲ့အကင် ဖန်တီးဖြစ်ကြ သည်။ ကြောင်မရှိတော့ ကြွက်ထ လွတ်လပ်ရေးတွေ ရနေကြ လေသည်။





"အဲဒါ ခဏထားပါဦး။ နယ်ကိုယ်စားလှယ်တွေအတွက် ဒင်နာက ရှေ့လ(၁)ရက်နေ့ confirm ဖြစ်လား"

"ဟော့ကောင် ... တော်ပြီကွာ။ ဆက်မပြောနဲ့တော့ ... ရိုးထဲမှပဲ"

နန္ဒက မကျေမနပ်နှင့် ပြုံးပြုံးပြောဆိုရင်း ဘီယာကို မော့သောက်သည်။

"ဟာ ... ဘာလို့လဲကွ ... မင်းကလည်း"

"ဘာလို့ရမှာလဲ။ ဒီတစ်လလုံး အသက်ကို ဘယ်နားက ရှူရမှန်းမသိအောင် ပြေးလွှားနေရတာ။, ဒီ အလုပ် ... အလုပ်နဲ့။ တော်ပြီကွာ ခုမှ နားရတာ၊ အလုပ်အကြောင်း ဘာမှလာမပြောနဲ့"

"အာ ... အလုပ်အကြောင်း ပြောမလို့ မဟုတ်ပါဘူးကွာ။ ငါ သိချင်တာ အဲဒါလေးတစ်ခုတည်းပါ။ အဲဒါလေးပဲ ဖြေပေးပါ"

"ကျွတ် ... ဘာလဲကွာ။ အဲဒါကို ဘာလို့ အဲလောက် သိချင်နေရတာလဲ"

"ငါ့မှာ အကြောင်းရှိလို့ပါ။ ပြီးတော့ အခုနက မင်းမေး ထားတဲ့ မေးခွန်းနဲ့လည်း ပတ်သက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟင်ခနဲမြည်သော မျက်စောင်းနဲ့အတူ နန္ဒက ဟုတ်တယ် သေချာတယ် ၁ ရက်နေ့ ဟူသော အဖြေကို ဆောင့်ကြီးအောင့်ကြီး ပေးလေသည်။ သူက ကျောနပ်စွာပြုံးရင်းမှ ဘဲကင်တစ်ဖတ်ကို ကောက်ဝါးလိုက်သည်။ အားပါး သုံးထပ်သား ဘဲလားတော့ မသိ။ အရသာ ရှိလိုက်တာလေ။

"တကယ်တော့ မင်းကျေးဇူးတွေ ငါ့မှာရှိတယ် နန္ဒရ။ သူ့ကို တွေ့ခဲ့တာ မင်းကြောင့်ပဲ တွေ့ခဲ့တာ"

နန္ဒက ဝက်ခေါက်ကင်တစ်ဖတ် ကောက်ဝါးရင်း သူ့ကို နားမလည်သလို မျက်မှောင်ကြုတ် ကြည့်သည်။

"မမသီရိ မွေးနေ့ကို မင်း မှတ်မိမှာပေါ့။ အဲဒီအချိန်က ငါ ကားမောင်းနေတာလေ။ မင်းဆီက ဖုန်းဝင်လာတဲ့အချိန်မှာ ကားကိုဘေးရပ်ပြီး စကားပြောနေတာ။ မင်းက မွေးနေ့လက်ဆောင် ချက်ချင်းစီစဉ်ခဲ့ ဆိုတာနဲ့ ငါ့မျက်လုံးထဲမှာလည်း Nature House ဆိုတာ သွားမြင်တယ် ...

စပ်စုကြည့်တာပေါ့ကွာ။ ပန်းဝယ်ဖို့ ... အဲ ... သူတို့ခြံက နည်းနည်းတော့ ထူးဆန်းတယ်ကွ။ သူကလွဲလို့ တစ်အိမ်လုံး ရုပ်ဆိုးတွေ"





"ဟမ်"

နန္ဒရဲ့မျက်လုံးတွေက စိတ်ဝင်စားရိပ်ဖြင့် တောက်ပလာသည်။ ဘီယာကိုမော့ကာ ကညွှတ်ကြော်ကို တူနှင့်ညှပ်စားရင်း "ဆက်ပါဦးကွ" ဟုလည်း ဆိုသေးသည်။

"သူကလည်း နည်းနည်းတော့ ထူးဆန်းတယ်ကွ"

"ဘယ်လိုထူးထူးဆန်းဆန်းလဲ။ ငါကလည်း ထူးဆန်းတာတွေဆို စိတ်ဝင်စားတယ်"

"ဟင်း ... ဟော့ကောင်နော်။ ငါ ပြောထားမယ်၊ မင်းလီလိုကိုတော့ လုံးဝစိတ်ဝင်စားဖို့ မကြိုးစားပါနဲ့။ ငါ သူ့ကို ရည်စွယ်ထားတယ် ... ဒါပဲ"

"ဟာ ... ဘလိုင်းကြီး လာဖိနှိပ်နေပါလား"

"ဖိနှိပ်တာ မဟုတ်ဘူး ဟော့ကောင်။ မင်း သူ့ကို တစ်ချိန်ချိန် သွားဆုံသွားလို့ သဘောကျသွားခဲ့ရင် ငါက ပြောထားပြီးသား အဲဒါကို ..."

"အေးပါဟာ ... တော်တော်ကို ရူးနေတာကိုး။ မင်း ဒီလောက်ရူးတယ် ဆိုမှတော့ သူကလည်း တစ်ခုခုထူးလို့နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ထူးတယ် … ထူးတယ်။ ထူးတာမှ အင်္ကျီမဝတ်တဲ့အထိ ထူးတာ"

"ဟိုက် … အင်္ကျီမဝတ်ဘူး ! အောင် မယ် လေး … လေး"

နန္ဒာက ကြောက်သလိုလိုနှင့် ကြက်တောင်ပံကင်ကို ကောက်ဆွဲလေတော့သည်။ သူက တဟက်ဟက်နှင့် သဘောတကျ ပြုံးရယ်နေမိသည်။ မျက်လုံးထဲမှာ လီလီ့ကို မြင်ယောင်လာမိသည်။ ဒီအချိန် လီလီ ဘာလုပ်နေမလဲ။ လွမ်းလိုက်တာ လီလီရယ်။

"သူက ဘာစတိုင်လ်မှန်း မသိပါဘူးကွာ။ အထဲက One Way လို ကြိုးတစ်လုံးအင်္ကျီတွေတော့ ပါမှာပေါ့။ ဒါပေမဲ့ အပေါ်က ပဝါတွေကိုပဲ ပတ်,ပတ်ထားတတ်တာ။ အဲဒါနဲ့ အောက်က ဘောင်းဘီပေါ့၊ အဲလို ပတ်တတ်တယ် …

နောက် သူ့ဆံပင်ကို ချထားတာ တစ်ခါမှ မမြင်ဖူးဘူး။ ရှာရာဗိုဗာတို့ တင်းနစ်ရိုက်ရင် လုပ်သလိုမျိုး ဆံထုံးကို ထိပ်ကနေ အပြောင်သိမ်းပြီး ကျစ်ဆံမြီးကျစ်ရင် ကျစ်ထားတယ်။ တစ်ခါတလေလည်း ကျစ်ဆံမြီးနောက်ဆုံး ဆံထုံးလိုဟာမျိုးနဲ့ သူ့မျက်နှာလေးဟာ ဖူးစင်ပြီး အရောင်လုနေတယ် …





သူ့မျက်လုံးတွေက အစိမ်းရောင်တွေကွ။ မသိဘူးကွာ သူ့စတိုင်လ်က ဘယ်သူနဲ့မှ မတူဘဲ ကွဲထွက်နေတယ်။ မိုက်နေတယ်။ အဲဒါတော့ အသေအချာပဲ"

"သူက ဘာလုပ်တာလဲ"

"အင်း … အဲဒါလည်း တော်တော်တော့ ဆန်းတယ်ကွ။ သူတို့ခြံကြီးက အကျယ်ကြီးကွာ။ အဲဒီထဲမှာ ပန်းတွေ အပြည့်စိုက်ထားတယ်။ သစ်ခွဥယျာဉ်လည်း ရှိတယ် …

သူက ဇန်ကောက်ကနေ ရက္ခဗေဒနဲ့ ကျောင်းပြီးထားတာတဲ့။ ပန်းအလှပြင်တာလည်း တော်တော် တော်တယ်။ အဲဒါတွေကို ပရော်ဖက်ရှင်နယ် လုပ်တာလည်း မဟုတ်ဘူး …

သိန်းလေးဆယ်လောက်တန်တဲ့ Rolex နာရီပတ်ပြီး Lexus သိန်းနှစ်ထောင်တန်ကားနဲ့ ပန်းအလှပြင်တာတဲ့ နော်"

"ဒါဆို ရှေးသူဌေးတွေ နေမှာပေါ့"

"အဲဒါတွေတော့ သိပ်မသိဘူးကွာ။ ဘာပဲဖြစ်ဖြစ် သူ့ကိုငါ ချစ်မိနေပြီ ဆိုတာတော့ သေချာတယ်။ အဲဒါ လုံးဝ မလွဲဘူး"



www.burmeseclassic.com

"အေးပါကွာ ... အေးပါ။ ငါ သဘောပေါက်ပါပြီကွာ။ ဒီလောက်ဆို သဘောပေါက်သွားပြီ"

"ဒီအတိုင်း သဘောပေါက်လို့ မရသေးဘူးကွ။ လိုတာ တွေ ရှိသေးတယ်"

သူက ဘဲကင်တစ်ဖတ်ကို ပါးစပ်ထဲထည့်ကာ ဝါးရင်း ပြောလိုက်သည်။ ဘဲခြံတွေထဲမှာ ဇိမ်ရှိရှိ မွေးမြူထားသော ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ဘဲရဲ့ အသားမှာ သိဒ် ကြာကြာဝါးစရာမလိုဘဲ လျှာပေါ်တွင် ပျော်စီးဆင်းသွားသည်။ အရသာရှိလိုက်တာ။ လီလီ ဘဲကင်ကြိုက်လား မသိပါ။ လီလီ့ ကို ဘဲကင်တစ်ဖတ်လောက် ခွံ့ကျွေးချင်စိတ် ဖြစ်မိသည်။

အင်း ... အချစ်ဆိုတာ ဒါပဲထင်ပါရဲ့။ ကိုယ်ချစ်တဲ့ သူကို ဘယ်လိုနေရာမျိုးမဆို သတိရနေတတ်တာလေ။

"ဘာလိုတာလဲ"

"အကြံဉာဏ်ပေါ့ကွာ။ ငါက သူ့ကိုချစ်နေတာတော့ ဟုတ်ပြီ။ ဒါပေမဲ့ ဘယ်ကဘယ်လို စ, try ရမယ် မသိဘူး။ ငါလည်း တစ်ခါမှ ရည်းစားမထားဘူးတော့ကွာ ဘယ်လို လုပ်ရမလဲ ...

နည်းနည်းပါးပါး ပြောပြပါဦး"





"ကျွတ် ... မင်းကလည်း။ ငါကရော ထားဖူးတာကျလို့"

အဲဒါတော့ ဟုတ်သည်။ သူတို့နှစ်ယောက်စလုံးမှာ မမသီရိတို့အိမ်ကို မေမေနှင်း ခေါ်လာစဉ်တုန်းက ငါးတန်း ကျောင်းသား အရွယ်ပဲ ရှိခဲ့သေးသည်။ မိဘမဲ့ဂေဟာကနေ မေမေနှင်းက သူတို့နှစ်ယောက်ကို ခေါ်လာခဲ့တာဖြစ်ပြီး အဲဒီ အရွယ်တည်းက စနစ်တကျ ပြုစုပျိုးထောင်ခဲ့သည်။ ဒါကြောင့် မေမေနှင်း မရှိတော့ချိန်ဝယ် သူတို့က မမသီရိ ဦးဆောင်သော စီးပွားရေးလုပ်ငန်းတွေမှာ ကိုယ်စီ ကိုယ်စီ ဝင်ရောက်၍ တာဝန် ရှိသူ လုပ်ကိုင်ပေးနိုင်ခဲ့တာ ဖြစ်လေသည်။

လူငယ်စီးပွားရေးသမား ခြေသွက် လက်သွက်တွေ ဖြစ်အောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးခြင်း ခံခဲ့ရ သဖြင့် သူတို့မှာ လူငယ်လူရွယ်ဘဝဆိုတာ ပျောက်ဆုံးသလောက် ဖြစ်ခဲ့ပြီး အရွယ်နဲ့မမျှသော တည်ငြိမ်ရင့်ကျက်ခြင်းမျိုးတော့ ရခဲ့ သည်။ ဒါပေမဲ့လည်း ဟာတာတာတော့ ဖြစ်ရသည်ပင်။

"သြော် ... မထားဘူးပေမယ့် ကြားဖူးနားဝတော့ ရှိမှာ ပေါ့ကွာ။ ငါ သူ့ကို ဘယ်ကနေ ဘယ်လို စ,ကြိုးစားရ မယ်ဆိုတာ မသိဘူး ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးကွာ ရှေးစကားတောင် ရှိသေးတယ်။ အလျှင်လို လမ်းအိုလိုက်တဲ့"

"ဘာအလျှင်လို လမ်းအိုလိုက်ရမှာလဲ"

"အလျှင်လို လမ်းအိုလိုက်ဆိုတာကွာ၊ ကိစ္စတစ်ခု အရေးကြီးတဲ့အခါမှာ မြန်မြန်ရောက်ချင်ဇောနဲ့ ဖြတ်လမ်းက မသွားနဲ့။ ဘာရှိမယ်ဆိုတာ ကြိုမသိနိုင်ဘူး ...

ကိုယ်သိတဲ့လမ်း ရိုးရိုးရှင်းရှင်းလမ်း လူတိုင်းသွားနေကြလမ်းကိုပဲသွား၊ သုံးလို့ ပြောတာကွ"

"နို့ ဒါဆိုရင် ငါက လမ်းဟောင်းကြီးပဲ သုံးရမှာပေါ့"

"ဒါပေါ့ ... လမ်းဟောင်းက ကားသိပ်မမှောက်ဘူး။ အမြန်လမ်းမကြီးက ကားတွေ ခဏ ခဏ မှောက်တယ်"

"ဟဲ့ ... ဘာတွေ လျှောက်ပြောနေတာတုန်း"

"ဩော် ... အေး။ ရောသွားလို့ အေးလေ ဘယ်လိုပဲဖြစ်ဖြစ် အဲဒါလည်း မှန်နေတာပဲဟာ။ ကဲပါကွာ ... မင်းကလည်း မိန်းကလေးတစ်ယောက်ကို ချစ်တယ်ဆိုရင် ကိုယ်ချစ်နေတာကို နည်းမျိုးစုံနဲ့ ဖော်ထုတ်ပြသလို့ ရတာပဲ –





ဖုံးကွယ်တဲ့ မျိုသိပ်ရတဲ့ လုပ်ရပ်ကသာ ခက်ခဲတာ။ သိအောင်ပြရတာ ဘာခက်လို့လဲ။ မျက်လုံးနဲ့ စကားနဲ့ အမူအရာနဲ့ အို ... အားလုံးနဲ့ပြလို့ရတယ် ...

သူနဲ့လည်း အခု ခင်နေတာပဲ။ အမျိုးမျိုး ကြိုးစားလို့ ရပါတယ်ကွာ"

နန္ဒ စကားကြောင့် သူ အားတက်သွားရတာတော့ အမှန်ပါပဲ။ အင်းလေ ... သူကာ ယောကျာ်းလေးပဲဟာ။ မိန်းကလေးတစ်ယောက်ကို ချစ်နေတဲ့အကြောင်း မဖုံးကွယ်ချင်ဘူးဆိုရင် နည်းမျိုးစုံနဲ့ ပြသလို့ရတာပဲ မဟုတ်လား။

"တစ်ခုတော့ ရှိတယ်နော်"

နန္ဒရဲ့အသံက တွေးနေသော သူ့အတွေးကို ဖောက်ထွက်ပြီး လာသည်။ သူက ဘာလဲ ဟူသော သဘောဖြင့် နန္ဒတို ကြည့်လိုက်သည်။

"မင်းကောင်မလေးက မင်းပြောပုံအရဆို တော်တော်ချမ်းသာပုံ ရတယ်နော်။ သူ မင်း ဘဝမှန်ကို သိလား"

"အင်း ... မသိသေးဘူးကွ"

"မသိသေးဘူး ဆိုတာ သိတော့ သိလာရမယ်ဆိုတဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ကွာ ... သူ့ကိုတော့ ငါ ပြောပြရမှာပေါ့"

"အေး ... မင်း Propose မလုပ်ခင် အရင်ပြောပြထားပေါ့။ နောက်မှ သိရရင် မကောင်းဘူးလေ"

သူက ခေါင်းတဆတ်ဆတ်သာ ညိတ်ပြနေခဲ့မိပါသည်။





## (၆)

လီလီသည် ကိုကြီးကို တိတ်တဆိတ် ချောင်းမြောင်းနေမိသည်မှာ အနည်းငယ် ကြာခဲ့ပြီ။ သူ့ရဲ့အလုပ်ခန်းထဲမှာ အလုပ် လုပ်နေသော ကိုကြီးမှာ ခုထိ လုပ်ငန်းကို လက်စမသတ်နိုင်သေးချေ။ ကြာတော့ စိတ်မရှည်နိုင်တော့ဘဲ ကိုကြီးဘေးနားသို့ ရောက်လာတော့သည်။

"ကိုကြီး"

"ဟေ ... ညီမလေး။ မအိပ်သေးဘူးလား"

ည ဆယ်နာရီထိုးပြီးပြီမို့ မအိပ်သေးဘူးလား မေးသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်သေးပါဘူး။ ဒီအချိန်က အိပ်ချိန် မဟုတ်သေးပေမယ့် အလုပ် လုပ်ချိန်လည်း မဟုတ်တော့ဘူးလေ ကိုကြီး။ တစ်နေကုန်လည်း ပင်ပင်ပန်းပန်း လုပ်ထားပြီးပြီပဲ။ နားသင့်ပြီလို့ မထင်ဘူးလား"

လီလီရဲ့ ဆူပူသလို အပြောကို ကိုကြီးက သဘောတကျရယ်ကာ လက်ထဲမှာ ကိုင်ထားသော ဘောပင်ကိုချသည်။ လီလီကတော့ လက်ပိုက်ပြီး ကိုကြီးကို စူတည်တည် ကြည့်နေမိသည်။ ကိုကြီးက ဖက်ချိုး၊ လက်ချောင်းများကို ချိုးရင်းမှ ...

"နားတော့မှာပါ ညီမလေးရာ။ ခုဟာက လုပ်လက်စနဲ့ တစ်ခါတည်း ပြတ်သွားအောင်လို့။ နောက်နေ့တွေဆို ဒီလောက်လုပ်စရာ မလိုတော့ဘူးလေ"

"အဲဒါ ပြောတာပေါ့၊ ကိုကြီးတို့ကို ငွေက ပြန်ခိုင်းနေတာပဲ။ တကယ်တမ်းကျတော့ ကိုကြီးတို့က တကယ်ချမ်းသာတာ မဟုတ်ဘူး"

"ဟား ဟား ... ကိုကြီးတို့ ဆိုတော့ တခြား ဘယ်သူတွေပါသေးလို့လဲ ညီမလေးရယ်"

"ကိုကြီးလို အလုပ်ကို ဖက်တွယ်ရှုးသွပ် လောဘကြီးနေတဲ့ သူဌေးတွေပေါ့"





"ဟား ဟား ... ငါ့ညီမလေးကတော့ ပြောပြီ။ ကဲပါကွာ ညီမလေး ကိုကြီးနဲ့ စကားပြောချင်နေတယ်မှလား။ ကော်ဖီလည်း နှပ်ထားတယ်ဟုတ် ? ...

အိုခေ ... လာ ... လေသာဆောင်ကို သွားမယ်"

ကိုကြီးက လီလီ့ရဲ့ပခုံးကိုဖက်ကာ ဝရန်တာကျယ်ကြီးဆီသို့ ထွက်လာခဲ့သည်။ ကြိမ်စားပွဲဝိုင်းလေးမှာ လီလီ အဆင်သင့်ချထားသော နှပ်ကော်ဖီအိုးလေးက အဆင်သင့် ရှိနေပါသည်။ လီလီက ကြွေပန်းကန်ခွက်လေးထဲသို့ ကော်ဖီကို အသာငှဲ့လိုက်သည်။ ညဘက်မို့ နွားနို့နှင့် ခပ်ဆိမ့်ဆိမ့်လေး နှပ်ပေးထားသော နို့ကော်ဖီရနံ့က သင်းပျံ့မွှေးစွာ ထွက်လာသည်။ လီလီက ကိုကြီးကို တစ်ခွက်ကမ်းပေးလိုက်သည်။ ကိုကြီးက အသာငုံ့ကာ Very Good ဟု လက်မထောင်ပြသည်။

"ဩော် ... ဒါနဲ့ ရှေ့လထဲမှာ ကိုကြီးအသိ မိတ်ဆွေတစ်ယောက်ရဲ့သမီးက မင်္ဂလာဆောင်မယ် ပြောနေတယ်၊ အဲဒါ ညီမလေးကို ပန်းအလှပြင်တာ အပ်ချင်လို့တဲ့"

"ညီမလေးက ဒေါ်လာနဲ့ပဲ လက်ခံတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား … သိပါတယ်။ ပြောပြပြီးသား။ သူတို့က လည်း ပိုက်ဆံကို အဲဒီလို ထူးထူးဆန်းဆန်း ဖြုန်းချင်တဲ့ သူတွေ။ ပန်းဖိုး ဒေါ်လာနဲ့ရှင်းရတာကို ဂုဏ်ယူကြတဲ့ လူတွေ …

ကိုက်ပါတယ် လိုက်ပါတယ်"

"ကိုကြီးနော် … ဘာကိုက်တာလဲ … ဘာလိုက်တာလဲ။ ညီမလေးက လူတွေအရမ်း လာအပ်နေကြမှာစိုးလို့ စိစစ် ပစ်လိုက်တာ …

ပြီးတော့ ညီမလေးပြင်တဲ့လက်ရာက ဘယ်သူနဲ့မှ မတူဘူး"

"ဟုတ်ပါတယ်၊ ညီမလေးက ပါရမီရှင်ပဲဟာ။ ကိုကြီး ညီမလေးအတွက် ဂုဏ်ယူပါတယ်"

ကိုကြီးက တကယ်ကို ကျေနပ်ဝမ်းသာကာ ပီတိဖြစ် နေသော မျက်လုံးများဖြင့် ငေးကြည့်ကာ ပြောလျှင် လီလီသည် ဘာကြောင့်မှန်းမသိဘဲ ဝမ်းနည်းမိလေသည်။ ဒယ်ဒီမရှိတော့သည့် နောက်ပိုင်း ကိုကြီးသည် သူ့ဘဝတစ်ခုလုံးကို စီးပွားရေးထဲသို့ မြှုပ်နှံကာ လီလီ့ကိုလည်း လိုအပ်သမျှ ဖြည့်စွမ်းခဲ့သည်။ လီလီ





ာန်ကောက်မှာ ကျောင်းတက်ချင်လျှင်တက်၊ သုတေသနအတွက်၊ ာတမ်းအတွက် ဘယ်လောက်ပဲ ပိုက်ဆံထုတ်ပေးရ ထုတ်ပေးရ ငြင်ခဲ့ချေ။

ပန်းတွေ၊ သစ်ခွမျိုးစိတ်တွေအတွက် ပိုက်ဆံတွေ ျားစွာပုံအောထားရပြီး အလှထိုင်ကြည့်နေလည်း ဘာမှမပြော။ းပွားရေးဘက်ကို တစ်စက်မှ စိတ်မဝင်စားသော ညီမကို စိတ် ျမ်းသာတဲ့အတိုင်းသာ ဖြစ်စေခဲ့သည်။

တကယ်ဆို ကိုကြီးအသက်က သုံးဆယ့်သုံးတောင် ည့်တော့မည်မို့ အိမ်ထောင်ပြုသင့်တဲ့ အရွယ်ကိုတောင် ကျော် ွန်နေပြီဟု ပြောရမှာပါ။ ဒါပေမဲ့လည်း မိန်းမကိစ္စနဲ့ ပတ်သက် ြီး တစ်စွန်းတစလေးတောင် အသံမကြားရတာဟာ လီလီ့ကိုများ ဲနေလို့လား။

"ကိုကြီး … ညီမလေးမေးတာ အမှန်အတိုင်း ဖြေမလား"

"ဪ … ကိုကြီးက ဘယ်တုန်းက ညာဖူးလို့လဲ"

"ဒါဆို ဖြေ။ ကိုကြီး ဘာလို့ အိမ်ထောင်မပြုတာလဲ"

"ဟမ် …။ ဟား ဟား ဟား ဟား … အမယ်လေး … ဘာများလဲလို့ ညီမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက အမယ်လေးတောင်တ,ကာ တဟားဟား ရယ်နေသည်။ လီလီကတော့ လိုက်မရယ်ဖြစ်ချေ။ ကိုကြီးမျက်နှာကိုသာ အကဲခတ်ပြီး ကြည့်နေမိသည်။ ကိုကြီးက ခဏနေတော့ လီလို့ကို ပြုံးစစ ကြည့်လာရင်း ...

"ညီမလေးက ဘာဖြစ်လို့ မေးတာလဲ"

"ကိုကြီးအရွယ်က အိမ်ထောင်ပြုရမယ့်အရွယ် ရောက်နေပြီလေ။ ညီမလေးကို ငဲ့ပြီး မစဉ်းစားတော့တာလားလို့။ အဲလိုတော့ မဖြစ်စေချင်ဘူး ကိုကြီး ...

ကိုကြီး အိမ်ထောင်ပြုပါ"

"ဟား ... အဟား ဟား ... ဘယ်လိုလဲ ဖူးပွင့်လီလီ။ ချက်ချင်းကြီးပါပဲလားကွာ"

ကိုကြီးက သူ့ စိတ်လိုလက်ရ ရှိလာလျှင် လီလီရဲ့ နာမည်အပြည့်အစုံကိုခေါ်ကာ ပြောတတ်ပါသည်။

"ဟုတ်တယ် ကိုကြီး၊ လီလို့ကို ငဲ့မနေနဲ့။ လီလီလည်း မငဲ့ဘူး"

"ဟမ် ... ဘာပြောတယ်"

"အင်းလေ ... လီလီ အိမ်ထောင်ပြုရင် ကိုကြီး တစ်ယောက်တည်း အထီးကျန်ဆန်ခဲ့မှာကို မလိုလားဘူး"





"ဟာ ... ဟ၊ ညီမလေးက အိမ်ထောင်ပြုတော့မလို့လား"

"သိပ်မကြာခင်ပေါ့လေ"

"ဟေ ... ကိုကြီးကို တကယ်ပြောနေတာလား"

"ဟုတ်တယ် ကိုကြီး။ ညီမလေး သိပ်မကြာခင် ချစ်သူ ရလာတော့မယ် ထင်တယ်"

"ဟင် ... တကယ်ပြောနေတာလား ညီမလေး"

"ဟုတ်ပါတယ်ဆို ... ကိုကြီးကလည်း"

ကိုကြီးက အံ့ဩသလို မယုံနိုင်သလိုဖြင့် လီလို့ကို ငေးကြည့်နေသည်။ လီလီရဲ့မျက်ဝန်းထဲတွင် ဟေမဝန်ရဲ့ပုံရိပ်တို့ ဝင်ရောက်လာခဲ့သည်။ အမြဲချိုသာနူးညံ့သော အပြုံးများနှင့် နွေးထွေးစွာ ကြည့်တတ်သော ဟေမဝန်။ ရှင် ... လီလို့ကို ချစ်နေတယ်ဆိုတာ လီလီ သိနေတယ်လေ။

လီလီက ကိုကြီးကို သူနှင့်စတွေ့ပုံ အဆင့်ဆင့် ပြောပြလိုက်သည်။ လက်တွေ့ကျတာကို အရင်ပြောပြပြီးမှ ဖြစ်လာနိုင်သည့် ခံစားချက်ကို ပြောပြမိ၏။

"သူ လီလို့ကို ချစ်နေတယ် ကိုကြီး။ အဲဒါကို လီလီ သိနေတယ်၊ သိပ်မကြာခင် သူ ချစ်တဲ့အကြောင်းကို ဖွင့်ပြောလိမ့်မယ်ဆိုတာ လီလီ သိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ ဖွင့်ပြောရင် လီလီကလည်း တုံ့ပြန်မိမှာပဲ။ သူ့ကို လီလီလည်း ချစ်နေမိပြီ”

“ဩော် ... ညီမလေးရယ်”

ကိုကြီးက လီလီ့ကို ကရုဏာသက်သော မျက်လုံးများဖြင့် ငေးကြည့်နေသည်။ ဘာမှတော့ မပြော။ လီလီက ကျေနပ်စွာဖြင့် နှုတ်ခမ်းကို စူချွန်ထော်ပြီး ပြုံးကာ ...

“ဒါပဲနော် ... ကိုကို့ကို ညီမလေး သတိပေးပြီးပြီ။ ကိုကိုလည်း ခုချိန်ကစပြီး စိတ်ထဲက သဘောကျတဲ့ မိန်းမရှိရင် တစ်ခါတည်း try တော့ ...

အင်း ... ကိုကို့အတွက်က မိန်းမရှားမှာ မဟုတ်ပါဘူးလေ။ အရေးကြီးတာက ကိုကို့ကို ဟာကယ်ချစ်ဖို့ဆဲ ဆင်းရဲတာက အရေးမကြီးဘူး၊ ဟုတ်တယ်မှလား ကိုကို”

“အေး ... ဟုတ်ပါတယ် ... ဟုတ်ပါတယ်”

“အင်း ... ပြီးရော။ ဒါဆိုလည်း ညီမလေး အိပ်တော့မယ် Good Night ! ”

ပြောပြောဆိုဆို ထထွက်ဖို့ ဟန်ပြင်သော လီလီ့လက်ကို ကိုကြီးက ဖမ်းဆွဲထားလိုက်လျှင် လီလီက လည်ပြန်ကြည့်မိသည်။





“တစ်ရက်လောက် သူ့ကို အိမ်ခေါ်လာပြီး ကိုကြီးနဲ့မိတ်ဆက်ပေးဦးလေ ညီမလေး”

“အင်း ... ဆက်မေးမှာပါ။ သူနဲ့ ညီမလေး ချစ်သူတွေဖြစ်သွားခဲ့တဲ့ အခါပေါ့”

သူက ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ လီလီက ခေါင်းတစ်ချက်ဆတ်ကာ နှုတ်ဆက်ပြသလိုဖြင့် ထွက်သွားသည်။ နှစ်လမ်း သုံးလမ်း လျှောက်သွားပြီးမှ တစ်ခုခုကို သတိရဟန်ဖြင့် လှည့်ပြောသည်။

“ဩော် ... ညီမလေးတို့ ချစ်သူဖြစ်ဖို့ သိပ်မလိုတော့ပါဘူး ကိုကြီး”

အစ်ကိုလုပ်သူက လီလီ့ကို ဘာပြန်ပြောရမှန်းမသိခဲ့ချေ။ စိတ်ထဲက စကားတွေကိုသာ ကြားခွင့်ရခဲ့မယ်ဆိုရင်တော့ ညီမလေးရယ်ဟု ပွဲတင်ရေရွတ်နေလိမ့်မည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟောမဝန်အတွက် လီလီနှင့် တွေ့ဆုံချိန်က လက်ချိ

ရေတွက်လို့ရအောင် ရှိခဲ့ပေမယ့် သူ့ရင်ထဲမှာ အချစ်ကတော့ ခိုင်ခိုင်မာမာ ရှိနေခဲ့ပြီဆိုတာ သူ့ကိုယ်သူ သိသည်။ ပန်းအလှ လာပြင်ပေးတုန်းက ယိုးဒယားမလေးဆန်ဆန် ဝတ်စားလာပုံလေး ကိုကြည့်ကာ သူမ အလှကို သဘောအကျကြီး ကျခဲ့ရသည်။ ဒီနောက်ပိုင်း ဖုန်းလေးတွေပြောရင်း၊ မကြာခဏ တွေ့ရင်း ဒီနေ ကတော့ သူ့ဘဝအကြောင်း လီလီ့ကို မချွင်းမချန် ဖွင့်ပြော ချစ်ခွင့်တောင်းဖို့ ဆုံးဖြတ်ထားသည့်နေ့ ဖြစ်လေသည်။

ဒါကြောင့် လီလီနှင့်အတူ ညစာစားဖို့ အင်းလျာ လိတ်ကို ရွေးချယ်ထားတာဖြစ်သည်။ အချိန်တိကျသော လီ





သည် သူနှင့်သိပ်မကွာဘဲ ရောက်ရှိလာပါသည်။ ဆံပင်လည်း ချမလာဘဲ အမောက်ပါ နောက်တွဲဆံထုံးဖြင့် Thai Style အလှ ပြင်ရှင်မျိုး ဖြစ်သည်။ ဇင်းမယ်လို ဝတ်စုံမျိုးကို ကိုယ်ခန္ဓာနှင့် အတော် ချုပ်ဝတ်ထားပြီး လီလီ့ကို သီရိဒွံ မျိုးဆက်တစ်ယောက် နှယ် အထင်မှားစေပါသည်။ အင်းပေါ့လေ ... သူမက ယိုးဒယား မှာ ကျောင်းတက်လာခဲ့သူဆိုတော့ အဲဒီက ပုံစံနှင့် ဖက်ရှင်တွေ ကို ကြိုက်လောက်သူ ဖြစ်မှာပါပဲ။

"လီလီ ... ဒီနေ့ အရမ်းလှနေတယ်"

"ဖြစ်နိုင်ပါတယ် ... ဟင်း ဟင်း"

ချိုလွင်သော ရယ်သံလေးနှင့် ချစ်စဖွယ် ပြန်ပြော လိုက်သော လီလီ့ကို သူက ချစ်ခင်သဘောကျစွာ ငေးကြည့်နေ မိသည်။

"လီလီ ဘာစားမလဲ"

"အင်း ... ဟောမဝန်ပဲ ကြည့်မှာလိုက်ပါ။ အများကြီးလည်း မမှာပါနဲ့။ အစားအသောက်တွေ အရမ်းပိုလျှံနေရင် လီလီ တအားနှမြောတယ် ...

ညစာလည်း အများကြီး မစားနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဟုတ်ပါပြီ"

သူက ပြုံးစစနှင့် ပြန်ဆိုမိရင်း Menu ကိုကြည့်ကာ အဆင်ပြေမယ် ထင်တာတွေ မှာလိုက်သည်။ ပြီးတော့ ပေါ့ပေါ့ ပါးပါး စကားများကိုသာ ပြောသည်။ တစ်နေ့က ပန်းပြင်တာ လှပသော လီလီရဲ့လက်ရာများအကြောင်း စသဖြင့် စားရင်းသောက် ရင်း ပေါ့ပေါ့ပါးပါး စကားများကို ပြောမိသည်။ အစားအသောက် ပြီးသွားပြီး သစ်သီးစားသော အချိန်မှာတော့ သူက စကားပြော ဖို့ အားယူလိုက်ပါသည်။

"လီလီ"

သူက တိုးဖွဖွ ခေါ်လိုက်လျှင် လီလီက နူးညံ့စွာ ပြုံးကြည့်လာသည်။

"ဟေမဝန် … လီလီ့ကို ပြောစရာတစ်ခုခု ရှိလို့လား"

"အင်း … ဟုတ်တယ်၊ ကျွန်တော် ပြောစရာရှိတာ လီလီ ဘယ်လိုလုပ် သိလဲ"

"သိတာပေါ့ … ဒီလိုပဲ သိတယ်"

လက်ကလေးကိုဖြန့်ကာ ပခုံးတွန့်ပြီး ပြောတဲ့ စတိုင်လ်လေးက သူ့ကို ငေးမောစေပါသည်။





"အင်း … ကျွန်တော့်ဘဝအကြောင်းလေး ပြောပြချင်တာ ပါ"

"ဘဝအကြောင်း ! "

"ဟုတ်တယ် … လီလီ။ ကျွန်တော်က လီလီ သိထားသလို ချမ်းသာကြွယ်ဝတဲ့ အသိုင်းဝန်းက မွေးဖွားလာတဲ့သူ စစ်စစ်တော့ မဟုတ်ဘူး …

ကျွန်တော့်မှာ မွေးတည်းက မိဘဆိုတာ မရှိခဲ့ဘူး။ မိဘမဲ့ဂေဟာမှာ ကြီးပြင်းလာတာ။ ကျွန်တော်နဲ့အတူ နန္ဒ ဆိုတဲ့ တစ်ယောက်ရှိသေးတယ်။ သူနဲ့ ကျွန်တော်နဲ့ ကို ဖေဖေကြီးတို့က မွေးစားခဲ့တာပေါ့ …

ကျွန်တော့်မွေးစားမိဘတွေမှာ သမီးတစ်ယောက်ရှိ တယ်။ သူက လက်ရှိမှာတော့ ကျွန်တော်တို့ စီးပွားရေး လုပ်ငန်းတွေကို ဦးဆောင်နေတာပေါ့ …

ရွှေသိရိခေတ်လို့ ခေါ်တယ်။ ကျွန်တော်တို့ကတော့ မမသိရိပေါ့။ ခုတော့ မွေးစားမိဘတွေလည်း ဆုံးပါးသွား ကြပါပြီ။ အဲဒါဟာ ကျွန်တော့်ဘဝအမှန်ပါ လီလီ"



www.burmeseclassic.com

www.burmeseclassic.com



လီလီက သူ့ကို လဲ့ရည်နေသော မျက်ဝန်းများဖြင့် စူးစူးနစ်နစ် စိုက်ကြည့်နေပြီးမှ သူ ထင်မထားသော စကားတစ်ခွန်းကို ပြောချလိုက်လေသည်။

“ဒီအကြောင်းတွေကို လီလီ့ကို ပြောပြရတဲ့ အကြောင်းအရင်းက Propose လုပ်ချင်လို့လား ဟေမဝန်”

“ဗျာ”

“Yes or No ? ”

လီလီက ပြုံးစစဖြင့်ဆိုလျှင် သူက ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူ စီစဉ်ထားသလို ဖြစ်မလာဘဲ လွဲချော်နေ၍ အခြေအနေကို ဘယ်လို ထိန်းသိမ်းထားရမှန်းမသိ ဖြစ်နေသည်။ Shock ရနေသည်။

“ဟို ...”

“လီလီ ပြောတာ မမှားဘူး မဟုတ်လား ဟေမဝန်”

သူက ရှက်ရယ် တစ်ချက်ရယ်လိုက်ရင်း လီလီ့ကို မော့်ကြည့်လိုက်မိသည်။ ပန်းရောင်လဲ့ဖြာနေသော လီလီရဲ့နှုတ်ခမ်းများ ပြုံးနေပုံမှာ သူ့အတွက် ယစ်မူးဖွယ် ကောင်းလှပါသည်။

“လီလီ ဘယ်လိုလုပ် သိနေတာလဲဗျာ”





သူ ညည်းညည်းညူညူ ပြောတာကို လီလီက သဘောတကျနှင့် ရယ်နေသေးသည်။

“လီလီက စုံထောက်ဝတ္ထုတွေ အရမ်းဖတ်တယ် ဟေမဝန်ရဲ့”

သူက လီလီ ဘာပြောချင်လဲ မသိသေး၍ စောင့်ကာ နားထောင်နေလိုက်သည်။

“စုံထောက်ဝတ္ထုတွေ ဖတ်ပြီး အပြင်က လူတွေကိုလည်း အကဲခတ်ရတာ ဝါသနာပါလာတယ်။ ခုဆို ဟေမဝန်က ဒီည ဒင်နာစားဖို့ တကူးတက သီးသန့်ဖိတ်တယ်၊ စားတယ် သောက်တယ်၊ ပြီးတော့မှ ဘဝအကြောင်း တသီးတသန့် စကားစ,ပုံထောက် လေးနက်တဲ့စကားမျိုး ပြောတော့မယ်လို့ ယူဆရတယ် ...

အဲဒါဟာ ဘာစကား ဖြစ်နိုင်မလဲ။ ဟေမဝန်ရဲ့ အကြည့်တွေနဲ့ ပေါင်းစပ်လိုက်ရင် အဲဒါပဲ ဖြစ်နိုင်မယ်လေ။ ဟုတ်တယ်မှုလား”

“အင်း ... ဘာပြောရမှန်းတောင် မသိတော့ပါဘူး လီလီရယ်။ ဟုတ်တယ် ... ကျွန်တော် တကယ်တော့ လီလီ့ကို သိပ်ချစ်နေမိတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော် သိပ်ချစ်ရတဲ့ မိန်းကလေး တစ်ယောက်ကို ကျွန်တော့်ဘဝအကြောင်း မချွင်းမချန် သိစေချင်တာပါ"

"ရှင် ဆိုလိုချင်တာက လီလီ့ကို ဒီလိုတွေ ပြောပြပြီးရင် ဒါတွေကို ထည့်တွက်စဉ်းစားပြီး ချစ်နိုင် မချစ်နိုင်၊ ချစ်သင့် မချစ်သင့် ဆုံးဖြတ်ပေါ့ ...

ဟုတ်လား"

"အဲ ... ဘယ်လိုပြောရမလဲ"

"ဘယ်လိုမှ မပြောနဲ့။ ရှင် ပြောချင်တဲ့ အဓိပ္ပာယ်က အဲလိုပဲ သက်ရောက်နေတယ်လေ။ သီအိုရီအတိုင်းကြီးပေါ့"

"အဲလိုတော့ မဟုတ်ပါဘူး လီလီရယ်။ ကျွန်တော်က ကျွန်တော့်ဘဝအမှန်ကို ကျွန်တော်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို မချွင်းမချန် သိစေချင်တာပါ။ တခြား ထွေထွေထူးထူးတော့ ကျွန်တော် မတွေးမိပါဘူး"

"ရှင် မတွေးမိပေမယ့် လီလီ တွေးမိတယ်ရှင့်"

သူက လီလီ့ကို ပင့်သက်ခိုးရှိုက်ကာ ငေးမောကြည့်မိသည်။ လီလီက ဘယ်လိုအတွေးအခေါ်နဲ့ လှည့်တွေးသလဲတော့





မပြောတတ်။ သူကတော့ ရိုးရိုးလေးပဲ တွေးခဲ့တာပါပဲ။ ကိုယ်ပြောချင်တာကို သူ နားမလည်တဲ့ အဓိပ္ပာယ်က အတော်ဆိုးပါသည်။

"အဲဒီလို သိပြီးတော့မှ ချစ်သင့်တယ် မချစ်သင့်ဘူး ဆုံးဖြတ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အချစ်က စစ်မှန်မယ်လို့ ရှင် ထင်လား"

"ကျွန်တော် ..."

ဘာမှ ဆက်မပြောတတ်တော့ဘူး ဟူသော ပုံစံဖြင့် သူက လက်ဝါးနှစ်ဖက်ကို ဖြန့်ပြလိုက်သည်။ လီလီက သူ့ကို စူးနင့်စွာ စိုက်ကြည့်ရင်း ပြုံးကာ ...

"လီလီ့ကို အထင်မသေးဘူးဆိုရင် ဒီနေရာမှာပဲ စကားတစ်ခွန်း ပြောလိုက်ချင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ နောက်နေ့မှပြောရင် မွေးစားသား၊ သူဌေးသား တွက်ချက်ပြီး စဉ်းစားပြီးမှ ပြောတယ် ဖြစ်မှာစိုးလို့"

သူက အသက်မှ ရှူရဲ့လားဟု တွေးမိသွားအောင် လီလီ့ကို ငေးကြည့်နေမိသည်။ လီလီကလည်း သူ့ကို နှစ်မြောစွာ ငေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လီလီလည်း ရှင့်ကို ချစ်မိပါတယ် ဟေမဝန်"

အို ... သူ့နားတောင် သူ မယုံချင်ပါ။ လီလီ ဘာ ပြောလိုက်တာပါလိမ့်။ သူက Shock ရသွားသော လူတစ်ယောက်နှယ် လီလီ့ကို ကြောင်ပြီး ငေးကြည့်နေမိသည်။ လီလီက သူ့ကို လှပစွာ ပြုံးပြနေရင်းမှ သူ ကြောင်နေပုံကိုကြည့်ကာ သဘောကျသလိုဖြင့် တဟားဟား ရယ်လေတော့သည်။ အဲဒီတော့မှ သူလည်း သတိဝင်လာသည်။

"လီလီ ကျွန်တော့်ကို အဖြေပြန်ပေးလိုက်တာပေါ့ ... ဟုတ်လား။ ဟား ... လုံးဝထင်မထားဘူး လီလီရယ်။ ကျွန်တော် ... ဟား ..."

"အဖြေပြန်ပေးတာလား ဘာလားတော့ မသိဘူး။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ ရှင့်မှာရှိတဲ့ ခံစားချက်မျိုး လီလီ့မှာလည်း ရှိနေတယ်လေ ..."

အဲဒါဟာ အိမ်ပြန် ညအိပ်ပြီး စဉ်းစားနေစရာ မလိုတဲ့ ကိစ္စပါ"

"လီလီရယ်"





သူက လီလီ့ရဲ့ လက်ဖျားလေးများကို ဆွဲယူဖျစ်ညှစ်ချင်သော်လည်း ဝေးကွာနေသောကြောင့် အခွင့်မသာပါ။ ဒါပေမဲ့ လည်း အချစ်ရည်တွေ ရွှန်းလဲ့နေသော သူ့ခံစားချက်ကို လီလီ သိနိုင်မည်ဟု ထင်သည်။ အဲလို ထင်ထားတာဟာ မမှားကြောင်း လည်း နောင်အခါ ပိုသိလာရမည်ဟု လီလီက ပြောသည်။ အကယ်တော့ ပိုချစ်တတ်သူသာ သူတစ်ပါးကို ထွင်းဖောက်မြင်တတ်ခဲ့တယ် ဆိုတာကို သူ မရိပ်မိ ဖြစ်ခဲ့ရပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈

လီလီနှင့် ချစ်သူဖြစ်ပြီး တစ်ပတ်အကြာမှာပဲ သူမက သူ့ကိုတစ်ခု ပြောလာသည်။

"ဟေမဝန် ... လီလီ့အစ်ကိုနဲ့ တွေ့ပေးချင်တယ်။ ဘယ်လိုလဲ"

"အင်း ... တွေ့လေ လီလီ။ ရပါတယ်။ ဒါပေမဲ့ မျက်နှာတော့ပူသား ... ဟဲ ဟဲ"

"ဟင် ... ဘာပူစရာလိုလဲ။ ကိုကြီးက သဘောကောင်းပါတယ်။ ငယ်ငယ်တည်းက UK မှာ ကျောင်းကက်လာခဲ့တော့ သူက ဆိုရှယ်ကျတယ်။ အေးဆေးပါပဲ"





"ဟုတ်လား။ အင်း ... တော်သေးတာပေါ့။ ရတယ်လေ လီလီ့ကိုကြီး အားမယ့်နေ့ကို ရွေးလိုက်ပါ။ ကိုယ်က အဆင်ပြေပါတယ်"

"ကိုကြီးက ဒီတစ်ပတ် ဆန်းဒေး အားတယ်။ ပြီးရင်တော့ ထိုင်ဝမ်ကို တစ်ပတ်လောက် ခရီးထွက်ရမှာ။ အဲဒီတော့ ဆန်းဒေးမှာ ဟေမဝန် ဘယ်အချိန်လာချင်လဲ ပြော"

"ကိုယ်က အဆင်ပြေပါတယ်။ ဘယ်အချိန်ပဲဖြစ်ဖြစ်"

"အိုခေလေ ဒါဆို ဆန်းဒေး နေ့လယ်စာစားရင်း ဆုံတာပေါ့။ လီလီက ညစာ သိပ်မစားလို့လေ"

အဲဒီလိုနှင့် သူက တစ်နေ့သော ဆန်းဒေးမှာ လီလီတို့ခြံထဲသို့ ထပ်ရောက်ခဲ့ရသည်။ အိမ်နေရင်းမို့ ဒီတစ်ခါ လည်း လီလီ့ကို ဆံပင်ချထားတာ မတွေ့ရပါ၊ ငယ်ထိပ်က ယူကျစ်ထားသော ငါးရိုးကျစ်ဆံမြီးရယ်နှင့် ဖဝါကို စလွယ်ပုံစံစည်းထားကာ ရှမ်းဘောင်းဘီလို ဘောင်းဘီအပွကို ဝတ်ဆင်ကာထားသည်။ သူ့ကို ဧည့်ခန်းမှာ ထိုင်ခိုင်းထားပြီး စကားစမြည် ပြောနေစဉ်မှာပင် အိမ်အပေါ်ထပ်မှ ဆင်းလာသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားသော အရပ်အမောင်း၊ ယောက်ျားပီသသော ရုပ်ရည်ရှိသူ၊ စိုပြည်လတ်ဆတ်သော အသားအရေပိုင်ရှင် လီလီ့ အစ်ကိုကလည်း မသိလျှင် ယိုးဒယားလူမျိုးလား ထင်ရအောင် ထိုင်းရိုးရာချည်ထည်အင်္ကျီနှင့် လွတ်လပ်ပေါ့ပါးသော ချည်သား ဘောင်းဘီကို ဝတ်ဆင်ထားသည်။ သူက ပထမဆုံး ဆုံတွေ့မှုမို့ မတ်တတ်ရပ်ကာ ဂါရဝပြုလိုက်သည်။

"ဩော် ... ထိုင်ပါ ညီ။ ရပါတယ် ... ထိုင်ပါ"

လီလီ့အစ်ကိုက သူနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။ သိန်းငှက်လို တောက်ပစူးရှသော မျက်လုံးများက သူ့ကို အကဲခတ်နေတယ်ဆိုတာ သိရသည်။ ပညာတတ် တစ်ယောက်၊ သူဌေးတစ်ယောက်ရဲ့ပါဝါမျိုး အတိအကျ ရှိသည်မို့ သူက နည်းနည်းတော့ မနေတတ် မထိုင်တတ် ဖြစ်ရသည်။ ကိုယ့်ချစ်သူရဲ့အစ်ကို ဆိုတဲ့ အသိက နည်းနည်းတော့ သွေးပူစေပါသည်။

"ကိုကြီး ... ဒါ ညီမလေး ပြောပြထားတဲ့ သူလေ။ ဟေမဝန့်တဲ့။ ဟေမဝန် ... ဒါ လီလီ့ကိုကြီး မောရစ်ပြည့်စုံလို့ ခေါ်တယ် ...





စီးပွားရေးလောကမှာတော့ ကိုကြီးကို မောရစ်လို့ သိကြတယ်"

"အေး ... တွေ့ရတာ ဝမ်းသာပါတယ် ညီ"

"ဟုတ်ကဲ့ အစ်ကို။ ကျွန်တော် အစ်ကို့နာမည်ကို ကြားဖူးပါတယ်"

"ဟေ ... ဟုတ်လား။ အင်း ... ဟုတ်မှာပါ။ ကိုယ်က နည်းနည်း လောဘကြီးတယ်လေ"

"ဟင်း ဟင်း ... အဲလိုလည်း မဟုတ်ပါဘူး ခင်ဗျ။ တော်တယ်လို့ပဲ ကြားဖူးတာပါ"

"ဒါနဲ့ ညီကရော ဘာလုပ်လဲ"

"ကျွန်တော်က မိသားစုပိုင် ကုမ္ပဏီမှာပဲ လုပ်ပါတယ် အစ်ကို။ မိသားစုပိုင် ဆိုတော့ ရာထူးရယ် တိတိကျကျ ယူထားတာမျိုးတော့ မရှိပါဘူး။ ဦးဆောင်တဲ့နေရာမှာတော့ ရှိပါတယ် ခင်ဗျ"

"အင်း ... အေးပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ လက်ရှိစီးပွားရေးလောကထဲမှာ ကျင်လည်နေတဲ့ အနေအထားဆိုတော့ ကောင်းတာပေါ့။ လိုတဲ့အကူအညီရှိရင်လည်း ပြောကွာ။ ကိုယ် တတ်နိုင်တာဆို welcome ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အစ်ကို။ ကျေးဇူးတင်ပါတယ်"

"အိုခေ ... အိုခေ။ ကဲ ... ညီမလေး ကိုကြီးတို့ကို ထမင်းကျွေးတော့ကွာ။ ဆာပြီ ညည်းသည်လည်း ဆာရောပေါ့"

"ရယ်ဒီပါရှင့် ... ကဲ ... ဟောမဝန် စားကြစို့"

လီလီက ဦးဆောင်ပြီး ထမင်းစားခန်းထဲသို့ ခေါ်လာသည်။ လီလီကပဲ ပြင်ဆင်ထားလား၊ ကိုမောရစ်ကပဲ ဘိလပ်မှာ ကျောင်းတက်လာသူမို့လား မပြောတတ်။ အိမ်တွင်းအပြင်အဆင်တို့မှာ ဥရောပအငွေ့အသက်တို့ လွှမ်းနေလေသည်။ လီလီက ယိုးဒယားဘက်နွယ်တဲ့ ဖက်ရှင်၊ အသုံးအဆောင်။ သူမရဲ့အစ်ကိုက ဘိလပ်ပြန်မောင်သောင်းဖေ။ သူကတော့ စိတ်ထဲမှနေ၍ ပခုံးသာတွန့်မိလေသည်။ ဟင်းအမယ်တွေကရော ဘယ်နိုင်ငံက အစားအသောက်တွေများ စီမံထားဦးမလဲ မသိပါ။

ထမင်းစားခန်းနားသို့ ရောက်ခါနီးမှာပဲ တရုတ်ဗျပ်စောင်းသံတီးလုံးသဲ့သဲ့ကို ကြားရသည်။

"ဟောမဝန် တရုတ်စာ ကြိုက်တတ်မယ်ထင်လို့ တရုတ်ဟင်းကောင်းကောင်းတွေ စီစဉ်ထားတယ်"

"သိုင်းခယူး လီလီ"





ကိုမောရစ်က ထိပ်ဆုံးကခုံမှာ နေရာယူသည်။ သူ့ဘာ ညာဘက်၊ လီလီက ဘယ်ဘက်။ ထမင်းစားခန်းထဲမှာ တရုတ်ဗျပ်စောင်းသံက ခပ်သဲ့သဲ့။ လီလီတို့ ဧနေထိုင်မှု အဆင့်အတန်းက တခမ်းတနား ဆန်လွန်းပါသည်။

"ကဲ ... လွတ်လွတ်လပ်လပ်နဲ့ အားရပါးရသာ စားပါ ဟောမဝန်ရေ။ တရုတ်ဟင်းတွေက အရသာရှိမယ့်ပုံပါပဲ"

"ဟုတ်ကဲ့ ... အဟင်း ... chef က တော်တော် တော်မယ့်ပုံပဲ"

"တော်တယ် ... သူက တရုတ်၊ အိန္ဒိယ၊ ယိုးဒယား၊ မြန်မာနဲ့ ဥရောပစာ အနည်းငယ် ချက်တတ်တယ် ... နောက်ကျရင် တစ်မျိုးဆီ လာစားပေါ့ ဟောမဝန်"

လီလီက အဲဒီစကားကို သက်သောင့်သက်သာဟန် ပြောသော်လည်း သူကတော့ ယောက်ဖလောင်းရှေ့မှာမို့ နှာပူရလေသည်။ ဒါကြောင့် ဘာပြန်ပြောရမှန်း မသိဘဲ သော ရယ်ပြလိုက်ရသည်။ ဟင်းတွေက စားလို့ အင်မတန် ကောင်းသော်လည်း သူကဲ့ သိပ်စားမဝင်ပါ။ တစ်ခုံတစ်ရာက တို လွှမ်းခြုံထားသလို ခံစားရပြီး ကိုမောရစ်ကို မကြာခဏ လှမ်းကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကသာ အဲဒီလို ဖြစ်နေသော်လည်း ကိုမောရစ်က တော့ ပေါ့ပေါ့ပါးပါးပါပဲ။ ထမင်းစားပြီး သစ်သီးစားတော့ တစ်ခုပဲ ပြောသည်။

"ကိုယ့်ညီမလေးက ငယ်ငယ်တည်းက မိတဆိုးလည်းဖြစ် တစ်ခါ ဒယ်ဒီကလည်း ဆုံးသွားပြန်တော့ မေတ္တာတော်ငြိ တစ်ခါတလေမှာ ဆိုးချင်တယ် ဟေမဝန် ...

သူနဲ့ ကိစ္စကြီးငယ် အကြောင်းတစ်ခုခု ပေါ်လာတိုင်း စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့လို့ ပြောချင်တယ်"

"ဗျာ ! သြော် ... ဟုတ်ကဲ့ပါ အစ်ကို"

"လူနှစ်ယောက် ချစ်ပြီဆိုတဲ့ နေရာမှာ ဘယ်သူမှ လက်ထပ်ခြင်းဆိုတဲ့ ပန်းတိုင်ကို သွားချင်ကြတဲ့ လူချည်းပဲပေါ့ ...

အကြောင်းအမျိုးမျိုးကြောင့် ရှေ့ဆက် လက်တွဲ မရတဲ့သူတွေလည်း ရှိတတ်ကြပါတယ်။ ကိုယ့်ညီကို လီလီ ကို မဖြစ်မနေ လက်ထပ်ရမယ်ဆိုတဲ့ pressure ပေး စိတ်မျိုး ကိုယ့်မှာ မရှိပါဘူး ...

ဒါပေမဲ့ အတတ်နိုင်ဆုံးပေါ့လေ။ သူ့ကို သည်းခံ နားလည်ပေးဖို့ပါ၊ အဲဒါလေးတော့ Request လုပ်ချင်တယ် ညီ ...





"စိတ်ချပါ အစ်ကို။ ကျွန်တော့်ဘဝမှာ လီလီက ပထမဆုံး ချစ်သူပါ။ တွေ့ဆုံချိန်က သိပ်မကြာသေးဘူး ဆိုပေမယ့် ကျွန်တော် သူ့အပေါ်မှာ မေတ္တာတရားနဲ့ နားလည်မှုက ပိုပါတယ် ...

အတတ်နိုင်ဆုံး နားလည်ပေးသွားမှာပါ"

"ကျေးဇူးတင်တယ် ညီ။ ဒီစကား ကြားရတဲ့အတွက် ဝမ်းလည်းသာတယ်၊ အိုခေ ... ကဲ ... လီလီနဲ့ အေးဆေး စကားပြောဦးပေါ့ ...

ကိုယ် ခဏနားလိုက်ဦးမယ်"

"ဟုတ်ကဲ့ အစ်ကို"

ကိုမောရစ်က သူ့ပခုံးကို တရင်းတနှီး ခွေးခွေးထွေး ပြီး တစ်ချက် ဖျစ်ညှစ်ကာ ထွက်သွားသည်။ ဘယ်ရောက် နေမှန်း မသိသော လီလီက ခုမှပဲ ပြန်ရောက်လာပါသည်။

"လီလီ ဘယ်သွားနေတာလဲ"

တမင်များ ရှောင်ပေးသလားထင်၍ သူက မေးမိ ၏။ လီလီက ပါးစပ်ရှေ့သို့ လက်ဝါးနှင့်ကာ၍ ဟားခနဲ လုပ် ...



www.burmeseclassic.com

www.burmeseclassic.com



"သွား,သွားတိုက်နေတာလေ။ လီလီ ထမင်းစားပြီးတိုင်း အမြဲသွားတိုက်တယ်။ တစ်နေ့ သုံးကြိမ်ပေါ့။ ရှင် မတိုက် ဖြစ်ဘူးမှလား ... ဟင်း ဟင်း"

သူ့ကို လှောင်သလိုလေး ပြောသော လီလီ့ပုံစံလေးက ချစ်စဖွယ်လေးပါ။ တည်ငြိမ်ရင့်ကျက်တယ်လို့ ထင်ခဲ့ရသေမယ့် ကလေးဆန် ဆိုးနွဲ့မှုတွေရှိကြောင်း၊ ကိုယ်ဖြစ်ချင်တာကို ဖြစ်ကို ဖြစ်ရမှဆိုတဲ့ စိတ်မျိုးတွေ လီလီ့ထံမှာရှိကြောင်း သိခဲ့ရတာ သိပ်မကြာသေးပါ။

သူက ခွင့်လွှတ်ပြုံးလေးဖြင့် လီလီ့ရဲ့ ဆံနွယ်လေးတွေကို လေဖြင့်မှုတ်မိသည်။ လီလီက နှုတ်ခမ်းထောင့်စွန်းလေးများ ကော့တက်ပြုံးလာကာ သူ့ကို စွန်းစွန်းစားစားပဲ ကြည့်လေသည်။ လီလီက နံရံကို မှီလျက်သား အနေအထားနှင့် ဖြစ်ပြီး သူက လီလီနှင့် မျက်နှာချင်းဆိုင်မှာ နံရံကို လက်နှင့်ထောက်ထားရင်း လီလီ့ မျက်နှာလေးကို ငေးနေမိတာဖြစ်သည်။ ဒီအချိန်အတန့်လေးဟာ အသာယာဆုံး အချစ်ရဲ့ချိုမြိန်မှုပါပဲ။ လီလီက သူ့ကို စွန်းလက်သော မျက်လုံးများဖြင့် ငေးကြည့်ရင်းမှ ဆိုလေသည်။





"ဟော့မဝန်"

"အင်းဟင်"

"ချစ်သူတွေမှာ ကိုယ်ပိုင်သီးသန့်ခေါ်တဲ့ နာမည်တွေ ရှိကြတယ်လေ"

"အင်းဟင်"

"လီလီလည်း ဟောမဝန်ကို ချစ်သူနာမည် ခေါ်ချင်တယ်"

"ဟား ... ကိုယ့်ချစ်သူက သိပ်ကော်တာပဲကွာ၊ အရမ်း ချစ်တယ် ... မွှစ်"

သူက လီလီ့ကို တကယ်မနမ်းပဲ အနားနားကပ်ကာ အနမ်းအတုသာ ဖန်တီးလိုက်တာဖြစ်သည်။ ဒါကိုပဲ ရင်သိမ့်တုန်ဆောင့် ကြည်နူးရပါသည်။ လီလီ သူ့ကို ဘယ်လိုခေါ်မလဲ။ သူမ ရင်ထဲက မွေးဖွားလာသော အခေါ်အဝေါ်လေးကို နားစွင့်ရင်ခုန်ပါသည်။

ကို ... လား၊ မောင် ... လား။

"ဘယ်လိုခေါ်မှာလဲ မောင်လား"

"No"

"What ? "



www.burmeseclassic.com

www.burmeseclassic.com



"ငယ်လေး"

"ဘာရယ်"

"ငယ်လေး ... လို့"



## ၉

ကလင် ကလင် မြည်လာသော နှိုးစက်ကို လှမ်းပိတ်ပြီးနောက် မရေးမနှောင်းမှာပဲ သူ့ဖုန်းထဲသို့ မတ်ဆေ့ချ်ဝင်လာသံ ကြားလိုက်ရသည်။ ဖွင့်ဖတ်လိုက်လျှင် "Good Morning Nge Lay"ဆိုသော စာသားနှင့် လျှာထုတ်ပြနေသော ကာတွန်းရုပ်လေးကို မြင်လိုက်ရသည်။ သူက နှာခေါင်းရှုံ့ပြီးနောက် ခေါင်းခါယမ်းမိသည်။ ဘာသဘောနဲ့များ "ငယ်လေး"လို့ ခေါ်တာလဲဟု သူ ဘယ်လိုမှ စဉ်းစားမရပါ။ တားရအောင်ကလည်း သိလိက မြတ်မြတ်နိုးနိုးခေါ်တဲ့ နာမည်မို့ မတားရက်။

ကြာတော့လည်း တစ်ပတ် ဆယ်ရက်ကြာသောအခါ ငယ်လေးက သူ့နားထဲ စွဲလာပါသည်။ သူက သံနို့စင်ခန်းဝင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ရေ သန့်ရှင်းရေးပြီးသောအခါ ရေမိုးချိုး ဘုရားရှိခိုး အပြီး ရုံးသွားဖို့ရာ တစ်ခါတည်း အိမ်ပေါ်က ဆင်းလာခဲ့သည်။ အောက်မှာ Breakfast စားပြီးမှ ရုံးသွားရမည်။ ထမင်းစားခန်း ထဲတွင် ဝိရိယရှိသူ နန္ဒကတော့ အရင်ရောက်ကာ ဆွဲနေပေပြီ။

"ဘာတွေလဲ နန္ဒရ"

"ရွှေတောင်ခေါက်ဆွဲ"

"ဟား ... ငါ့အကြိုက်ပေါ့။ ဒေါ်မိရေ ထည့်ပေးပါဦး"

"လာပါပြီတော် ... အရိပ်မြင်လိုက်တာနဲ့ ထည့်ပေးပြီး သား"

"ဟား ဟား ... ဒေါ်မိက အဲဒါတွေ တော်တာ"

သူ့နှာခေါင်းထဲ ရောက်လာသော ရွှေတောင် ခေါက်ဆွဲ ဟင်းရည်မွှေးမွှေးအနံ့ကို ကျော်လွန်ကာ သင်းပျံ့လွန်း သော ရေမွှေးနံ့ကို ရလိုက်လျှင်တော့ မမသီရိ ရောက်လာပြီဆို တာ သိလိုက်ရသည်။ ထင်တဲ့အတိုင်း မော့ကြည့်လိုက်လျှင် မမ သီရိက ထိပ်ကစားပွဲမှာ ဝင်ထိုင်သည်။ သူက မော့ကြည့်ကာဖြင့် ခေါင်းတစ်ချက် ဆတ်ပြရင်း "မောနင်း"ဟု နှုတ်ဆက်လိုက် သည်။





"ဟေမဝန် ... မင်းကို ဒေါက်တာပရာဆူး အကြောင်း စုံစမ်းခိုင်းထားတာ ဘယ်လိုလဲ"

"ကောင်းပါတယ် မမ။ သူ့ကို (xxx)ကတောင် စုံစမ်းတယ် လို့ သတင်းထွက်နေလို့ မမ စိတ်ဝင်စားတယ် ဆိုရင်လည်း မြန်မြန်ဆုံးဖြတ်ချက်ချပြီး စာချုပ်,ချုပ်လိုက်တော့လို့ ပြော ချင်နေတာ"

"အင်း ... ဒါဆိုလည်း ဒီတစ်ခေါက် နန္ဒပဲ ဗန်ကောက် သွားရဦးမှာပေါ့"

"ဟာ ဟ ... စိတ်ဆိုးတယ်ဟေ့"

နန္ဒက ထအော်သည်။ နန္ဒက Over Sea သွားရ မည်ဆိုလျှင် သိပ်ပျော်သည်။ သူကတော့ ခရီးသွားရတာ သိပ် ဝါသနာမပါလှချေ။ အခုလည်း အချိုရည်အသစ်သုံးမျိုး ထုတ်ဖို့ ရာအတွက် ပညာရှင်ကို ငှားရမ်းဖို့ စီစဉ်တိုင်ပင်နေကြတာဖြစ် သည်။

"ဒါနဲ့ အချိုရည် ကိုယ်စားပြု Brand Ambassador Models သုံးယောက်ကိုလည်း ရွေးရဦးမယ်နော် ... အဲဒါက ဘယ်သူ စီစဉ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ဟေမဝန်ပဲ စီစဉ်လိမ့်မယ်။ ဟေမဝန်က ပိုကျွမ်းတယ်"

"ဟော့ကောင် ... ဆေးလာထိုးမနေနဲ့"

"အယ် ... ငါက စေတနာနဲ့လည်း ပြောရသေးတယ်"

"ကဲပါ ... ဒါဆိုလည်း ဟေမဝန်ပဲ စီစဉ်လိုက်။ စိတ်ကူး ကောင်းကောင်းနဲ့ စီစဉ်စဉ်းစားကွာ။ သူများနဲ့တူတဲ့ ကြော်ငြာ Idea လည်း မလိုချင်ဘူး ...

ဖြစ်နိုင်ရင် ဗန်ကောက်က ဒါရိုက်တာကို ငှားရိုက်ရင်တောင် ပိုကောင်းတယ်။ ခုနောက်ပိုင်း တချို့ကြော်ငြာတွေ Quality အရမ်းကောင်းလာတယ် ...

မမ အဲဒါမျိုးကို သဘောကျတယ်"

"ဟုတ်ကဲ့ မမ။ ကျွန်တော် သေချာစီစဉ်ပါ့မယ်၊ စိတ်တိုင်းကျစေရပါမယ်"

"အင်း ... ဩော် ... ဒါနဲ့ မင်းကို မေးပါဦးမယ် ဟေမဝန်၊ တလောက မင်း Floral Service ကို ငှားတာ ဒေါ်လာနဲ့တောင် ရှင်းရတယ် ... ဟုတ်လား"

"ဗျာ ... အဲ ... ဟုတ်လား ... မသိပါဘူး"





"ဘာမသိပါဘူးလဲ။ အဲဒီ ပန်းပြင်တာ လုလို့ဆိုပြီး ငါ့မိတ်ဆွေတစ်ယောက်က သူ့သမီး မင်္ဂလာဆောင်အတွက် ဆိုပြီး သွားငှားတာ ဒေါ်လာနဲ့မှ လက်ခံတယ်ဆိုပဲ ...

တို့ပွဲတုန်းကလည်း ဒေါ်လာနဲ့ ရှင်းရတယ်ဆို။ ဘယ်ကများ ပေါက်ပေါက်ရှာရှာ သိလာရတာလဲ။ ဒေါ်လာနဲ့ ရှင်းရအောင် သူက ဘယ်လောက်များ တော်နေ တတ်နေလို့လဲ"

သူက ဘာပြန်ပြောရမှန်း မသိခင်မှာပဲ နန္ဒက ဝင်ပြောသည်။

"သူက ဒေါ်လာစားကို ငှားမှာပေါ့ မမရဲ့။ အဲဒါ သူ့ကောင်မလေးပဲဟာ ... ဟား ဟား"

"ဘာရယ် ... ဘာရယ်"

"ဟော့ကောင် နန္ဒ။ ဘာတွေ လျှောက်ပြောနေတာလဲ"

"အံမယ် ... မဟုတ်တာ ကျနေတာပဲ"

"ဘာလဲ ... ဟေမဝန်။ မင်း ကြိုက်နေတဲ့ ကောင်မလေးလား"

"ဟား ဟား ... ကြိုက်နေတာ မဟုတ်ဘူး။ ဒီကောင်က အစွမ်းစရှိသွားပြီ။ ကြိုက်သွားကြပြီ၊ သူ့ရည်းစား မမရေ"



www.burmeseclassic.com

www.burmeseclassic.com



မမသီရိ မျက်လုံးတွေက အံ့ဩသလိုဖြင့် သူ့ကို ကြည့်လိုက်သည်။ သူက နန္ဒကို စိတ်ထဲမှ ခပ်တိုးတိုး ကျိန်ဆဲမိလေသည်။ ငြိမ်နေလို့ မရတော့ပြီဆိုတော့ မမသီရိကို ပြောဖို့ စကားလုံး ရှာရသည်၊

"ဟိုဒင်း ... ကျွန်တော်က မမကို ပြောပြမလို့ပါပဲ၊ အေးအေးဆေးဆေးမှပေါ့"

"နေပါဦး ... မင်းတို့က ဘယ်တုန်းက တွေ့သွားကြတာလဲ"

"အဲဒါလည်း မမရေးတဲ့ ဖူးစာပဲ"

နန္ဒက ဝင်ပြောပြန်လျှင် ဒီတစ်ခါတော့ မမသီရိက လှည့်ငေါက်လေသည်။

"ဟဲ့ ... နင့်ပါးစပ်ကို ပိတ်ထားစမ်းပါ နန္ဒရယ်။ ငါမေးနေတာ ဟေမဝန်၊ နင်ပဲ ဝင်ဖြေနေ တကတဲ"

"ဩော် ... ကာယကံရှင်က မြို့နေတာကို မမကလည်း။ ကျွန်တော် ပြောလို့လည်း သိရသေးတယ်။ ကျေးဇူးတော့ မတင်ဘူး"





မမသီရိက နန္ဒကို မျက်စောင်းလှည့်ထိုးလိုက်လျှင် နန္ဒက ဇက်ပု ငြိမ်သက်သွားသည်။ သူက မမသီရိကို တွေ့တဲ့ အချိန်ကစပြီး လက်ရှိအချိန်အထိ အကျဉ်းရုံးကာ ရှင်းပြလိုက်သည်။

"ဒါဆို အဲဒီ ကောင်မလေးက ပန်းအလှပြင်တဲ့အလုပ် လုပ်တယ်ပေါ့"

"သူက ဝါသနာပါတာပါ။ ဒါကြောင့်လည်း သူ့ Market က အလှာတစ်ခုအတွက်ပဲ သီးသန့်ထား ထားတာပေါ့ ... တကယ်တော့ သူက သာမန်မိန်းကလေးတွေနဲ့တော့ သိပ်မတူဘူး မမ။ သူ့ပုံစံက ထူးခြားတယ်"

"အင်း ... နောက်မှ တွေ့ကြည့်တာပေါ့လေ"

"ဟား ဟား ... ပန်းအလှပြင်တာ ဒေါ်လာနဲ့ ယူတယ်ဆိုလို့ မမ စိတ်ဝင်စားသွားပြီ မဟုတ်လား"

နန္ဒက အငြိမ်မနေနိုင်ပဲ ထပ်၍ကလိလျှင် မမ မျက်စောင်းက ထပ်ကျလာသည်။ ပြီးတော့ ကော်ဖီသောက်ရင်းမှ တစ်ခု ထပ်မေးသည်။

"သူ့နာမည်က ဘယ်သူ ? "



www.burmeseclassic.com

www.burmeseclassic.com



"ဖူးပွင့်လီလီ တဲ့။ လီလီ လို့ပဲ ခေါ်ကြတယ်"

"အင်း ... အေးပေါ့လေ။ လူငယ်သဘာဝ ချစ်တာ ကြိုက်တာတော့ မမ ဘာမှမပြောချင်ပါဘူး။ ဒါပေမဲ့ မိန်းကလေးချင်း ကိုယ်ချင်းစာတဲ့ အနေနဲ့ မိန်းကလေးချင်းဘက်ကပဲ သတိပေးရမှာပဲ ...

ကိုယ့်ကြောင့်တော့ တစ်ဖက်သား မထိခိုက်စေနဲ့ပေါ့ ဟေမဝန်"

"ဟုတ် ... မမ၊ စိတ်ချပါ"

"ပြီးရော ... အလုပ်ထဲမှာလည်း အာရုံစိုက်ဦး။ အခုန ပြောတဲ့ မော်ဒယ်သုံးယောက်လည်း ရှာဖို့စီစဉ်တော့"

"ဟုတ် ... စိတ်ချပါ မမ"

အင်း Models သုံးယောက်တဲ့။ ဘယ်ကနေ ဘယ်လို စ,ရှာရမှန်းတောင် မသိတော့ပါ။ ဒီလိုကိစ္စမျိုးဟာ လီလီ ပိုနားလည်မည် ထင်ပါသည်။





၁၀

တကယ်တမ်းမှာ မိုဒယ်သုံးယောက်ရှာဖို့အတွက် အကြံဉာဏ်ကို လီလီ့ထံမှတောင် မတောင်းလိုက်ရပါ။ သူ့ရဲ့ငယ်သူငယ်ချင်းတစ်ယောက်ဖြစ်သော မျက်သွယ်နှင့် ပွဲတစ်ခုမှာ အမှတ်မထင် ပြန်ဆုံရင်း မျက်သွယ်က Model Agency တစ်ခု ရဲ့မန်နေဂျာ ဖြစ်နေသည်။ အဲဒီတော့ သူ့အခက်အခဲကို အလွယ်ဆုံးပဲ အကူအညီပေးဖို့ ကြွယ်လေသည်။

"နင် စဉ်းစားရမှာက အရမ်းနာမည်ကြီးတဲ့ အထဲကပဲ သုံးချင်တာလား၊ ဒါမှမဟုတ် အလားအလာ သိပ်ရှိတဲ့ သူကို သုံးချင်တာလား။ ဒါမှမဟုတ် လုံးဝမျက်နှာသစ် အမိုက်စားကို သုံးချင်တာလား။ အဲဒါ အရင်ရွေး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါတို့ ပစ္စည်းကလည်း အသစ်ဆိုတော့ New Face ကိုတော့ သုံးဖို့ရာ အဆင်ပြေမယ် မထင်ဘူးဟ ... နော် ...

နင်ပြောသလို အလားအလာရှိတဲ့ သူကိုပဲ ကြော်ငြာနဲ့ ပံ့ပိုးပေးပြီး အဲဒီ Brand ကို ပေါက်ချင်တယ်"

"အေး ... ဒါလည်း ကောင်းတာပါပဲ။ ပစ္စည်းအသစ်ပဲဖြစ်ဖြစ် သေချာရိုက်ရင် အဲဒီကြော်ငြာက ပေါက်မှာပါတယ် ...

နင်တို့ကုမ္ပဏီနာမည်ပါရင် လူတွေကလည်း သိပြီးသား ဖြစ်မှာပါ"

သူတို့က မိသားစုပိုင်စက်ရုံမှ ဆပ်ပြာမှုန့်၊ ရေသန့်၊ အချိုရည်၊ သကြားလုံး၊ ဆပ်ပြာမှုန့် စတာတွေ ထုတ်လုပ်တာဖြစ်ပြီး အခုလည်း တံဆိပ်သစ် အချိုရည်ထုတ်ဖို့ စီစဉ်နေကြတာဖြစ်ပါသည်။

"ဒါဆို ဘယ်သူတွေက သင့်တော်မလဲ အကြံပေးပါဦး"

"အင်း ... ဩစတြေးလျန်း ကပြားလေးတစ်ယောက်ရှိတယ် မဆိုးဘူး။ နောက် နှင်းဆီဝါ ဆိုတဲ့ ကောင်မလေးလည်း မိုက်တယ်။ နောက်တစ်ယောက် နှစ်ယောက်လောက်ရှိသေးတယ်။ ငါးယောက်ထဲက အဆင်ပြေတာရွေးဟ ...





နင်တို့က သိက္ခာရှိတဲ့ Brand ဆိုတော့ Image ကောင်းတဲ့ မော်ဒယ်ဖြစ်ဖို့လည်း လိုတယ်။ အလုပ်ကို လေးစားတဲ့သူလည်း ဖြစ်ရမယ်"

"အင်းလေ ... အဲဒါက နင်တို့က အသိဆုံးပဲ ဖြစ်မှာပါ။ နင့်ကိုပဲ အားကိုးရတော့မှာပဲ"

"အေးပါ ... အားကိုးပါ ... ဟင်း ... ဟင်း"

အဲဒီလိုနှင့် မော်ဒယ်ကိစ္စက ထင်ထားတာထက် ပိုအဆင်ပြေသွားသည်။ မျက်သွယ့်ရဲ့အကူအညီဖြင့် မော်ဒယ်သုံးယောက်ကို တနဦး အကြမ်းဖျဉ်းရွေးချယ်ဖြစ်သွားသည်။ နှင်းဆီဝါ၊ အနစ်ခ်စံပယ်ညိုနှင့် သံစဉ်ချို တို့ကို ရွေးဖြစ်ခဲ့သည်။ တစ်နှစ်ချုပ်ဖို့ ကိစ္စအဝဝ အားလုံး စီစဉ်ပြီးသောအခါ နေ့ခင်းတစ်ကြိမ်တော့ တိုးတော့မည်။ သူက မျက်သွယ်ကို ကျေးဇူးတင်စွာ ... လိုက်လိုက်လှဲလှဲ ကြည့်မိရင်း ...

"ကဲ ... မျက်သွယ်၊ နင် အများကြီး ကူညီခဲ့တဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ မိုက်လည်းဆာလို့ ငါ ပြန်တော့မယ်နော် ... ဟဲ ဟဲ"

"ဟယ် ... နင် တော်တော်ချစ်ဖို့ ကောင်းပါလား ဟေမဝန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဖြစ်လို့လဲ"

"နင့်ကို ငါပါ ထမင်းအငတ်ခံပြီး ကူညီထားတာလေ။ ငါ့ကို ထမင်းလေး ဘာလေး ကျွေးဖို့ စိတ်မကူးမိဘူးလားဟဲ့ ... ဟင်း ...။ တည့်တည့်ပြောမှ သိရလား။ အလိုက်မသိလိုက်တာ"

"အာ ... ရဆာရီး။ အဲလို မဟုတ်ပါဘူးဟာ။ ငါက နင်များ အလုပ်ရှိသေးလားလို့ပါ။ အိုခေ ... ဒါဆို သွားစားကြမယ်လေ ... လာ ...

ဘယ်မှာစားမလဲ"

"အနီးဆုံးဆိုင်ကိုသာ သွားဟယ်။ ငါလည်း တော်တော်ဗိုက်ဆာနေပြီ"

"ဩော် ... ဖြစ်ရတယ်။ ပြောပါလားဟာ ... လာ ... လာ"

"နင့်ကားနဲ့ပဲ လိုက်ခဲ့တော့မယ်နော်။ ငါ့ကို ပြန်ပို့ပေးလို့ဖြစ်တယ်မှလား"

"ဖြစ်ပါတယ်။ မဖြစ်တော့လည်း Taxi လေးပေါ်တော့ အရောက်တင်ပေးမှာပါ"

"ကောင်းစုတ် ... သေဦးမယ် ဟွန်း"





မျက်သွယ်က သူ့လက်မောင်းကို ဖုတ်ခနဲရိုက်ရင်းမျက်စောင်းလှလှထိုးသည်။ အဲဒီကျမှပဲ မျက်သွယ်ရဲ့မျက်နှာကိုသေချာကြည့်မိတော့သည်။ ယယ်ယယ်က ပိန်တာရိုးမလေး မျက်သွယ်သာ ခုတော့လည်း မော်ဒယ်အေဂျင်စီရဲ့ မန်နေဂျာမို့လို့လားမသိချေ။ မော်ဒယ်တစ်ယောက်လိုပဲ ဧမတ်ကျနေသည်။ ခပ်ဖွဖွလေး ကောက်ထားသော ဆံနွယ်ခွေခွေများဖြင့် ကုတ်နဲ့ မီနီစကတ်ကို ဝတ်ထားသော မျက်သွယ်ရဲ့ပုံစံက ကြော့ရှင်းလှပနေပါသည်။

"နင် ယိုးဒယားစာ ကြိုက်လား မျက်သွယ်"

"အင်း ... သိပ်ကြိုက်တာပေါ့"

"အိုခေ ... လမ်းသင့်နေတဲ့ တစ်ဆိုင် စဉ်းစားမိလို့။ ဒါဆို ယိုးဒယားဆိုင်ပဲ သွားလိုက်တော့မယ်"

"နင်ရော ယိုးဒယားစာ ကြိုက်လို့လား"

"ကြိုက်ပါတယ်"

ငါ့ကောင်မလေးက ပိုကြိုက်တယ် ဆိုတဲ့ စကားကိုတော့ စိတ်ထဲမှသာ ဆက်ပြောမိသည်။ တိုက်ဆိုင်မှုတွေရှိတိုင်း သတိရတတ်တာ ချစ်သူတွေရဲ့ ရိုးရာတစ်ခုပဲလား။ အဲဒီ ယိုးဒယားဆိုင်လေးမှာ လီလီနဲ့ နှစ်ခါလောက် သွားစားဖူးတယ်လေ။ သတိရမိသောအခါ လီလီ့ကို ပို၍လွမ်းဆွတ်တမ်းတလာမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရောက်တော့လည်း လီလီ ကြိုက်တတ်တာလေးတွေ ရွေးမှာဖြစ်သည်။

"အေး ... အဲဒီဟင်းလေက ပိုစားကောင်းတယ်ဟ။ အဲဒါ အုန်းနို့တွေ အရမ်းများတယ်၊ နည်းနည်းလျှော့ခိုင်းဟ"

"ဟင် ... နင်က သိလှချည်လား။ ဘာလဲ ဒီဆိုင်စားနေကြလား"

"ဒါပေါ့ဟ"

"သြော် ... ဒါကြောင့်ကိုး"

သူက မျက်သွယ်ကို ပြုံးပြီးခေါင်းညိတ်ပြလိုက်ချိန်မှာပဲ တစ်နေရာကနေ၍ သူ့ကို စူးစိုက်ကြည့်နေသော တစ်ယောက်ယောက်ရဲ့ အကြည့်ကို ခံစားရသလိုမျိုး နောက်ကျောမလုံသလို ဖြစ်လာသည်။ ဒါကြောင့် ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လိုက်လျှင် နောက်ကျောထဲက စိမ့်တက်သွားရအောင် စူးရှသော အကြည့်မျိုးဖြင့် စိုက်ကြည့်နေသည့် လီလီ့ကို ထင်မထားစွာ အံ့သြစွာ တွေ့လိုက်ရလေသည်။

"လီလီ"





သူ့နှုတ်က တိုးဖွဖွ ထွက်သွားသော်လည်း ရင်ထဲမှာတော့ အကျယ်ကြီး မြည်ဟည်းသွားသည်ဟု ထင်သည်။ သူက ဆက်ထိုင်ရမလို ထသွားရမလို နှုတ်ဆက်ရအောင် လှမ်းပြုံးပြရအောင်လည်း သူ့ကို လီလီ ကြည့်နေပုံက စိမ်းတောက်တောက်မျက်ဝန်းများလေ။

သူက ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာပဲ လီလီက ထိုင်နေရာမှ ဆတ်ခနဲထ,ကာ သူတို့စားပွဲဆီသို့ တစ်လှမ်းချင်း လျှောက်လို့လာသည်။ သူမရဲ့စတိုင်လ်အတိုင်း ပဝါတစ်ထည်ကို ဆော်ပြီး ရှမ်းဘောင်းဘီလို အနက်ရောင်ဘောင်းဘီပွပွဖြင့် မှော်ဆရာမလိုလို လျှောက်လာတာ ဖြစ်ပါသည်။

"လီလီ"

သူက အနားရောက်လာသော လီလီ့ကို ခေါ်ရင်း အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။ သူ ပြုံးသလို လီလီရဲ့နှုတ်ခမ်းဆီက ပြုံးမလာပါ။

"ဘယ်သူနဲ့ လာတာလဲ လီလီ၊ တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပဲ မြင်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လီလို့ရဲ့ အေးစက်စက် စကားသံကို သူက ကြော
တောင်တောင်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။ လီလီက နှုတ်ခမ်း
တွေကို တင်းတင်းစေ့ကာ မျက်ဝန်းများကို မှေးစင်းကြည့်ရင်း
ရုတ်တရက် မျက်သွယ်ကို လက်ညှိုးထိုးကာ မေးလိုက်သည်။

"သူက ဘယ်သူလဲ"

အဲဒီလိုကြီး ပေါ်တင်မေးမယ် မထင်ထားသဖြင့်
သူ အင်မတန် အံ့သြသွားသည်။ မျက်သွယ်လည်း ပြောစရာ
မလိုလောက်အောင် အံ့သြနေမည်ဟု ထင်ပါသည်။ ပုံမှန်ဆိုရင်
တောင် အလွယ်တကူ ပေါ့ပေါ့ပါးပါး မိတ်ဆက်ပေးလို့ ရသော
လည်း ဒီလိုကြီး ဖြစ်သွားတော့ ပါးစပ်က ဘာစကားမှ ထွက်
မရအောင် ဖြစ်သွားသည်။

"ဟင် ... သြော် ... ကိုယ့်သူငယ်ချင်းပါ။ ဟို ... လာ
ထိုင်လေ လီလီ၊ မတ်တတ်ရပ်ကြီးနဲ့"

"ထိုင်ပြီး ဘာလုပ်ရမှာလဲ၊ ရှင်တို့ စားတာကို ကြည့်ရ
လား"

"အာ ... အဲလိုမဟုတ်ပါဘူး။ လီလီပါ ဝင်စားလေ"

"မစားပါဘူး။ ဘာလို့ စားရမှာလဲ"





ခတ်ဆတ်ဆတ် ပြန်ပြောသံကြောင့် သူနဲ့ မျက်သွယ်
မှာ တစ်ယောက်မျက်နှာ တစ်ယောက်တောင် လန့်ပြီးကြည့်မိသွား
ကြသည်။ မျက်သွယ်ရဲ့မျက်လုံးထဲတွင် နားမလည်နိုင်ခြင်း အရိပ်
ယောင်များက အထင်းသား ပေါ်လွင်နေလေသည်။ သူကိုယ်တိုင်
လည်း လီလီရဲ့ဒီလိုပုံစံကို Shock ရနေမိသည်။

"ဘယ်လိုဖြစ်တာလဲ လီလီ။ ကိုယ် သိပ်နားမလည်တော့
ဘူး။ ဒါက လီလီ စိတ်ဆိုးရမယ့် အနေအထားမျိုး
မဟုတ်ပါဘူး"

"အို ... အဲဒါက ငယ်လေး သတ်မှတ်ပေးရမယ့် အနေ
အထားမျိုး မဟုတ်ပါဘူး။ လီလီ သတ်မှတ်ချင်သလို
သတ်မှတ်ဖို့က လီလီ့ အခွင့်အရေးပဲ ...

ကဲ ... ကိုယ့်ဘာသာ စားစရာရှိတာစား။ နောက်မှ
ငယ်လေးနဲ့လီလီ စကားပြောကြတာပေါ့"

ပြောပြီးတာနှင့် သူမက ချာခနဲ လှည့်ထွက်သွား
ကာ တစ်ချက်လေးတောင် ပြန်ငဲ့မကြည့်တော့ဘဲ ဆိုင်အပြင်ဘက်
သို့ ထွက်သွား ပျောက်ကွယ်သွားလျှင် သူ့မှာ တအံ့တသြနှင့်
ငေးမောကျန်ရစ်ရသည်။ လက်ရှိ အခြေအနေမှာတောင် အသ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဝင်စားနိုင်ဘဲ လီလီရဲ့အပြောအဆို အချိုးအချိတ်ကို ဘယ်လို မှ နားမလည်နိုင်ဘဲ ရှိရလေသည်။ လီလီ ဘယ်လိုဖြစ်သွားတာပါ လိမ့်။

သူက ဇဝေဇဝါ ယောင်နနနှင့် ပုစွန်တစ်ဖတ်လို ကောက်ဝါးမိရင်း ကြောင်တောင်တောင်,တောင် ဖြစ်နေသည်။

"ဟောမဝန်"

မျက်သွယ်ထံက ခေါ်သံကြားရမှပင် ဟင် ... ဟင်း ဟု လန့်ဖျပ်ပြီးတောင် ထူးမိတော့သည်။

"အဲဒါ ဘယ်သူလဲ"

"ငါ့ချစ်သူပါ"

"ဘာရယ် ... ချစ်သူ"

မျက်သွယ်က မယုံနိုင်သလို ရေရွတ်နေလျှင် သူက နားမလည်နိုင် ဖြစ်သွားရသည်။ အဲဒါ ဒီလောက် အံ့သြစရာ ကောင်းတဲ့ ကိစ္စမို့လို့လား။

"နင်ကလည်းဟာ အဲဒါ ဘာအံ့သြစရာရှိလဲ"

"မဟုတ်ပါဘူး၊ နင့်လို ဆိုရှယ်ကောင်းတဲ့၊ မွန်ရည်တဲ့ လူတစ်ယောက်က ဒီလို နားမလည် ပါးမလည် အပေါ်က





ဆိုးဆိုး မိန်းကလေးကို ချစ်သူတော်ထားတာ ငါ ဘယ်လို မှ နားမလည်နိုင်လွန်းလို့လေ"

"ခေါင်းထဲ မထည့်ပါနဲ့ကွာ။ ကဲ ... ကဲ ... စား ... အရ သာရှိတယ်။ အစားအသောက်ကို အရသာခံပြီး စား ... နော်"

သူက မျက်သွယ်ကို မျက်နှာချိုသွေးချော့ကာ အစား အသောက်ဘက် အာရုံပြောင်းဖို့ ကြိုးစားသော်လည်း မျက်သွယ် က အာရုံပါမလာတော့ပါ။ တကယ်ကို စိတ်ဝင်စားစရာကောင်း သော လီလီရဲ့စတိုင်လ်မှာ သူမ စိတ်အာရုံများ ကပ်ငြိပါသွားပြီ ထင်ပါသည်။ စပ်စုခြင်း လမ်းမထက်မှာ တပ်ရပ်ပြန်သည်။

"နင်နဲ့ သူနဲ့ ဘယ်လိုတွေ့ကြတာလဲ"

"ဒီလိုပါပဲ။ ဘာဖြစ်လို့လဲ မျက်သွယ်ရယ်။ သူ့ကို သိပ် စိတ်မဝင်စားပါနဲ့ ထားလိုက်ပါ၊ သူက ဒီလိုပါပဲ"

ဒီလိုပါပဲဟု ပြောရအောင် သူက ဒါမျိုး ဘယ်နှခါ ကြုံဖူးတာကျလို့၊ ဒါဆို ဒီလိုပါပဲတွေ ဘယ်နှခါ ကြုံလာရတော့ လဲဆိုတာ ပြန်တွေးမိတော့ သူ့ဟာသူတောင် ထိတ်လန့်လာ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဒီလိုပါပဲဆို နင်နဲ့ ဒီလိုပဲ သူငယ်ချင်းအပေါင်းအသင်းတွေကြားမှာ ဒီလိုပဲ မျက်နှာပျက်စရာတွေ မရှိဘူးလား။ နင်က သူ ဒီလိုတွေ လုပ်တတ်လည်း နားလည်ခွင့်လွှတ်နေတာပဲပေါ့ ဟုတ်လား"

"ဟင် ... အင်း ... အင်းပေါ့"

နားလည်စရာလား ခွင့်လွှတ်စရာလား၊ စိတ်ဆိုးရမှာလား ဆိုတာတောင် သူ့ကိုယ်သူ မဝေခွဲနိုင်တဲ့အချိန်မှာ သူလည်း ဘာပြောရမှန်းမသိ ဖြစ်နေတာပါ။

"ကျွတ် ... နင်ကလည်း နဝေတိမ်တောင်နဲ့။ ဘာဖြစ်နေတာလဲ၊ ပြီးတော့ ... နေပါဦး။ သူက နင့်ကို ငယ်လေးလို့ ခေါ်တယ် ဟုတ်လား။ နင့်ထက် ကြီးလို့လား"

"မကြီးပါဘူးဟာ။ သူက ငါ့ထက်တောင် ခြောက်လလောက် ငယ်ဦးမှာ"

"ဒါဆို ဘာလို့ ငယ်လေးလို့ ခေါ်တာလဲ"

"သူ ခေါ်ချင်လို့ပေါ့ဟာ"

"နင်တို့ သမီးရည်းစားကို ကြည့်ရတာ ဘာလိုနေမှန်းမသိဘူး။ နင့်ရည်းစားက ဘာလုပ်တာလဲ"





"ဟာ ... မျက်သွယ်။ နင် ဘာလို့ သူ့အကြောင်းကို အဲလောက် စိတ်ဝင်စားနေတာလဲ။ သူ့အကြောင်း ခေါင်းထဲကနေ ထုတ်ထားလိုက်စမ်းပါ"

သူက အခုမှပင် စိတ်တိုလာမိကာ မျက်သွယ်ကို ဆောင် ခတ်ဆတ်ဆတ် ပြောမိသည်။ ဘာကို ဒေါသထွက်မှန်းသိ ထွက်လာတာလေ။ စိတ်တွေလည်း ရှုပ်လာသည်။ လီလို့ရဲ့အခြေအနေကိုလည်း သူ နားမလည်တာလည်း ပါ,ပါသည်။

"အို ... မထုတ်နိုင်ပါဘူး။ နင့်ရည်းစားက ငါ့ကိုပါ မျက်လုံးစိမ်းကြီးတွေနဲ့ ကြည့်သွားတာ။ နင်နဲ့ ငါက နောက်ထပ်လည်း အလုပ်ကိစ္စတွေနဲ့ ဆုံဖို့ရှိသေးတယ်။ အဲဒီအတိုင်း သူ ဒီလို လာလုပ်နေရင် ငါလည်း သိက္ခာကျတယ်"

"အေးပါဟာ ... သူက အဲ့သဘောမျိုး မဟုတ်ပါဘူး။ သူက ... သူက တစ်ခါတလေ အတည်ပေါက်နဲ့ နောက်တတ်တယ်ဟ"

"ဘာရယ် ... အတည်ပေါက်နဲ့ နောက်တာ"

"ဟုတ်တယ်။ အဲလိုတွေ လုပ်သွားပြီး ကွယ်ရာကျ ငါ့ကို ဟားနေတာ။ ငါတို့က ဒီလိုပဲ ဦးသူ ဖိန့်နေကြလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲဟာ ရှုံးချင်လိုက်တာ"

"မရှုံးပါနဲ့ဟာ၊ ကဲ ... ကဲ ... စား ... စား။ နင်လည်း အလုပ်ရှိသေးတယ်မှုလား၊ ငါလည်း အလုပ်တွေ စောင့်နေတယ်ဟ"

မျက်သွယ်က သူ့ကို မျက်စောင်းထိုးကာ ထမင်းကို ဆောင့်ကြီးအောင့်ကြီး မွှေနှောက်သည်။ သူကတော့ ကိုယ်စောင့်နတ် မကြားအောင်တောင် သက်ပြင်းကို ခိုးဖွက်ချမိခဲ့လေသည်။

◆○◆





## ၁၁

"ဘယ်လိုဖြစ်ရတာလဲ လီလီရယ်၊ ကိုယ့်ကိုလည်း နားလည်အောင် ရှင်းပြစမ်းပါဦး"

သူက ရောက်ရောက်ချင်း အမေးတကောဆိုလိုက်ချင် လီလီက ချက်ချင်းမပြောသေးဘဲ မျက်လုံးစိမ်းများဖြင့် ကြည့်နေပြန်သည်။ မနေ့က ကိစ္စအတွက် ညဘက် ဖုန်းဆက်တော့လည်း အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး စကားအစပ်မခံချေ။ တွေ့ချင်းဆိုင်တွေ့မှ ပြောမည်ဟု ဆိုသည်။

"ရှင် မှားနေပြီ ငယ်လေး၊ ရှင်ကသာ လီလီ့ကို နားလည်အောင် ရှင်းပြရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာ မလိုဘူးလေ လီလီ။ ပြီးတော့ မနေ့က လီလီ လုပ်သွားတဲ့ပုံစံက နည်းနည်း အရုပ်ဆိုးသလိုပဲ ...

ကိုယ် နားမလည်ဘူး။ လီလီ ဘာလို့ အဲလိုလုပ်ရတာလဲ။ ကိုယ်နဲ့ အဲဒီ မိန်းကလေးက ရိုးရိုးသားသားနဲ့ မျက်နှာချင်းဆိုင် ထိုင်နေကြတာလေ"

"အဲဒါ အစပဲ မဟုတ်ဘူးလား။ အို ... မဟုတ်ဘူး၊ ဒါဟာ မဟုတ်ဘူးလားဆိုတဲ့ မေးခွန်းကို ပြန်မေးစရာတောင် မလိုပါဘူး။ လီလီ ပြောတဲ့ အစပဲ"

"ဘာ အစ,လဲ လီလီရယ်။ ကိုယ် နားမလည်နိုင်ပါဘူး"

"အဲဒါ ရှင် ဖောက်ပြန်တော့မယ့် အစလို့ ပြောနေတာ"

"အာ ... ဘာတွေပြောနေတာလဲ လီလီရယ်။ ဘာဖောက်ပြန်တာလဲ စကားလုံးကြီးက ဆိုးလိုက်တာ။ အဲလိုကြီး မပြောပါနဲ့"

"ပြောမယ်"

သူက ကျစ်ခနဲ စုတ်သပ်လိုက်ကာ လီလီရဲ့လက် နှစ်ဖက်ကို ဆွဲယူလိုက်မိသည်။ လီလီရဲ့မျက်လုံးတွေထဲသို့ တည့်





တည့်စိုက်ကြည့်မိသည်။ တစ်နေ့ကလောက် အေးစက်စိမ်းကားမှု များ မတွေ့ရသေး၍ သက်သာရသေးသည်။ သူက နူးညံ့သော လီလီရဲ့လက်လေးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ကြင်ကြင်နာနာ ချော့ ချော့ပြောမိပါသည်။

သူ ကိုယ့်ကို ချစ်လွန်းလို့ သဝန်တိုတာလေဟု နားလည်ပေးမိသည်။

"မပြောပါနဲ့ လီလီရယ်၊ ကိုယ့်မှာ ဒီလောက်ချစ်စရာကောင်းတဲ့ ချစ်သူလေးတစ်ယောက် ရှိနေတာ၊ ကိုယ် ဘယ်သူ့ကို စိတ်ဝင်စားရဦးမှာလဲ ...

မဟုတ်တာတွေ လျှောက်တွေးပြီး အပင်ပန်းမခံပါနဲ့ လီလီရယ် ... နော်"

"လျှောက်တွေးပြီး အပင်ပန်းခံနေတာ မဟုတ်ဘူး။ ရှင်သာ တကယ်ရိုးသားရင် သူနဲ့ ဘာလို့ ထမင်းစားနေလဲ"

"သြော် ... ဒါက ဒီလိုပါ။ ကိုယ်တို့စက်ရုံကနေ အချိုရည်အသစ်သုံးမျိုး ထပ်ထုတ်မှာလေ။ အဲဒီအတွက် မော်ဒယ်သုံးယောက် ရှာဖို့ ဖြစ်လာတော့ မျက်သွယ်က ကူညီပေးတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ နေ့ခင်းထိ ရောက်သွားတော့ ထမင်းလည်း မစားကြရသေး၊ ဗိုက်ကလည်းဆာတော့ ကိုယ်လည်း သူ ကူညီထားတာတွေ အားနာပြီး ထမင်းကျွေးလိုက်တာပါ။ လီလီ့ကို သတိရလို့တောင် အဲဒီဆိုင်လေးကို ရောက်သွား တာလေ"

"အဲဒါကိုက အစ,လို့ ပြောတာပဲ။ ကူညီတာ မဖြစ်စေ လောက်လေးကို တကူးတက ထမင်းကျွေးနေရတာ အလုပ် မဟုတ်တဲ့ ကိစ္စပဲ"

"ကျွတ် ... မဟုတ်တာပဲ လီလီရယ်။ သူနဲ့ကိုယ်က သူငယ်ချင်းပါ၊ သူငယ်ချင်းတောင် ငယ်ငယ်တည်းက သူငယ်ချင်းပါ။ ပြောရရင် လီလီ့ထက် အများကြီးစောပြီး တွေ့ခဲ့တာ ...

မရိုးမသား ဖြစ်ချင်မှုဖြင့် အစောကြီးတည်းက ဖြစ် ခဲ့ပြီပေါ့"

"မဆိုင်ပါဘူး။ သံယောဇဉ်ဆိုတာ တဖြည်းဖြည်းနဲ့ ရင့် သန်လာတာမျိုးပဲ"

"ဟား ... အဟက် ... ဟက် ... ဟား ဟား ဟား"





သူက စိတ်ပျက်လွန်းအားကြီးသောကြောင့် ဟာခနဲ အရွှတ်ရင်း စိတ်ပျက်လက်ပျက် ရယ်မိလေသည်။ လီလီကတော့ သူ့ပုံစံကို လက်ပိုက်ကာ တစူးတစိုက် အကဲခတ်နေသည်။ ခဏ နေတော့ သူကို စိတ်ကိုဖြေလျှော့လိုက်ကာ လီလီ့ကို သေချာစိုက် ကြည့်လိုက်ပါသည်။

"လီလီ"

"အင်း ... ပြော"

"ကိုယ့်ကို အရမ်းချစ်တာပဲလားဟင်"

"ချစ်တယ် ... သိပ်ချစ်တယ်"

လီလီ့အဖြေက သူ့ကို ကြက်သီးမွေးညင်းထသွား စေတဲ့အထိ မာန်ပါ,ပါသည်။ မျက်လုံးများထဲတွင် ချစ်အရိပ်တို့ အပြည့်အသိပ် တောက်ပနေသည်။ အဲလိုဖြေလိုက်သောကြောင့် သူ ပြောရမယ့် စကားကိုတောင် ဘာဆက်ပြောရမှန်း မသိတော့။

"ကိုယ့်ကို ချစ်တဲ့အတွက် အများကြီးလည်း ဝမ်းသာပါ တယ်။ ပျော်လည်း ပျော်တယ်၊ ကျေလည်း ကျေနပ်ပါတယ် လီလီရယ် ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကလည်း လီလို့ကို သိပ်ချစ်တာပါပဲ။ ကို ဘဝမှာ လီလီက အချစ်ဦး အချစ်ဆုံး။ လီလို့ရှေ့မှာလည် ချစ်ခဲ့ဖူးတာ မရှိဘူး။ လီလို့နောက်မှာလည်း ချစ်ဖို့ဆို မရှိတော့ဘူး။ အဲဒီတော့ လီလို့ခေါင်းထဲမှာ အဲဒါမျိုး အတွေးတွေ မထည့်ပါနဲ့တော့ကွာ ... ဟုတ်ပြီလား ...

ဒါမျိုးက ကိုယ့်အချစ်ကိုပါ မယုံသင်္ကာရာ ရော တယ် လီလီ။ နော် ... ကိုယ့်ကို ယုံကြည်ပေးပါ”

သူက လီလို့ကို ကလေးတစ်ယောက်နှယ် ချော့ ပြောဆိုရသည်။ လီလို့ နှုတ်ခမ်းများ ကော့တက်လာပုံထော အပြုံးနည်းနည်းလောက် ပွင့်လာပုံထောက် စိတ်ပြေသွားပြ ယူဆ၍ ရမည်ထင်ပါသည်။ ထမင်းစားနားရမယ့် အချိန် လစ်ပြေးလာရတာမို့ သူ့မှာ ဘာမှမစားရသေး။ ချစ်သူရဲ့အပြုံ မြင်မှ ဗိုက်ဆာဖို့ သတိရတော့သည်။ ဒါကြောင့် ဗိုက်ကိုပွတ် လီလို့ကို ပူဆာရသည်။

“လီလီ ကိုယ့်ကို နေ့လယ်စာလေး ဘာလေး ကျွေး ကွာ။ ကိုယ် ခုထိ နေ့လယ်စာ မစားရသေးဘူးကွ”

လီလီက လှပသော မဲ့ပြုံးတစ်ချက်ပြုံးကာ သူ့ သနားသလို တစ်ချက်စိုက်ကြည့်ရင်း ပြောသည်။





“ငယ်လေး ကံကောင်းသွားတယ်နော်”

“ဘာလို့လဲ ... ဟင်းကောင်းကောင်း ချက်ထားလို့လား”

“ချက်ထားတယ်။ ဟင်းတွေက စပါယ်ရှယ်ချက်ထားတာ။ ငယ်လေးစားဖို့အတွက် သီးသန့်ပေါ့။ စားမလာဖြစ်တာ ကံကောင်းတယ်လေ”

သူက ပြုံးကြည့်နေတုန်းမှာပဲ လီလီက ပြုံးပြုံးလေး ဆက်ပြောသည်။

“ငယ်လေး အိမ်ကနေ ထမင်းအဝ စားလာပြီလည်း လီလီက ငယ်လေးကို ကျွေးကို ကျွေးမှာ၊ ဗိုက်ပေါက်သွား မယ်ဆိုလည်း ငယ်လေး အဲလိုစားပြမှ လီလီက ကျေနပ် မှာ”

“ဟာမ် ... တကယ် ! ”

“တကယ်ပေါ့။ မယုံဘူးလား လီလီက ပြောတဲ့အတိုင်း လုပ်တတ်တယ်”

သူက ဘာမှပြန်မပြောတော့ဘဲ ပခုံးသာ တွန်းပြ တော့သည်။ လီလီက ထမင်းစားခန်းထဲသို့ ခေါ်သွားသော ပြောထားတဲ့အတိုင်း ဟင်းတွေကို စပါယ်ရှယ် ချက်ထား တွေ့ရသည်။ ပြီးတော့ ယိုးဒယားစာတွေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတွေ ချက်ထားမယ်ဆိုတာ ကိုယ့်ကို ဘာလို့ကြို
ပြောထားတာလဲ။ ကိုယ်သာ စားလာခဲ့ပြီးသားဆို ဘယ်လို
လုပ်မလဲ"

"အဲဒါ ငယ်လေး ကိစ္စပဲလေ။ လီလီက ပြောပြီးသားပဲ
ငယ်လေး စားခဲ့သည်ဖြစ်စေ မစားခဲ့ဖူးဖြစ်စေ ဒါတွေကို
တော့ စားကိုစားရမှာပဲ"

အန် ... ဘယ်လိုကြီးလဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ
သူ့စိတ်က လက်ရှိပစ္စုပ္ပန်မှာသာ မွေ့လျော်သူမို့ လီလီ့စကားတွေ
ကို အပြန်အလှန် ပြောမနေတော့ဘဲ အကျိုးရှိတာသာ လုပ်နေ
လိုက်တော့သည်။ (ထမင်းစားတာကို ပြောတာပါ) လီလီကတော့
ထမင်းမစားသူမို့ သူ့ကို ငွားနွားကနေ စကားစ,လာပြန်သည်။

"ငယ်လေး"

"အင်" (ထမင်းဝါးနေသဖြင့် ဟင်,ဟုတောင် အသံမထွက်
နိုင်)

"ငယ်လေးရဲ့အလုပ်က မိန်းမတွေနဲ့ ပတ်သက်ရတာလား"

"အတိအကျကြီး ပတ်သက်ရတာတော့ မဟုတ်ပါဘူး
လီလီရဲ့။ လုပ်ငန်းခွင်ထဲမှာ အမျိုးသမီးဝန်ထမ်းတွေလည်း
အများကြီးရှိတာပဲလေ။ ဒီလိုပဲပေါ့"





"လှတဲ့မိန်းကလေးတွေ များလား"

သူက ဒီတစ်ခါတော့ လီလီ့ကို ပြုံးပြီးစိုက်ကြည့်မိ
သည်။ လီလီက ကလေးသူငယ်လို ဝိုင်းစက်သော မျက်လုံးများ
ဖြင့် သူ့ကို ပြန်ကြည့်နေသည်။

"သေချာတာတော့ လီလီ့လောက် ဘယ်သူမှ မလှဘူး"

"ငယ်လေးနော် ... လီလီက အကောင်းမေးနေတာ"

"ဈော် ... ကိုယ်ကလည်း အကောင်းပြောနေတာပါ။ ဒီမှာ
လီလီ၊ ကိုယ် တစ်ခုပြောပြမယ်။ ကိုယ့်ဝန်ထမ်းထဲက
ကောင်မလေးတစ်ယောက်ရဲ့ ချစ်သူကို ခေါ်ပြီး လီလီနဲ့
အဲဒီကောင်မလေး ဘယ်သူပိုလှလဲလို့ မေးကြည့်ခိုင်းမယ် ...

ဟိုကောင်မလေးက လီလီ့လောက် လှချင်မှလှမယ်။
ဒါပေမဲ့ သူ့ကောင်လေးကတော့ သူ့ကောင်မလေးက
လီလီ့ထက် လှတယ် ထင်မှာပဲလေ။ အဲဒါ ဘာကြောင့်မှ
မဟုတ်ဘူး။ သူ့အချစ်စိတ်ကြောင့်ပဲလေ ...

ကိုယ် ပြောတာ လက်ခံနိုင်လား လီလီ"

လီလီက သူ့ကို မျက်စောင်းလဲ့လဲ့ထိုးသည်။ နှုတ်
ခမ်းများ ပြုံးလာပုံထောက် သူပြောတာကို လက်ခံသွားပြီဟု

www.burmeseclassic.com



သဘောပေါက်ရပါသည်။ ဒါပဲလေ … ဘယ်လောက်ပဲရစ်ရစ် ပြဿနာရှာတတ်တဲ့ ချစ်သူမိန်းကလေးပဲ ဖြစ်ပါစေ၊ အဲဒါကို ရအောင်ဖြေရှင်းနိုင်လျှင် အဲဒီအချစ်ကမှ ကျေနပ်ပျော်ရွှင်စရာ ကောင်းတာ မဟုတ်ဘူးလား။





၁၂

"ဟား … တို့ မမျက်သွယ် ဒီနေ့ အရမ်းလှနေပါလား"

လှရမယ်လေကွယ်။ ဒီနေ့ ဒီအချိန်ကစပြီး မမျက်သွယ် ဆိုတဲ့ မိန်းကလေးဟာ ကျန်တဲ့မိန်းကလေးတွေထက် နှာတစ်ဖျားလောက်ပဲ ပို၍ ပို၍ ပိုလှဖို့ အရေးကြီးနေပြီလေ။ ဟက် ဟက်။

မျက်သွယ်က အဲဒီစကားကို ရင်ထဲမှာသာ သိမ်းဆည်းလျက် အပြင်မှာတော့ နှုတ်ဆက်စကားဆိုလာသော staff ကောင်မလေးကို အလှပဆုံး ပြုံးပြလိုက်သည်။

"ရှေ့လဆန်းရင် တစ်ပတ်လောက်အတွက် တို့ လုပ်ရမယ့် Schedules တွေကို နည်းနည်းလောက် စဉ်ကြည့်စမ်းပါ မီးမီး …



www.burmeseclassic.com

www.burmeseclassic.com



ဘာ Event တွေများ ရှိမလဲဆိုတာ။ အလုပ်တွေ အရမ်းကျပ်နေမလား"

"ဟုတ် ... ခဏ မမ"

မီးမီးက အလုပ်လက်ခံထားသော စာရင်းကို ဖွင့်ကြည့်နေတုန်းမှာပဲ မျက်သွယ်က အိတ်ထဲမှဖုန်းကို ထုတ်ကာ မက်ဆေ့တစ်စောင် ရိုက်လိုက်သည်။

"Morning ...

ဒီနေ့ နေ့လယ်စာ အတူစားရင်း ဗန်ကောက်ကြော်ဗြာကိစ္စ ဆွေးနွေးရအောင် ... Ok ... ? "

ပြီးလျှင် HMW ဆိုသော နာမည်တံသို့ ပို့လိုက်ပါသည်။ ခဏကြာသောအခါ Message Delivery ဖြစ်ပြီဆိုသော တီးလုံးသံလေး ပြန်ထွက်လာသောအခါ မျက်သွယ်က ကျေကျေနပ်နပ်ဖြင့် ပြုံးရင်း ခေါင်းလေးတောင် တစ်ချက် ဆတ်မိသွားသည်။ မျက်သွယ်ရဲ့ မျက်လုံးထဲတွင် ဟေမဝန်ရဲ့ ရှင်းသန့်ခန့်ညားသော ပုံရိပ်လေးကို မြင်ယောင်လာသည်။ အရပ်မြင့်မြင့်မှာ ပိန်သလို ထင်ရပေမယ့် ကျစ်ကျစ်လစ်လစ်ရှိသော ခန္ဓာကိုယ်နှင့်အတူ ဟေမဝန်ထံမှ ထူးခြားလှပသော မျက်ခုံးနှင့် နှာခေါင်းရှိသည်။





အဲဒီ မျက်ခုံးနှင့် နှာခေါင်းကြောင့်ပဲ သူဟာ ချောမောကြည့်ကောင်းသော ယောကျ်ားတစ်ယောက် စာရင်းဝင်သွားခဲ့တာဖြစ်သည်။

ဒါပေမဲ့ ဟေမဝန်က Sweet ဖြစ်သည်။ ယောကျ်ားလေးဆိုတာမျိုးက Sweet ဖြစ်တယ်ဆိုတာမျိုး တော်တော်ရှားလေရာ အရပ်ရှည်ရှည်၊ မျက်နှာချိုချိုနဲ့ ကောင်လေးသည် မျက်သွယ်အတွက်တော့ သဘောကျစရာအတိ ဖြစ်သွားလေသည်။ ကျောင်းတုန်းကတော့ ဟေမဝန်က ပိန်ညှောင်ညှောင် ကောင်လေးပါ။ ခုတော့ သိမ်မဝတောင် ကျစ်ကျစ်လစ်လစ်နဲ့ သွယ်သွယ်လျလျမို့ သူ့ပုံစံက Smart တောင် ဖြစ်သေးသည်။

ရှပ်အင်္ကျီဖစ်တင်လေးတွေကို လက်ခေါက်ဝတ်ကာ စတိုင်လ်ဘောင်းဘီဖစ်လေးတွေနဲ့မို့ ဒီလိုပုံစံကိုမှ သဘောကျတတ်သော မျက်သွယ်အတွက် ဟေမဝန်သည် အင်မတန်နှစ်သက်သဘောကျစရာ ကောင်းနေကာ မေတ္တာစိတ်တွေ အလိုလို သက်ဝင်နေမိတာ ဖြစ်တော့လေသည်။ သူ့မှာ ရည်းစားရှိတာလောက်တော့ မျက်သွယ်တို့က မမှုပါ။ ဒီခေတ်ထဲမှာ ရည်းစားလောက်ပတ်သက်မှုသည် စကားထဲတောင် ထည့်ပြောစရာမလိုတဲ့ အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားဟု ထင်မိပါသည်။ ဒါကြောင့် ခပ်အေးအေးပါပဲ။ ကိုယ်လုပ်စရာရှိတာကို ဆက်လုပ်မည်။

ဆက်လုပ်မည်ဟု တွေးလိုက်သောအခါ မျက်သွယ်ရဲ့မျက်လုံးထဲတွင် ဘာမှန်းမသိသော ဟိုတစ်ယောက်ရဲ့မျက်နှာက ပေါ်လာသည်။ တစ်လောကလုံးကို ရှိတယ်လို့ မသတ်မှတ်သော မျက်နှာပိုင်ရှင်မျိုးနှင့် Sweet ဖြစ်သော ဟေမဝန်တို့ဟာ မလိုက်ဖက်လိုက်တာလေ။ ဟိုမိန်းကလေးနှင့် ဟေမဝန်ကို မျက်သွယ် ဘယ်လိုမှ သဘောမတူနိုင် မအပ်မစပ်ဟု ထင်မိကာ ကိုယ်က သူမထက် သာသူဟုလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလေသည်။

"တင်းတောင်"

တီးလုံးသံလေးနှင့်အတူ မက်ဆေ့ ပြန်ဝင်လာပြီဆိုသော အသိနှင့် မျက်သွယ်က မျက်ခုံးလေးကို တစ်ချက်ဆတ်ကာ ဖြိုးမိသည်။ ပြီးတော့ ဖွင့်ကြည့်လိုက်လျှင် ...

"Ok ... Let me know yr lunch time"ဟူသော စာသားလေးကို ပြန်တွေ့လိုက်လျှင် မျက်သွယ်မှာ ထခုန်မိမတတ် ပျော်သွားသည်။ ချက်ချင်းပဲ ဟေမဝန့်ထံ ဖုန်းခေါ်လိုက်လေသည်။





ဖုန်းကိုင်လိုက်ပြီးနောက် "ဟယ်လို"ဟု ခပ်ရှည်ရှည်လေး ဆွဲထူးပုံကအစ ချစ်စရာကောင်းနေပါတယ်ဆိုရင် ဘယ်လိုလုပ်မလဲ ? ? ။

"ဟေမဝန်"

"အင်း ... ပြော"

တွေ့လား။ အဲလို ပြောပုံလေးကအစ တစ်ဖက်သားအပေါ်မှာ ဘာမဆို လိုက်လျောမယ် နူးညံ့တယ်ဆိုတဲ့ အသွင်အပြင်လေး ဖြစ်နေတော့တာ မဟုတ်လား။ ကျောင်းတုန်းက ပိန်ရှည်ရှည်နှင့် မထင်မရှား ကောင်လေးဟာ ခုတော့ သန့်သန့်ခန့်ခန့်နှင့် စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နေပုံမှာလည်း အထင်ကြီးစရာပါတည်း။

"Lunch စားမယ် မဟုတ်လား။ ဘယ်မှာစားမလဲ"

"ငါက မြို့ထဲက ထရိတ်ဒါးစ်မှာ ရောက်နေတာ။ နင် ကန်တော်မင်ရွှေဘဲကို လာခဲ့လေ။ တရုတ်စာ စားချင်နေလို့ ... ဟာ ဟ"

"အိုခေလေ ... ကန်တော်မင်ဆိုတော့ ငါနဲ့လည်းနီးတယ်။ အခု ထွက်လာတော့မလား"

"ထွက်လာမယ်၊ ငါက ခုပဲ ဒီက ထွက်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... ဒါဆို အရင်ရောက်တဲ့သူ စောင့်ကြေး"

"အေးပါ ... ကားလည်း ဖြည်းဖြည်းမောင်းဦး"

"အဟင်း ... ဟင်း။ အေးပါ ... ဒါပဲနော်"

အဲလိုလေး ပြောတာလေးကိုပဲ မျက်သွယ်တို့က သဘောတွေ အကျကြီးကျကာ ရင်တွေ သိမ့်သိမ့်တုန်နေရတော့သည်။ ကိုယ့်အလှကိုယ် ပြန်စစ်ကြည့်တော့လည်း ဘာမှမယုံကြည် စိတ်မချစရာမရှိ။ နက်ပြာရောင် ကိုယ်နှင့်အတိ ဂါဝန်တိုလက်ပြတ်လေးက ဖြူဖွေးသော မျက်သွယ်ရဲ့အသားနှင့် တစ်ထပ်တည်း ဟပ်နေသည်။ လည်ပင်းမှာ ပုလဲပုတီးတစ်ကုံးကိုသာ ဆွဲထားပြီး Trofish နာရီကိုသာ ဝတ်ဆင်ထားသော မျက်သွယ်ရဲ့ အလှမှာ ကြော့ရှင်းနေပါလိမ့်မည်။

BURMESE CLASSIC .com

အပြင်ထွက်လာသော မျက်သွယ်ကို Staff မိန်းကလေးက လှမ်းပြောသည်။

"မမ လဆန်းပိုင်းမှာ Event မရှိပါဘူး။ ဒင်နာပွဲတွေရှိပေမယ့် အဲဒါ MD သွားရမယ့် ပွဲတွေပါ ...

(၁၀)ရက်ကျော်မှ မမ Event တစ်ခု ကိုင်ရမယ်"

"အိုခေ ... သင့်ခ်ယူ"





ဒါဆို အဆင်ပြေပါပြီ။ ဟောမဝန်နှင့် အတူတူ နေ့ကောက်ကို လစ်လို့ရပြီလေ။ အဲဒီလို ပျော်ရွှင်မြူးသွားသော စိတ်ဖြင့် မျက်သွယ်က စားသောက်ဆိုင်သို့ ကားကိုသွက်သွက်လေး မောင်းထွက်လာခဲ့သည်။ ရွှေဘဲ ရောက်တော့ ဟောမဝန်က ရောက်နေပါပြီ။ အဖြူရောင် ရှပ်အင်္ကျီလေးက တံတောင်ဆစ်နားမှာ လက်ခေါက်ဝတ်ထားပြီး အနက်ရောင်ကွက်စိပ်လေးတွေ ပါနေသည်။ ပခုံးပေါ်က ဘားမှာလည်း အနက်ရောင်ကွက်စိပ်လေးတွေနှင့်။ သူ့ပုံစံဟာ မြို့ပြမှုဆိုး ဇာတ်လမ်းတွဲထဲက လီမင်ဟိုသို့ သပ်ရပ်ခန့်ညားနေပါသည်။

အရပ်ရှည်ရှည် ခန္ဓာကိုယ်ကျစ်ကျစ်လစ်လစ်နှင့် သူ့ပုံစံဟာ မျက်သွယ် နှစ်သက်သဘောကျရသော ပုံစံပါပဲ။ သူက အပြင်ဘက်သို့ မော့ကြည့်ရင်း မျက်သွယ်ကို မြင်သွားသောအခါ သက်ခနဲ လင်းသွားသော အပြုံးနှင့်အတူ လက်တစ်ဖက်လှမ်းပြသည်။ ကိုယ့်ကို စောင့်ကြိုနေသော သူ့ပုံစံဟာ ဘယ်လောက် ချစ်ဖို့ကောင်းလဲ။

"ရောက်နေတာ ကြာပြီလား"

"ဘယ်ကြာဦးမလဲ။ ကဲ ... ဘာစားမလဲ မှာပါ၊ ကြိုက်နှစ်သက်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေမဝန် မှာလေ။ ဘာကြိုက်တတ်လဲ"

"တို့ကတော့ ဘဲကင်လေး မြို့ရရင် ရပါပြီ"

"အိုခေ"

မျက်သွယ်က ဘဲကင်နှင့် အခြားဟင်းနှစ်မျိုးလောက်ကို မှာလိုက်ပြီး ဟေမဝန်ကို ကြည့်လိုက်သည်။ ဟေမဝန်က တစ်နေရာကို ကြည့်နေဟန်ဖြင့် သူ့ကိုကြည့်ကြောင်း အာရုံရသွားသောအခါ မျက်သွယ်ကို ဘာလဲ ဟူသော အထာဖြင့်ပြုံးပြီး မေးဆတ်ပြလာသည်။ ဟေမဝန်ရဲ့ အဲဒီလို Handsome ဖြစ်သော အပြုအမူလေးတွေကို မြင်ရလေသူကို ပိုင်ဆိုင်ပတ်သက်လိုစိတ်က မြင့်တက်လာလေလေဆိုတာ ကိုယ့်ဟာကိုယ် သေချာလာရတော့ လေလေပါပါပဲ။

"ဪ ... ပြောရဦးမယ်"

"အင်း ... ပြောပါဦး"

သူမို့ တစ်ဖက်သားကို အဲလို စကားထောက်ရင်လည်း အရမ်းချစ်ဖို့ ကောင်းပါသည်။

"ဗန်ကောက်မှာ ကြော်ငြာသွားရိုက်ရင် ငါ လိုက်လို့ဖြစ်တယ်"





"ဟုတ်လား"

"အင်း ... အဆင်ပြေသွားတယ်"

"အေး ... ကောင်းတာပေါ့"

"ငါတို့ လုပ်ပေးရမယ့် ပွဲတွေအတွက် ပစ္စည်းတွေလည်း ဈေးဝယ်စရာရှိတာနဲ့လေ၊ နင့်ကိုလည်း ကူညီပြီးသား ရတယ်ဆိုပြီး စီစဉ်လိုက်တာ"

"အေး ... ကောင်းပါတယ်ဟ"

"နင် အဆင်ပြေပါတယ်နော်"

မျက်သွယ်က ပြုံးစစနှင့် မျက်ခုံးဆတ်ကာ မေးလိုက်လျှင် သူကလည်း ပြုံးစိစိနှင့် "ဘာကိုလဲ"ဟု ပြန်မေးပုံက အသည်းယားစရာပါ။ သူကတော့ သူ့ရဲ့နေမြဲနေစဉ်အတိုင်း ပြောရိုးပြောစဉ်အတိုင်း ရှင်သန်လှုပ်ရှားတာ နေမှာပါပဲ။ ဒါပေမဲ့ ကိုယ့်အတွက်ကတော့ သူ ဘာလေးလုပ်လိုက် လုပ်လိုက် သဘောကျစရာ ဖြစ်နေတာတော့ လွယ်မယောင်နှင့် ခက်တော့မည်။

"ဪ ... နင့်ရည်းစား သိသွားရင် နင့်ကို ပြဿနာရှာမှာစိုးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်"

"ဘာရယ်တာလဲ"

"ဩော် ... နင် စိတ်ပူနေတာလားလို့ပါ"

"နင်ကတော့ စိတ်မပူဘူးပေါ့"

သူက အသည်းယားစရာကောင်းအောင် ဘာမှပြန်မဖြေဘဲ မချိုမချဉ်ပုံစံဖြင့် ပခုံးတွန့်ပြနေသည်။ မျက်သွယ်က စိုက်ကြည့်နေသော်လည်း ဘာမှပြန်မဖြေပါ။ မျက်သွယ်သည် စည်း ဆိုတာတွေ ဘာတွေ နားမလည်တော့ဘဲ သိချင်တာကိုသာ အားမနာတမ်း မေးမိတော့သည်။

"နင့်ရည်းစားနဲ့နင် ဘယ်မှာတွေ့ကြတာလဲ"

"အဲဒါဟာ နင့်အတွက် သိပ်စိတ်ဝင်စားစရာ ကောင်းတဲ့ ကိစ္စ ဖြစ်နေလို့လား မျက်သွယ်ရာ"

"Normal မဟုတ်တဲ့ကိစ္စတွေဆို ငါက စိတ်ဝင်စားတတ်တယ်လေ"

"ဟား ... အဟား ဟား ... ကြည့်စမ်း။ ငါတို့ကို ဖွဲ့တာပေါ့လေ"





အဲလိုသာပြောပြီး ဘယ်လိုမှ ထပ်မေးလို့ မရတော့ဘဲ ငွေလည်ကြောင်ပတ် လုပ်နေသဖြင့် မျက်သွယ်မှာ အောင့်သက်သက်နှင့် လာချပေးသော ဘဲကင်တစ်ဖတ်ကို ကောက်ဝါးလိုက်ရတော့သည်။ ဗန်ကောက်သွားဖို့ အစီစဉ်ကလွဲပြီး ထိုနေ့က ဆောမဝန်ရဲ့အချစ်ရေးအကြောင်း ဘယ်လိုမှ နှိုက်ထုတ်ခွင့်မသာခဲ့ပါ။ ဒါပေမဲ့လည်း သူနှင့်အတူ စားခွင့်ရခဲ့သော နေ့လယ်စာကအောင် အတော်ကျေနပ်စရာ ကောင်းနေခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ကျွီ ... တီ"

"ကျွတ် ... တောက် ... ဘယ်က အရူးမို့ ဒါမျိုးလုပ်ရ တာလဲ၊ သေကုန်တော့မှာပဲ ... ဟားစ် ... ကျွတ်"

"ကျွီ"ဆိုသော အသံမှာ မျက်သွယ်ရဲ့ကား ဘရိတ် အုပ်လိုက်သော အသံဖြစ်ပြီး "တီ"ကတော့ ကြောက်လန့်တကြား ဟွန်းတီးလိုက်သော အသံပဲ ဖြစ်ပါသည်။ ကြောက်မှာပေါ့လေ မျက်သွယ်က ဘယ်ကားမှ မရှိသောကြောင့် ကိုယ့်ကားကိုရပ် ထားသော ပါကင်ကနေ၍ စိတ်လွတ်ကိုယ်လွတ် မောင်းခနဲမောင်း ထွက်လိုက်တာ။ ကိုယ်မောင်းပြီ ဆိုတော့မှပဲ ဘယ်ကရောက်လာ မှန်း မသိသော ကားတစ်စီးက ဝေါခနဲပဲ ကားခေါင်းရှေ့တည့်





တည့်သို့ ရောက်လာတာမို့ အသည်းထိတ်ရင်ဖိုစွာဖြင့် ဘရိတ်အုပ် သိုက်ရတာဖြစ်သည်။

တစ်ဖက်ကကားကို ကြည့်လိုက်တော့ မျက်သွယ်ရဲ့ ကားကိုတောင် စီစီညှက်ညှက် ချေမှုန်းလို့ရသည့် HAMMER ကားကြီး။ ကားဟု မမြင်ဘဲ အစွယ်တဖွေးဖွေးကြီးနှင့် ဘီလူးကြီး လိုသာ မြင်မိတော့သည်။ ဘယ်လို ဘီလူးပဲဖြစ်ဖြစ် ထိတ်လန့် နေဖို့ အကြောင်းမရှိဘဲ ကားပေါ်မှ ကမူးရှူးထိုး ဆင်းမိသည်။ ထိုကားနှင့် မျက်သွယ်ရဲ့ကားမှာ ခေါင်းချင်းဆိုင်တိုက်မိဖို့ တစ် ဆလောက်သာ ကွာတော့လေသည်။

မျက်သွယ်က ကားပေါ်မှဆင်းပြီး ထိုကားရဲ့ပြတင်း ပေါက်နားသို့ ရောက်သွားချိန်ထိ တစ်ဖက်ကားက မလှုပ်သေး ချေ။ မျက်သွယ်က ဒေါသတကြီးနှင့် ကားမှန်ကို တဒေါက်ဒေါက် ခေါက်မိသည်။ ထိုအခါ ကားမှန်က ပွင့်မလာဘဲ ကားတံခါးက ဗြုတ်ခနဲ ပွင့်လာကာ ဆောင့်ဖွင့်လိုက်ပုံက မျက်သွယ်ရဲ့တစ်ကိုယ် လုံးကို ဆောင့်ရိုက်လိုက်မလို ဖြစ်သွားသည်။ ကားတံခါးပေါင် နှင့် နဖူးကိုတောင် လာရိုက်မိဖို့ နည်းနည်းလေးပဲ လိုတော့သည်။ ဒေါသက ပိုပြီးအရှိန်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်တက်သွားစဉ်မှာပဲ မျက်သွယ်ရဲ့နှာခေါင်းထဲသို့ ရောက်လာတာက မွှေးရနံ့တစ်မျိုးဖြစ်ပြီး ခဏအကြာမှာတော့ မျက်နှာတစ်ခုကို အံ့သြစရာ တွေ့မြင်လိုက်ရပါသည်။ "ဟင်"ခနဲ မြည်တမ်းသံက ရင်ထဲမှာပဲ မြည်သွားတာဖြစ်ပြီး မျက်လုံးတွေကတော့ သူမကို တွေ့တဲ့အခိုက်မှာ ပိုကျဉ်းမြောင်းသွားတာ ဖြစ်သည်။ သူမ ဆိုတာ ဟိုမိန်းမ လီလီ ဆိုတဲ့ တစ်ယောက်။

"ရှင် ကားကို ဘယ်လိုမောင်းလာတာလဲ"

သူမက မျက်သွယ်ကို အေးစက်စက် ကြည့်သည်။ ဝိုင်းစက်လှပသလောက် အေးစက်နေသည့် မျက်လုံးများမှာ မြွေတစ်ကောင်ရဲ့အကြည့်တွေလို ရက်စက်စူးရှတော့မည့်ဟန် ပေါ်နေသည်။ ခဏလေး စိုက်ကြည့်မိရုံနဲ့တင် မျက်သွယ်ရဲ့နောက်ကျောထဲမှ စိမ့်တက်ကာ လန့်သလို ဖြစ်လာတာကလည်း မှာတော့ ထူးဆန်းသည်။ သို့သော် မျက်သွယ်က ကိုယ့်ကိုယ်ကိုချက်ချင်းပဲ အားတင်းကာ မာန်သွင်းလိုက်သည်။

"ကျွန်မ မေးနေတာ ကြားမှာပါ။ ဖြေစရာ အဖြေမရှိဘူးလား"





"မရှိတာ မဟုတ်ဘူး။ မင်းကို ပြန်မေးချင်တာ။ အခု တို့ကားမောင်းလာတာ ဘယ်လိုပုံစံလို့ ထင်လဲ။ အဆင်ပြေလား မပြေဘူးလား"

အဲဒီမေးခွန်းကိုပြောသော လေသံက ဟိုးမိုးပေါ်ကဆင်းလာသလို၊ မြီးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေသောအရှိန်အဝါတစ်ခု ပါနေသလို စေးစေးပိုင်ပိုင်ရှိလှသည်။ မေးတဲ့မေးခွန်းကလည်း ရှင်းလင်းသလောက် ဘာကိုပြန်ဖြေရမှန်းမသိဖြစ်လှလေသည်။

"မင်း ဘာမှမဖြေပုံထောက် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်မယ့် အဖြေမျိုးနဲ့တူတယ် ... ဟုတ်လား"

"ဘာတွေ လာပြောနေတာလဲ။ ရှင် ဘာကို ဆိုလိုချင်တာလဲ ကျွန်မ နားမလည်ဘူး ပြောချင်တာကို ရှင်းရှင်းလင်းလင်း ပြောပါ"

"ကောင်းပြီလေ၊ ဒါဆိုလည်း ပြောရတာပေါ့။ မင်း ငါ့ချစ်သူနဲ့ ဇန်ကောက်လိုက်သွားမယ့် အစီအစဉ်ကို ဖျက်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"ဘာပြောတယ်"ဟူသော စကားက ရှက်ဒေါသကြောင့် ဆောင့်ခနဲ ထွက်သွားပြီး ကိုယ်ရှိန်ပြန်သတ်ဖို့ ကြိုးစားသော်လည်း တစ်ဖက်က မိန်းမကတော့ မြွေလိုထ,ပေါက်တော့မည့် စူးရှဒေါသများနှင့် အသေအကြေ စိုက်ကြည့်နေသည်။ ကျောထဲကတောင် စိမ့်တက်လာသလို ရှိသော်လည်း မျက်သွယ်က စိတ်ကို မာန်တင်းထားလိုက်သည်။ ဒါပေမဲ့ ဗန်ကောက်ကိစ္စကို ဒီမိန်းက ဘယ်လိုသိသွားလဲဆိုတာ စဉ်းစားမရ ဖြစ်နေသည်။

"ဟင် ... မှန်တာပြောတော့ ဆတ်ဆတ်ခါသွားလား။ ကိုယ့်ကိုယ်ကိုယ် သိတယ်နော်။ အဲဒါဆိုရင်တော့ ငါပြောတဲ့အတိုင်း မင်း လိုက်သွားဖို့ မစဉ်းစားနဲ့တော့"

"နေပါဦး။ ရှင်က ဘာကိစ္စ လာကန့်ကွက်နေရတာလဲ။ ရှင့်မှာ အဲဒီလို ပြောပိုင်ခွင့် မရှိဘူးနဲ့ တူတယ်။ ရည်းစားဆိုတဲ့ ပတ်သက်မှုမျိုးက ဒီလောက်စွက်ဖက်လို့ရတဲ့ အနေအထားမျိုး မဟုတ်ပါဘူး"

"ဒါကတော့ နှာဗူးအတွေးလေ"





အဲဒီစကားကို ပြုံးစစ ပြောလိုက်ပုံက အနာပေါ်တုတ်ကျသွားသလို မျက်သွယ်က သူမရဲ့မျက်နှာကို ဆွဲကုတ်ချင်စိတ် ပေါက်သွားလေသည်။ ဒီမိန်းမဟာ ဘယ်လိုမိန်းမမျိုးမှန်းလည်း မသိပါ။ ပြောချင်တာကို ဖွတ်ရွတ်ပြီး မကြောက်မရွံ့ပြောတတ်တာကလည်း အရည်အချင်းတစ်ခုပဲ နေပါလိမ့်မည်။

"ရှင် စကားပြောတာ မရိုင်းနဲ့နော်။ ကျွန်မက မိကောင်းဖခင်သားသမီးရှင့်။ စကားပြောရင် အဆင့်ရှိရှိ ပြောပါ"

"ဟက် ... နှာဗူးထတာကို အဆင့်ရှိရှိ ဘယ်လိုပြောရမလဲ။ တစ်ဖက်သတ် အချစ်သမားလေးလို့ ပြောရမလား။ ဘယ်လိုပဲဖြစ်ဖြစ် အနက်အဓိပ္ပာယ်က ဒါပါပဲ ...

ကဲ ... မင်းကို ငါ ရှည်ရှည်ဝေးဝေး မပြောတော့ဘူးနော်။ မင်း ဟေမဝန်နဲ့ ဗန်ကောက်ကို လိုက်သွားဖို့ မစဉ်းစားပါနဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်ပါ။ ဒါ မင်းကို အကောင်းဆုံး သတိပေးလိုက်တာပဲ"

စကားဆုံးသွားတာနှင့် သူမက ချာခနဲ လှည့်ထွက်သွားဖို့ ပြင်သည်။ ငယ်ထိပ်မှာ ဆံထုံးပုံ့ပုံ့တစ်ခု ထုံးထားပြီး ရှမ်းဆံထုံးလိုလို ဘာလိုလို သစ်ခွက်သံချွန် ဆံထိုးမျိုး ထိုးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားသေးသည်။ ပဝါတစ်ထည် လွှမ်းခြုံထားပြီး၊ ယိုးဒယား ဘောင်းဘီပွ၊ ကြိုးသိုင်းဖိနပ်ကွင်းထိုး စသဖြင့် သူမရဲ့ပုံစံဟာ မော်ဆရာမလိုလို ဂမ္ဘီရဂိုဏ်းသူမလိုလို ဖြစ်နေသည်။

သို့သော် လူကိုလာပြီး ဘလိုင်းကြီးကောနေသော ဒီမိန်းမကို မျက်သွယ်က ဒီအတိုင်းတော့ ပြန်မလွှတ်ချင်ပါ။ ဒါကြောင့် လုပ်မိလုပ်ရာ တဟော့ဟော့နှင့် အော်ခေါ်မိသည်။ ပြန်လှည့်ကြည့်လျှင် တစ်ခုခုတော့ ပြောဦးမလို့ပါ။ ဒါပေမဲ့ သူမက လှည့်မကြည့်ပေ။ မျက်သွယ်မှာသာ ဒေါသတွေ အလိပ်လိုက်ထွက်ရင်း မေတ္တာပို့ရင်း ကျန်ရစ်ခဲ့ရသည်။ ဒါပေမဲ့လည်း သူ့စကားကိုတော့ နားထောင်လိမ့်မည် မဟုတ်ပါ။

❥ ○ ❥





## ၁၄

နှိုးစက်သံကြောင့် နိုးလာသော ဟေမဝန်သည် နှိုးစက်ကို လှမ်းပိတ်ရင်း ငါးမိနစ်တောင်နှပ်ဖို့ စိတ်မကူးတော့ဘဲ အိပ်ရာထက်မှ လန်းဆန်းစွာ ထလိုက်သည်။ မနေ့ညကလည်း အိပ်ရာစောစောဝင်ခဲ့သည်မို့ ဒီမနက်လည်း ခြောက်နာရီခွဲလောက် ထတာကို လန်းဆန်းစွာ နိုးနေပါသည်။ မနက်ဖြန်ဆို သူ စန်ကောက် သွားရမည်။ ဒါကြောင့် ဒီမနက် Breakfast ကို လီလီနှင့်အတူ စားသောက်စကားပြောရင်း ဖြတ်သန်းဖို့ စိတ်ကူးထားပါသည်။ အေးချမ်းသော မနက်စာဥယျာဉ်လေးထဲတွင် လီလီက သူ့အား စောင့်ကြိုနေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုး အဝတ်အစားလဲပြီးလျှင် သူက လီလီ့ထံသို့ ထွက်လာခဲ့သည်။ နံနက်ပိုင်း ကားရှင်းသောကြောင့် လီလီ့ဆီသို့ ခဏလေးနှင့် ရောက်သွားပါသည်။ ပြောထားသည့်အတိုင်းပဲ လီလီက ခြံထဲမှာ ပန်းဥယျာဉ်လေးအတွင်းမှာ နံနက်စာစားဖွဲ့ဝိုင်းကို ပြင်ဆင်ထားသည်။ ဘယ်တော့မှ မပြောင်းလဲသော ဆံပင်ထုံးဖွဲ့မှုတစ်ခုနှင့် အဖြူရောင်ဂါဝန်ရှည်ကို ဝတ်ဆင်ထားပုံမှာ လီလီ့ကို ဒဏ္ဍာရီထဲက တစ်စုံတစ်ယောက်နှင့် တူစေပါသည်။

"ဘာစားချင်လဲ ငယ်လေး။ ဥရောပစာလား မန္တလေးစာလား"

"ဟား ဟား ... ပြောပုံကိုတော့ ကြွေတယ်ကွာ။ မန္တလေးစာကတော့ ဟုတ်ပါပြီ။ ရန်ကုန်က ဘာလို့ ကြားထဲက ကျန်ခဲ့တာလဲ"

"ရန်ကုန်က ရင်ခုန်စရာ မကောင်းလို့လေ"

"ဟာ ... ဖွဲ့တယ်။ ဟား ဟား ... ကဲ ... ကိုယ် ဘာစားရမလဲ၊ ဘာတွေရလဲ ပြောပါဦး"

"ငယ်လေး စားချင်တာပြော ရစေရမယ်"

"အင်း ... ဒါဆို အကြော်၊ မုန့်ပြားသလက်နဲ့ ကော်ဖီပေါ့"





လီလီက သူ့ကို တည့်တည့်စိုက်ကြည့်ပြီး လှပစွာ ပြုံးပြပါသည်။ ပြီးတော့ အနားရောက်လာသော ရှေ့ခေါ်ကို သူစားချင်တာ မှာကြားပေးလိုက်သည်။ သူ နည်းနည်းတော့ ဖြုံသွားပါသည်။

"ဗန်ကောက်ကို ဘာမှာဦးမလဲ လီလီ"

"ဟင့်အင်း ... မှာစရာ မရှိပါဘူး"

"ဒါဖြင့်ရင် ကိုယ့်ဘာသာ ကြည့်ကျက်ပြီး ဝယ်ခဲ့ရမှာပေါ့ ... ဟုတ်လား"

"အင်း ... လီလီ ကြိုက်နိုင်လောက်တာ ရှိရင်လည်း ဝယ်ခဲ့ပေါ့"

မပွင့်တပွင့်ပြုံးကာ ပြောသော လီလီ့ပုံစံလေးက နှစ်စဖွယ်အတိပဲ ဖြစ်သည်။ ဒီလို မိန်းကလေးမျိုးနဲ့ နှီးညှိစွာ နေခွင့်ရခြင်းသည် သူ့ဘဝရဲ့ ကံကောင်းမှုတစ်ခုပဲ ဖြစ်ပါလိမ့်မည်။ လီလီ့ မျက်နှာလေးကို တရှိုက်မက်မက် ငေးရင်းမှ သူက နှုတ်ဖွင့်တိုးဖွဖွ ခေါ်မိသည်။

"လီလီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက နှုတ်ခမ်းဖြင့် မထူးဘဲ မျက်ဝန်းများဖြင့် ထူးပါသည်။ သူက လီလီ့ကို ငေးစိုက်ကြည့်ရင်း နှင့်သီးစွာ ပြောမိသည်။

"ကိုယ် လွမ်းရတော့မှာပေါ့နော်"

"… … …"

"ဒါပေမဲ့ ကိုယ် ပျော်တယ် သိလား"

အဲဒီစကားကိုတော့ လီလီက မျက်ခုံးလေးပင့်တက်သွားကာ ဟုတ်လား ဟူသော သဘောဖြင့် မေးဆတ်ပြသည်။ သူ့စကားကို ဒီ့ထက် ရှင်းရှင်းလင်းလင်း သိချင်ပုံရသော မျက်ဝန်းများကြောင့် သူက ဆက်ပြောပြလိုက်ပါသည်။

"သူများတွေ ချစ်သူကို ဘယ်လိုလွမ်းတဲ့အကြောင်း စာတွေ ကဗျာတွေနဲ့ ဖွဲ့ဆိုထားတာကို ကိုယ်က ခံစားရုံပဲ ခံစားပြီး ဘာမှ သိပ်ရေရေရာရာ နားမလည်ခဲ့ဘူးလေ။ ခုတော့ လွမ်းခွင့်ကြုံလာရပြီမို့ ပျော်တယ်လို့ ပြောတာ၊ ကိုယ်ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကို လီလီ နားလည်တယ် မဟုတ်လား။ စိတ်မဆိုးဘူး မဟုတ်လား"

"မဆိုးပါဘူး။ ဘာ စိတ်ဆိုးစရာရှိလဲ"





သူက တစ်ခုခု ပြန်ပြောမည့်ဟန် ပြင်တုန်းမှာပဲ ကောင်မလေးတွေက အစားအသောက်များကို လင်ပန်းဖြင့် သယ်ဆောင်လာသည်။ သူ့ရှေ့သို့ ချလိုက်သော ပန်းကန်ပြားထဲတွင် ဘူးသီးကြော်၊ ဇယားကြော်၊ မတ်ပဲကြော်၊ တို့ဟူးကြော်၊ ကောက်ညှင်းပဲကြော်၊ ကြက်သွန်ကြော်၊ ဂျုံးမြစ်ကြော် စသဖြင့် အကြော်တွေ စုံလင်လှသလို မုန့်ပြားသလက် ပူပူကလည်း ပဲပြုတ်နှမ်းချင်း၊ နံနံပင်အုပ်ကာဖြင့် စားချင်စဖွယ်အတိ ဖြစ်နေပါသည်။

သူက လီလီ့ကို မော့ကြည့်လိုက်လျှင် ဘယ့်နှယ့်ရှိစဟူသော အပြုံးမျိုးဖြင့် ကြည့်နေတာ တွေ့ရသည်။

"ဝါး … ဒါတွေ တကယ်ရတယ်ပေါ့"

"အင်းပေါ့ … မရစရာ ဘာအကြောင်းရှိလဲ၊ ကဲ … ပူပူနွေးနွေး … စား"

လီလီက လက်တစ်ဖက်ကို ညွှန်ပြရင်း ဆိုသည်။ သူက မုန့်ပြားသလက်ပူပူကို ကောက်ဝါးမိသည်။ အင်မတန် အရသာရှိပါသည်။ ပြင်ဦးလွင်ခြံထွက် ကော်ဖီကို နွားနို့စစ်စစ်နှင့် နှပ်ပေးထားတာကလည်း စွဲမက်ဖို့ ကောင်းလွန်းလှသည်။ လီလီသည် ချစ်ခြင်းအားဖြင့်သာ မဟုတ်ဘဲ အစားအသောက်ကောင်းဖြင့်လည်း ဆွဲဆောင်သူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို တခြား အတွေ့အထူး မှာစရာ မရှိတော့ဘူးလား လီ"

အခုနောက်ပိုင်း လီလို့ကို အမြန်ခေါ်ရင်း လီလီ ဖြစ်သွားတတ်သည်။ လီလီက ဆီထမင်းတစ်ဇွန်း ကော်စားရင်းမှ ...

"ကျန်းမာရေးကို ဂရုစိုက်ဖို့ပဲ မှာချင်တယ်။ ငယ်လေး ဘယ်နှရက်ကြာမှာလဲ"

"သုံး၊ လေးရက်ပေါ့။ တစ်ပတ်တော့ မကြာလောက်ဘူး ထင်ပါတယ်"

သူက ပြောရင်းနဲ့မှ မျက်သွယ်ကို ဖျတ်ခနဲ သတိရမိကာ မျက်သွယ်ပြောထားသော စကားများကို ကြားယောင်လာသည်။

["ကြော်ငြာကိစ္စပြီးသွားရင် ချက်ချင်းမပြန်နဲ့ဦးနော် ဟောမဝန်းငါ ဝယ်စရာလေးတွေ ရှိသေးတာမို့ တစ်ရက် နှစ်ရက်လောက်ဖြစ်ဖြစ် နင် ငါ့ကို အဖော်ပြုပေးဦးနော်၊ ဖြစ်တယ်မှလား"]





အဲဒီတုန်းက အေးပါဟာဟုသာ အလွယ်ပြောခဲ့သော်လည်း တကယ်တမ်းမှာ ဘယ်လိုဖြစ်လာဦးမလဲဆိုတာ သူ ကြိုသိနိုင်သေးချေ။ တစ်နေ့သောအခါက လီလီ တစ်ယောက် မျက်သွယ်ကို ဆက်ဆံခဲ့ပုံကိုလည်း ကြည့်ကာ ရင်လေးချင်သည်။ မျက်သွယ်ကလည်း ဘာမှန်းမသိဘဲ သူ့ကို နည်းနည်းအရေးအရာ ထားတာကိုလည်း သူက ဘယ်လိုနားလည်ရမှန်းမသိ ဖြစ်နေပါသည်။ သူ့ရဲ့ပင်ကိုစိတ်ရင်းအရ မိန်းကလေးတစ်ယောက်ကို သော်လည်း ပိုမိုမသတ်မှတ်ချင်ပါ။

"ငယ်လေး ကြည့်ရတာ လီလို့ကို တစ်ခုခု ပြောချင်နေတဲ့ပုံပဲ။ ဘာပြောချင်တာလဲ"

"ဩော် ... ဘာမှမဟုတ်ပါဘူး လီရယ်။ ကိုယ် နေ့တိုင်း ဖုန်းဆက်မှာပါ။ကိုယ့်ကို လွမ်းနေမယ် မဟုတ်လား"

"သေချာတာပေါ့"

ပြုံးစစ ပြောလိုက်ပုံလေးက အနားကခွာပြီး ထွက်သွားချင်စရာပါ။ သို့သော် မသွားချင်လည်း သွားရဦးမည်။ ထက်ပြန့်တ်ဆက်ကာ ကျန်ခဲ့သော လီလို့ကို နောက်ကြည့်မှန်ထဲမှ ငေးရင်း မျက်သွယ်နဲ့ ပတ်သက်တာကို မမေးခဲ့တာ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ထူးဆန်းသလားလို့လေ။ ကိုယ့်ချစ်သူဟာ မျက်သွယ်လို့ မစပ်စုတတ်ဘူးဟုသာ သတ်မှတ်ထားလိုက်တာ အကောင်းဆုံးပဲ ဖြစ်တော့သည်။

◆○◆





## ၁၅

မျက်သွယ်ရဲ့ မျက်လုံးတွေက နာရီကို ကြည့်မိသောအခါ ရှစ်နာရီ ထိုးနေပြီမို့ ကားရဲ့လီဗာကို နည်းနည်းပိုနင်းမိသည်။ အရှိန်ရနေသော ကားသည် ခုနကထက် သွက်သွက်လေး ထပ်ပြေးသွားသည်။ မနက်ဖြန် ဗန်ကောက်သွားရမယ်ဆိုတော့ ဒီနေ့ တစ်နေ့လုံး မျက်သွယ် မအားနိုင်ပါ။ ကြိုတင်လုပ်လို့ရသည့် ကိစ္စများ စီစဉ်စရာရှိတာများ စတာတွေကို စီရ စဉ်ရနှင့် ခုနစ်နာရီမှပဲ အလုပ်ကပြတ်တော့သည်။ အိမ်နားရောက်ခါနီးမှာ ရှစ်နာရီထိုးနေပြီ။

မိုးက ခပ်ဖွဲဖွဲကျကာ ရာသီဥတုက အေးမြစွတ်စိုနေတာမို့ ကားအသွားအလာတောင် ကျဲသွားသလိုပင်။ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီး အိမ်ပြန်ကုန်ကြပြီ ထင်ပါရဲ့။ တဖြည်းဖြည်းနှင့် အိမ်နားရောက်လာတော့မှ ကားကိုအရှိန်လျှော့ကာ ပါကင်မှာ သေသပ်စွာ ထိုးလိုက်သည်။ ကျွန်မတို့ နေတာက လမ်းသွယ် တစ်ခုရဲ့ ကန်ထရိုက်တိုက်ခန်းကျယ်ဖြစ်ပြီး လေးလွှာမှာ နေတာ ဖြစ်ပါသည်။ ကျွန်မသည် ကားထဲက အိတ်နှင့်လက်ဆွဲအိတ် အသေးကိုယူကာ မိုးဖွဲများ ကျနေတာမို့ လှေကားဆီသို့ ခပ်သွက် သွက် ပြေးလာခဲ့သည်။

မိုးလွတ်ရာ လှေကားထဲ ရောက်တော့မှပဲ ဖုန်းခဲ သက်ပြင်းချကာ လှေကားထစ်များကို ဖြည်းဖြည်းချင်း နင်းတက် လာခဲ့သည်။ မြန်မြန်တက်လျှင် မောမည်။ ဒါကြောင့် ဒီလှေကား ထစ်များကို အမြဲပဲ ဖြည်းဖြည်းသာ နင်းတက်ခဲ့ပါသည်။ လှေကား ထောင့်ချိုးတစ်နေရာ အရောက်မှာတော့ ကျွန်မ ရုတ်တရက် တွေ့လိုက်ရတာက သရဲမျက်နှာကြီးတစ်ခု ဖြစ်တာမို့ ရုတ်တရက် လန့်ကာ စူးစူးဝါးဝါး အော်ဟစ်မိသည်။

ကျွန်မအော်သံနှင့် မရှေးမနှောင်းမှာပဲ ချက်ချင်း ထွက်လာတာက သရဲရယ်သံတဟားဟား ဖြစ်တာကြောင့် ကြောင် လန့်စိတ်က ငယ်ထိပ်ထိ ဆောင့်တက်ကာ လက်ထဲက အိတ်





ထွက်ကျသွားရသည်။ ကုတ်အင်္ကျီမိုးကာအနက်ရောင်ကြီး ဝတ် ထားသော ထိုသရဲကြီးရဲ့လက်က ရုတ်တရက် ဆန့်ထွက်လာသော အခါ လင်းခနဲ လက်နေသော ဓားမြှောင်တစ်ချောင်းက ပေါ်လာ သည်မို့ အသည်းနှံးများ ပြုတ်ကျသွားတော့မလို ဖြစ်သွားသည်။

ဘုရား ... ဘုရား ... ဒီမိစ္ဆာကြီးဟာ ငါ့ကို သတ် တော့မှာပါလား။ သေရတော့မှာပါလား အသိနှင့် ဆောက်တည် ရာမရ ဖြစ်နေသော ကျွန်မမှာ ရုတ်တရက် ဝင်လာသောသတိ ဖြင့် ထွက်ပြေးဖို့ အကြံရသွားသည်။ ဒါကြောင့် ချာခနဲ နောက် ပြန်လှည့်ဖို့ ကြိုးစားကာ လှေကားမှ ဆင်းပြေးသည်။ သို့သော် တစ်ထစ်သာ နင်းရသေးသော ကျွန်မရဲ့ခြေလှမ်းအရှိန်မှာ ချောခနဲ-လွင့်သွားသည်။ အကြောင်းမှာ နောက်ကျောကို ဆောင့် ခွန်းခြင်း ခံလိုက်ရတာဖြစ်ပြီး ကျွန်မတစ်ယောက် လှေကား မှ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားကာ ချိုစောင်းမှာ ခုတ်ခနဲမြည် သံနှင့်အတူ ပွခနဲဖြစ်သွားပြီးနောက် ဘာမှမသိတော့ချေ။

◆ ○ ◆



www.burmeseclassic.com

www.burmeseclassic.com



ငါးနာရီ ထွက်ခွာမည့် လေယာဉ်ကို စီးဖို့အတွက် ဟောဝန်သည် လေးနာရီထိုးမှ လေဆိပ်သို့ ရောက်သည်။ လမ်းမှာ ကားပိတ်မှာမို့ အချိန်ကိုတွက်ဆပြီး ကြိုကြိုတင်တင် ထွက်လာခဲ့တာတောင် လေးနာရီအရောက်ပဲ ဖြစ်သည်။ သူ့ကို လိုက်ပို့ပေးသူ နန္ဒက လေဆိပ်ထဲမှာ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရင်း ...

"မင်း ဘော်ဒါလည်း မရောက်သေးပါလား"

"အမယ်လေး ... မင်းနဲ့ရော ဘော်ဒါမဟုတ်တာကျလို့"

"တော်ပါကွာ။ သူက အရင်က တို့ကို အဖက်တောင်လုပ်တာ မဟုတ်ပါဘူး။ ခုတောင် မင်းကိုပဲ အဖက်လုပ်တာ မင်းဘော်ဒါပေါ့"

သူက ဘာမှပြန်မပြောဘဲ ပခုံးသာ တွန့်ပြမိကာ မျက်သွယ်ကို ဝေ့ဝဲရှာဖွေနေမိသည်။ ဘာလို့ ရောက်မလာသေး





ဘာပါလိမ့်။ မျက်သွယ်လို မိန်းကလေးမျိုးက အချိန်တိကျမှုရှိပြီး ဘယ်နေရာကမှ နောက်မကျတတ်သည့် မိန်းကလေးမျိုးဖြစ်နေပါ။ ဘာကြောင့် နောက်ကျနေတယ်ဆိုတာ စဉ်းစားမရပါ။ အဲဒီအခိုက်မှာပဲ သူ့ဖုန်းက မြည်လာသည်။ Display ကိုကြည့်လိုက်လျှင် သူ့မျက်ခုံး ပင့်သွားရသည်။

"မျက်သွယ်"

ဖုန်းဖွင့်ပြီးနောက် တစ်ဖက်ကတောင် ဘာမှမပြောသေးချေ။ သူက အမောတကော ခေါ်မိသည်။

"မျက်သွယ် ဘယ်ရောက်နေပြီလဲ။ ရောက်နေပြီလား၊ ဘယ်မှာလဲ"

တစ်ဖက်က တိတ်ဆိတ်ကာ နေသည်။ ခဏနေတော့မှ ငိုရှိုက်သလိုအသံမျိုး ထွက်လာလျှင် သူက အလန့်တကြားဖြစ်သွားရသည်။

"မျက်သွယ် ... မျက်သွယ် ... ဘာဖြစ်လို့လဲ။ အခု ဘယ်မှာလဲ"

"ဟောဝန် ... ငါ ... မလိုက်ဖြစ်တော့ဘူး"

"မလိုက်ဖြစ်တော့ဘူး ! ဘာဖြစ်လို့လဲ မျက်သွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ ... လက်ကျိုးသွားလို့ ... ဟင့် ... အဟင့်"

"လက်ကျိုးတယ် ! ဟုတ်လား။ ဘယ်လိုဖြစ်ရတာလဲ မျက်သွယ်ရယ်"

"ငါ့ကို လူတစ်ယောက်က သတ်ဖို့ကြိုးစားတာ ဟေမဝန်"

"ဘာရယ် ... ဘယ်လို"

သူပင်လျှင် ချာချာလည်သွားရသည်။ ရေချိုးခန်းထဲမှာ ချော်လဲရင်း မျက်သွယ် တစ်ယောက် ဦးနှောက်ပါ ပျက်သွားပြီလား မသိချေ။ မျက်သွယ်ကို လူတစ်ယောက်က သတ်ဖို့ကြိုးစားတယ်တဲ့။ သူက ရုတ်တရက် ပြုံးချင်သွားသည်။

"မနေ့က အပြင်က ပြန်လာတော့ လှေကားမှာ သရဲလို မျက်နှာဖုံးစွပ်ထားတဲ့ လူတစ်ယောက်က ငါ့ကို လှေကားကနေ တွန်းချလိုက်တာ ...

အဲဒါ နဖူးပေါက်ပြီး လက်ကျိုးသွားတယ်။ ငါ မလိုက်နိုင်တော့ဘူး ဟေမဝန်"

မျက်သွယ်ရဲ့လေသံက နောက်နေတာနှင့် မတူပါ။ တကယ်ကို အတည်ပြောနေတာ။ ဒါပေမဲ့ စကားတွေကတော့ သူ ဘယ်လိုမှ လိုက်မမီပါ။ ဘာပြန်ပြောရမှန်း မသိခင်မှာ သူ့ကို နန္ဒက လက်ကုတ်နေပြီဖြစ်သည်။





"ဟေမဝန် ... နင် ခုထိ လေယာဉ်ပေါ် မရောက်သေးဘူးလား၊ ငါ့ကို စောင့်နေတာလားဟင်"

"ဟင် ... အင်း ... အင်းပေါ့"

"ဟေမဝန်ရယ် ... ငါလေ တကယ်ကို စိတ်မကောင်းပါဘူး ... အဟင့် ... ဟင့်"

"ဟာ ... မငို ... မငိုပါနဲ့။ ကျုတ် ... မျက်သွယ်ရယ်၊ ငါ စိတ်မကောင်းဘူးဟာ၊ တကယ်ပါ၊ အိုခေ ... အိုခေ ...။ ဒါဆို ငါ ဟိုရောက်မှ ဖုန်းဆက်လိုက်မယ်ဟာ၊ အခု အရမ်းနောက်ကျနေပြီ။ လေယာဉ်ပေါ်တက်ဖို့ လုပ်လိုက်ဦးမယ်"

"အေးပါ"

သူက ဖုန်းကိုချကာ နန္ဒလက်ထဲ ထည့်ပေးလိုက်သည်။

"သူ မလိုက်ဖြစ်တော့ဘူးတဲ့။ အိုခေ ... ဒါဆို ငါသွားမယ် နန္ဒ၊ အရမ်းနောက်ကျနေပြီ။ ဟိုရောက်မှ ဖုန်းဆက်လိုက်မယ်"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



သူက အတွင်းခန်းသို့ ခပ်မြန်မြန်ပဲ လျှောက်ဝင်လာခဲ့လေသည်။ လုပ်စရာကိစ္စတွေကို တန်းစီ၍ အမြန်လုပ်ရပြီး လေယာဉ်ပေါ် နောက်ဆုံးတက်သူမှာ သူဖြစ်သည်။ လေယာဉ်ပေါ် ရောက်တော့မှပဲ မျက်သွယ်အကြောင်း ပြန်စဉ်းစားရလေသည်။ မျက်သွယ်ကို အသက်အန္တရာယ်ထိ ရန်ရှာတဲ့သူဟာ ဘယ်သူများလဲ။

တကယ်တော့ သူနဲ့မျက်သွယ်ဟာ ပြန်ဆုံတွေ့ချိန်လည်း သိပ်မကြာသေးတာမို့ သူမရဲ့ အကြောင်းကိုလည်း ဃဃဏဏတော့ မသိရသေး။ မသိရချိန်မှာ ဘာကိုမှ သုံးသပ်အဖြေထုတ်လို့ မရသေးဘူးပဲ ထင်ပါသည်။





၁၆

တစ်ပတ်ခန့်အကြာ ...

လီလီသည် မှန်ရှေ့မှာထိုင်ကာ ကိုယ့်မျက်နှာကိုယ် ဆေးနပ်စွာနှင့် ကြည့်နေမိသည်။ အတော်သင့် လိမ်းခြယ်ထားသော သဘာဝကျကျ မိတ်ကပ်မျက်နှာက လှပစွာ တည်ရှိနေပြီး အဆုံးသတ်အလှကို ဖန်တီးပေးမည့် အရာတစ်ခုကို အသံတိတ် ဆောင်းဆိုနေသည်ဟု ထင်သည်။ လီလီက ကြက်သွေးရောင် နှုတ်ခမ်းနီကို လှပသပ်ရပ်စွာ ဆိုးလိုက်သည်။ ခုမှပဲ မျက်နှာလေးက ပိုမိုတောက်ပသွားသည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောလယ်နားထိ ဖြန့်ကျက်ချထားသော ဆံနွယ်များက လီလီ့ထုံးစံအတိုင်း ဆံထုံးမထုံးရသေးချေ။ အဲဒီအချိန်မှာပဲ လီလီ့ရဲ့ Hair stylist ရောက်လာသည်။ သူကတော့ ဂျပုမလေး ရွှေပုသာ ဖြစ်ပါသည်။ ပုသလောက် ဆံထုံးအမျိုးမျိုး ထုံးရာမှာ ကျွမ်းကျင်သူဖြစ်သည်။ အရင်တည်းက သူ့ဆံပင်၊ သူများဆံပင် စတာတွေကို Talent ရှိရှိ လုပ်တတ်တာကို မြင်ယောင်ပြီးနောက် အလှပြင်သင်တန်းတစ်ခုမှာ ဆံထုံး‚ထုံးတာကို သွားတက်ခိုင်းလိုက်သည်။

လီလီသည် ကိုယ့်ဆံပင်ကိုယ် ချထားတာထက် ထုံးဖွဲ့ထားရတာကို ပိုကြိုက်သူတည်း။ ထုံးဖွဲ့ရာမှာလည်း ကျစ်ဆံမြီးဆံထုံး အမျိုးမျိုးကို ပိုသဘောကျကာ နုနုငယ်ငယ်နှင့် ချောကျက်စွာလည်း လှသည်ဟု ထင်သည်။ ခုလည်း ငါးရိုးကျစ်ဆံမြီးကျစ်ကာ အပေါ်အောက် တစ်ဆက်တည်း လက်ပြတ်အင်္ကျီနှင့် ဘောင်းဘီတွဲလျက် ကြက်သွေးရောင်ဝတ်စုံကို ဝတ်ဆင်လိုက်သည်။ ဒေါ်လာတစ်ရာကျော် ပေးရသော Branded ဝတ်စုံသည် လီလီ့ရဲ့သွယ်ပျောင်းလှပသော ခန္ဓာကိုယ်ပေါ်တွင် အပိုအလိုမရှိ





ကွက်တိကျနေသည်။ လီလီက နောက်ဆုံး အဆင့်အနေဖြင့် Accessories ရွေးချယ်လိုက်သည်။ ခရစ်စတယ်လည်ဆွဲရှည်လေးနှင့်ဆင်တူ လက်ကောက်ပျော့လေးကို ဆင်ယင်ကာ ဘဲဥပုံ Ray Ban မျက်မှန်ကို ကောက်တပ်ပြီး အပြင်သို့ ထွက်လာခဲ့သည်။

ဒီနေ့ ဟေမဝန့်ကို လေဆိပ်မှာ သွားကြိုရမည်လေ။ ချစ်တဲ့သူရဲ့မျက်လုံးရှေ့တွင် လီလီ တစ်ယောက် အလှဆုံးဖြစ်စေချင်ပါသည်။ လီလီက ကားကို ကိုယ်တိုင်မောင်းကာ လေဆိပ်သို့ ထွက်လာခဲ့သည်။ ကားပိတ်တဲ့အချိန်နဲ့ ထွက်ဆကာ အချိန်ကို ညှိလာခြင်းကြောင့် လေဆိပ်လည်းအရောက် လေယာဉ်လည်း အဆိုက်ပဲ ဖြစ်လေသည်။ ခဏကြာတော့ တစ်ပတ်လောက်ကွဲကွာနေရသော ဟေမဝန့်ကို ချစ်စရာကောင်းစွာ ပြန်မြင်ရသည်။

“ဟေး … ငယ်လေး”

အနက်ရောင် ဖစ်တင်ရှပ်အင်္ကျီကို မီးခိုးရောင်ဖစ် ဘောင်းဘီရှည်နှင့် တွဲဖက်ဝတ်ဆင်ထားသော သူ့ပုံစံက တကယ်ကို Sweet & Smart ဖြစ်ပါသည်။ သူက လီလီ့ကို လက်လှမ်းပြကာ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လီလီ"

အနားရောက်လာသော လီလီ့ပခုံးလေးကိုဖက်ပြီး သူ့ရင်ခွင်ထဲ တစ်ဝက်ထည့်လိုက်ပုံက နှလုံးသားကို နူးညံ့စွာ လှုပ်ရှားရိုက်ခတ်စေပါသည်။ သူ့ကို တဖြည်းဖြည်းနှင့် တစိမ့်စိမ့် ချစ်လာပုံက လီလီ့ကိုယ်လီလီတောင် မယုံချင်ပါ။ ပထမတုန်းက တောင် သူ့အပေါ်မှာ အဲဒီလောက် Serious မဖြစ်ခဲ့။ တဖြည်း ဖြည်းချင်း သူ့ရဲ့စိတ်နေသဘောထား၊ နေထိုင်ပြောဆိုပုံတို့ကို ကြည့်ကာ အထင်ကြီးရင်း နှစ်သက်ရင်း ပိုချစ်လာတယ် ဆိုပါ တော့။

အချစ်စိတ်ကြောင့်ပဲလား သူ့ရဲ့ရုပ်သွင်ကိုသာ အဲဒီ လိုဖြစ်နေတာကြောင့်လား မသိချေ။ တွေ့ခါစက သာမန်ဟုသာ ထင်ရသော သူ့ရုပ်ရည်ဟာ ကြည့်လေ ကြည့်လေ ဘယ်နားက ဆွဲဆောင်မှုရှိမှန်းမသိ ရှိနေကာ ချိုမြိန်သောဓာတ်တစ်မျိုးကို သူ့ ဆီက ထုတ်လွှင့်ပေးနေသလိုပဲ ရှိပါသည်။

"နေကောင်းတယ်နော် လီလီ"

"ကောင်း"

လီလီ့ရဲ့အဖြေကို သူက ချစ်စနိုးဖြစ်သွားဟန်ဖြင့် ခေါင်းလေးကို အုပ်မိုးလှုပ်ယမ်းလေသည်၊





"ဗိုက်ဆာလား ငယ်လေး၊ လေယာဉ်ပေါ်မှာ ဘာစားခဲ့လဲ"

"မစားခဲ့ပါဘူး၊ ဒီရောက်မှ လီလီနဲ့ တူတူစားမယ် စဉ်းစား ထားတာလေ"

"အိုခေ ဘာစားမလဲ ပြော"

"လီလီ ကြိုက်တာသာစား၊ ကိုယ်ကတော့ စားပြီးသားပဲ၊ ဘာဖြစ်ဖြစ် ?"

"အင်း ... ဒါဆို ဟဲဗီးကြီး မစားချင်ဘူး၊ အကင်နဲ့ ဂျူ့စ် လေးပဲ စားချင်တာ ဖြစ်လား"

"ဖြစ်ပါတယ်၊ ဝိတ်လျှော့ပြီးသား ရတာပေါ့၊ Let's Go"

သူ့လက်ကို လီလီက တွဲကာ လှည့်ထွက်ကြဖို့ ပြင်တုန်းမှာပဲ သူ့ခန္ဓာကိုယ်က နောက်သို့ ပြန်လှည့်သွားသည်။ အကြောင်းမှာ တစ်စုံတစ်ယောက်က ဆွဲထားလိုက်သလို လူက နောက်သို့ ပြန်လည်သွားခြင်းပါ။

လီလီပါ ခေါင်းကိုလည်ပြီး စောင်းကြည့်လိုက်သော အခါ ...

"အစ်ကို ဒီလို တိတ်တိတ်လေး လစ်ထွက်မသွားနဲ့လေ၊ ဟင်း ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရွှေရောင် ငွေရောင် ပေါင်လည်ဝတ်စုံတို့နှင့် လီလီ မြင်ဖူးသလိုရှိသည့် ကောင်မလေးတစ်ယောက်က သူ့လက်မောင်းကို ဆွဲထားတာဖြစ်သည်။ လီလို့နှလုံးသားကို အပ်နှင့်လှမ်းပေါက်လိုက်သလို ဆူးခနဲ ဆစ်ခဲ ဖြစ်သွားစေသည်။ သူ့မျက်နှာကို ချက်ချင်မော့ကြည့်လိုက်တော့ သူက သိပ်ထူးထူးခြားခြား ပြောင်းလဲသွားတာမျိုး မကြုံရပါ။

"ဩော် ... ပန်းရောင်"

ပန်းရောင် .... ပန်းရောင် ဆိုတဲ့ တစ်ယောက်က ခုမှ တက်သစ်စ နာမည်ကြီးစ မော်ဒယ် မဟုတ်လား။ သူက ငယ်လေးရဲ့လက်မောင်းကို ဖမ်းဆွဲရတဲ့အထိ ဗန်ကောက်မှာ ဘယ်လောက်များ ရင်းနှီးပတ်သက်ခဲ့လို့ပါလိမ့်။

"ဘယ်သွားမလို့လဲ"

အသံ ...။ အဲဒီ ပြီတီတီ ပျစ်ချွဲချွဲအသံကို လီလီ အင်မတန် မုန်းပါသည်။ ဘာအသံမှန်း မသိ။ မုန်းတယ်ဆိုတာ အပြင် ရွံတောင် ရွံသည်ဟု ပြောလို့ရသည်။ ခုချိန်ထိ ငယ်လေးရဲ့လက်မောင်းကို ကိုင်ထားသော သူမရဲ့လက်ကိုလည်း မဖြုတ်သေးချေ။ လီလီက အဲဒါကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေမိသည်။





"ပြန်မလို့လေ ပန်းရောင်"

"ပန်းရောင်ကို လာမကြိုဘူး။ ပန်းရောင် အစ်ကို့ကားနဲ့ပဲ လိုက်ခဲ့မယ်လေနော်"

"အန် ... ဩော် ... ဟို"

သူက တွေဝေသွားသော ပုံစံဖြင့် လီလီ့ကို လှည့်ကြည့်သည်။ သူ့မျက်လုံးထဲတွင် ခွင့်တောင်းသလို ခေါ်ခဲ့စေချင်သလို အရိပ်ယောင်တွေကို မြင်ရသောအခါ အဲဒီအတွေးကို လီလီ တအားမုန်းတီးသွားသည်။ ဒါပေမဲ့ ဒေါသကို ခဏမျိုချထားကာ ခုထိ မဖြုတ်သေးသောလက်ကို မေးတစ်ချက် ဆတ်ပြရင်း မေးလိုက်သည်။

"အဲဒီလက်က ဒီနေ့အဖို့ ဖြုတ်ဖို့ အစီစဉ်ရှိသေးလား"

"ရှင်"

"လီလီ"

သူ့အသံက ဟန့်သလိုဖြင့် ခပ်အုပ်အုပ် ထွက်လာသည်။ လီလီက ဂရုမစိုက်ဟန်ဖြင့် လက်ကိုပိုက်ကာ ထိုမိန်းကလေးကို မေးတစ်ချက်ပင့် မျက်ကျောစင်းပြီး စိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရောင် ... ကိုယ်က သွားစရာလေးတစ်ခု ရှိသေးလို့ အဆင်ပြေမှာ မဟုတ်ဘူး၊ ပန်းရောင် တခြားတစ်ယောက်ယောက်နဲ့ လိုက်သွားလိုက်လေနော်"

"ပြီးရောလေ။ ဒါဆိုလည်း ဖုန်းဆက်လိုက်မယ်၊ ဂရုစိုက်သွားနော် အစ်ကိုဟောဝန် ... ဘိုင့်ဘိုင်"

"အင်း ... ဘိုင့်ဘိုင်"

သူက ခါးလှုပ်ကာ ကော့ပျံပြီး ထွက်သွားသော မိန်းမကို တစ်ချက်တောင် ငေးလိုက်သေးသည်။ လီလီ့သွေးတွေသည် Shock ဖြစ်တော့မည့် ဝါယာမျှင်တွေလို တဖျစ်ဖျစ်နှင့် မြည်လာလေသည်။ သူက အဲဒါကို မသိ။ လီလီ့ဘက်သို့ တစ်ချက်စောင်းငဲ့ကြည့်ကာ ...

"သွားမယ်လေ လီလီ"

လီလီက ဘာမှပြန်မပြောဘဲ ခပ်စူးစူး တစ်ချက်ကြည့်ကာ ကားရပ်ထားရာသို့ လျှောက်လာခဲ့သည်။ ပြီးတော့ သူလုံးဝ ထင်မှတ်ထားမှာ မဟုတ်တဲ့ လုပ်ရပ်တစ်ခုကို လုပ်လိုက်သည်။ အဲဒါကတော့ ကားပေါ်တက် စက်နှိုးကာ သူ့ကိုမခေါ်တော့ဘဲ လေဆိပ်ထဲမှကားကို တရကြမ်း မောင်းထွက်လာတာပဲ ဖြစ်တော့သည်။





ကိုယ်လာကြိုတဲ့သူကို ခေါ်မလာဘဲ ထားခဲ့သောကြောင့် သူမှာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ဘယ်နှယောက် ရှိနိုင်မလဲ။ ဘယ်နှယောက်မှ ရှိနိုင်မည် မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"တောက် ... ဘာကြီးလဲကွာ၊ ရာဇဝင် ရှိင်းလိုက်တာ"

ဟောမဝန်က နားမှာ ကပ်နားထောင်ထားသော iPhone ကို ဆိုဖာပေါ်သို့ ပစ်ပေါက်လိုက်တာကို နန္ဒက ရင်ခေ ရွာ ငေးကြည့်နေရသည်။ ခုပဲ ဟောမဝန်က Taxi နှင့် ပြန်ရောက် လာသဖြင့် သူ အံ့သြခဲ့ရသည်။ ပြီးတော့ ရှုးရှုးရှဲရှဲဖြင့် ဒေါသ တွေ ထွက်နေသည်။ ဟောမဝန့် ကောင်မလေး လီလီဟာ လေဆိပ် ကို ရောက်လာခဲ့ပြီးမှ သူ့ကို မခေါ်ဘဲ ဒီအတိုင်း ထားသွားတာ တဲ့။

အိမ်ရောက်သောအခါ ဟောမဝန်က လီလီ့ထံ ဖုန်း ဆက်ပြီး ဘာကြောင့် ဒီလိုလုပ်သွားရသလဲဆိုတာ မေးသည်။





အဲဒီအခါမှာ လီလီ့ရဲ့ပြန်ဖြေသံက သူ့ဒေါသကို ဆီလောင်းပေး သကဲ့သို့ ရှိလေသည်။

"လီလီ ... ဘာလုပ်တာလဲ၊ ကိုယ့်ကို ဘာကိစ္စနဲ့မပြောမဆို လေဆိပ်မှာ ထားသွားရတာလဲ"

"ခေါ်ချင်စိတ် မရှိတော့လို့"

"ဘာရယ် ... ဘာပြောတယ်၊ ဟာ ... အဟား ... ဟား"

ဘယ်လိုတောင် ပြောရမှန်း မသိတော့၍ သူက ဒေါသထွက်ထွက်နှင့် ရယ်သွမ်းသွေးမိသည်။ လီလီ့ကို သူ ဘယ် လိုနားလည်ရမှန်း မသိတော့ပါ။ တကယ်ကိုပဲ စိတ်ထဲထင်ရာ လျှောက်လုပ်တတ်တဲ့ မိန်းကလေးတစ်ယောက်လား။

"လီလီ ကိုယ် တစ်ခုမေးပါရစေ။ လီလီ့စိတ်မှာ ကိုယ့်ကို သဘောမကျစရာတစ်ခု ရှိချင်ရှိမယ်၊ ဒါပေမဲ့ ဒါဟာ ဒီလောက်လုပ်ဖို့ လိုတဲ့ကိစ္စလား"

"ဒါက ဈေးရောင်းဈေးဝယ်တဲ့ ကိစ္စလို မတွက်လိုက်နဲ့ လေ ငယ်လေးရဲ့။ ဘယ်လောက်ဖိုးဝယ်ရင် ဘယ်လောက်ပဲ ပြန်ရ,ရမှာ မဟုတ်လားလို့ ပုံသေတွက်လို့ရတဲ့ ကိစ္စမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ထားပါ။ ကဲ ... ခုလို လုပ်ရတဲ့အကြောင်း ရင်းက ဘာများဖြစ်မလဲ"

"ရှင် ဗန်ကောက်မှာ ဟို ဖောင်ရီးမနဲ့ ပရော့ပရီနေခဲ့မှု လေ၊ ရှင်တို့ ပလူးခဲ့တဲ့ အမှု"

"ဘာရယ် ... ဘာရယ် ... ဘာပြောတယ်"

ဖောင်ရီးမ၊ ပရောပရီ၊ ပလူး စတဲ့ စကားတွေဟာ သူ့ပတ်ဝန်းကျင်မှာ ကြားနေကျ စကားတွေ မဟုတ်ခဲ့ပါ။ လီလီ ဒီလို ပြောတတ်လိမ့်မည်ဟုလည်း မထင်ပေ။

"လီလီ ကျေးဇူးပြုပြီး ကိုယ့်ကို ရှင်းရှင်းလေး ပြောစမ်းပါ။ မင်း ဘာကို မကျေနပ်တာလဲ၊ ဘာကို ပြောချင်တာလဲ ဆိုတာကို"

"ရှင့်ကို ဟိုမိန်းမက ဆွဲလားရမ်းလား လုပ်နေတာလေ။ အပိုကြီးလိုလို အပိုင်ကြီးလိုလို လုပ်နေတာလေ။ အဲဒါ ဘာလို့ လုပ်တာလဲ၊ သူနဲ့ ရှင့်ရဲ့ရင်းနှီးမှုအတိုင်းအတာ ကြောင့် သူ လုပ်ရဲတာပေါ့ ...

ကိုယ်နဲ့ မရင်းနှီးတဲ့ ယောကျ်ားတစ်ယောက်ကို ဒီလို လက်ပွန်းတတီး ပြောရဲ ဆိုရဲတယ်ဆိုတာ ဘယ်





မိန်းကလေးက ရှိမှာလဲ။ အဲဒီ ဖောင်ရီးမနဲ့ ရှင် တစ်ပတ်လောက် ကြည်နူးသာယာလာလို့ နေမှာပေါ့"

"ဟာ ... ကျွတ် ... ပြဿနာပဲ လီလီရာ။ လီလီ ထင်သလို မဟုတ်ရပါဘူး၊ ဘာကြောင့် ဒီလိုတွေ ဖြစ်ရတာလဲ။ အဲလို မဖြစ်စမ်းပါနဲ့"

"ဖြစ်မှာပဲ ... ဖြစ်မှာပဲ၊ သူ ဘာကြောင့် ရှင့်ပခုံးကို ကိုင်လဲ"

"ဟာ ... အဲဒါကတော့ လူဆိုတာ ဒီလိုပဲ သူကိုယ်ကိုင်တောင် ယောင်ယမ်းပြီး ကိုင်မိတာလည်း ဖြစ်နိုင်တာပဲ။ တမင်ရည်ရွယ်ပြီး ကိုင်တာလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့။ ဘာလို့ အတွေးခေါင်နေတာလဲ လီလီ ...

မင်းလည်း ခေတ်ပညာတတ် တစ်ယောက်ပဲ"

"အို ... ခေတ်ပညာတတ်တာနဲ့ ဘာဆိုင်လဲ။ ခေတ်ပညာတတ်တယ်ဆိုပြီး ရှင်ဟိုဆိုရှယ်ကျသမျှကို ထိုင်လက်ခံပေးရမှာလား။ ရှင့်ရဲ့ နေပုံထိုင်ပုံကို မကြိုက်လို့ ရှင့်ကိုလေဆိပ်မှာ ထားပစ်ခဲ့တာ။ သိပြီလား"

"ဟာ ... ဟာ ... ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



သူက အံ့သြ မခံချင်ဖြစ်လွန်း၍ တဟားဟားနှင့် အော်မိသည်။ လီလီရဲ့စကားလုံးတွေက လူနှင့်မလိုက်အောင် ပြင်းထန်လွန်းလှပါသည်။ သူ့ကို ဒီလောက်တောင် ပြောလိမ့်မည်ဟု ထင်မထားခဲ့ချေ။

"လီလီ"

"တော်ပြီ မပြောနဲ့တော့ ငယ်လေး။ လီလီ အဲဒီလိုကိစ္စမျိုး လုံးဝလက်မခံနိုင်ဘူး။ နောက်ထပ် လုံးဝရှိမလာပါစေနဲ့တော့ ...

ရှင် အနေအထိုင်ကို ဆင်ခြင်ပါ၊ ဒါပဲ"

သူမကတောင် ပြောချင်ရာပြောပြီး ဖုန်းကို ဝှပ်ခနဲ ဦးအောင်ချသွားသေးတာလေ။ ဟောမဝန်က ဒေါသထွက်ထွက်နှင့် ဖုန်းကို ဆိုဖာပေါ်သို့ ပစ်ပေါက်လိုက်တာဖြစ်သည်။ သူ ဖြစ်ပျက် နေသမီကို နန္ဒက ပါးစပ်အဟောင်းသားဖြင့် ငေးမောနေသော သည်။ ခဏကြာတော့ သူ့ကို ဖျောင်းဖျသည်။

"ကဲ ... မင်းလည်း စိတ်လျှော့ပါကွာ။ မင်းကို ဒီလိုပုံမျိုးနဲ့ တစ်ခါမှ မမြင်ဖူးဘူး၊ မလိုက်ပါဘူး ဒီပုံစံနဲ့"

"တော်စမ်းကွာ၊ လာနှောက်မနေစမ်းပါနဲ့"





"နှောက်တာ မဟုတ်ဘူး၊ တကယ် ပြောနေတာ၊ ငါ့တစ်သက်နဲ့တစ်ကိုယ် မင်းကို ဒီလို ဒေါပွနေတာ တစ်ခါမှ မမြင်ဖူးဘူး"

"မမြင်ဘူးဆို ငါ့ကို ဒီလိုလုပ်တဲ့သူလည်း ရှိမှ မရှိခဲ့တာပဲ။ ဟူး ... လီလီက ဘာလဲကွာ။ လုံးဝလေစရာ ကောင်းတယ်"

"မင်းကို ချစ်လွန်းလို့ သဝန်တိုတာ နေမှာပါ"

"ဟာ ... သဝန်တိုတယ် ဆိုလည်း ကားပေါ်မှာတင် ရန်ဖြစ် စကားများပြီး တိုလို့ရပါတယ်။ ငါ့ကို အဲလိုကြီး ထားပစ်ခဲ့စရာ မလိုပါဘူး ...

ဘာမှန်းကို မသိဘူးကွာ။ သူ့စိတ်ထဲ ဘာကိုမှ ထည့်မစဉ်းစားဘဲ လုပ်ချင်ရာ လုပ်ပစ်တတ်တဲ့သူမျိုးလား မသိပါဘူး၊ ဟူး ... ကျွတ်"

သူက စိတ်ပျက်လက်ပျက်နှင့် ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ လီလီဟာ ပေးမယ့်ပေးတော့လည်း အကြီးကြီးပါလား။ တကယ် အကဲခတ်လို့ မရတဲ့သူပါလား။ ဘယ်လိုနားလည်ရတော့မလဲ ဖူးပွင့်လီလီရယ်။

❥ ○ ❥



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

နဖူးပေါ် လက်တစ်စုံ ကျရောက်လာသော အတွေ့အထိကြောင့် လီလီ့မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာသည်။ သူမကို ကြည့်နာစွာ စိုက်ကြည့်နေသော အစ်ကိုဖြစ်သူကို တွေ့လိုက်ရသဖြင့် မျက်တောင်တစ်ချက်ခတ်ကာ နှုတ်ဆက်လိုက်သည်။

"ညီမလေး နေကောင်းရဲ့လား"

"........"

လီလီက ခေါင်းသာညိတ်ပြလိုက်သည်။ ကိုကြီးကို ပခုံးတစ်ဖက်ကို နွေးထွေးစွာ အားပေးဖျစ်ညှစ် ဆုပ်ကိုင်ပြီး ဆက်ပြောသည်။





"ညီမလေး ကြည့်ရတာ မလန်းလို့လေ။ ညကလည်း ညစာမစားဘဲ အစောကြီး အိပ်သွားတယ်။ အိပ်တယ်သာ ပြောတာ ညီမလေး မျက်ကွင်းတွေလည်း ချောင်လို့ အိပ်မထားတဲ့ပုံ ...

ဘာတွေဖြစ်လဲ ညီမလေး"

လီလီက ခေါင်းကို ခပ်ကြမ်းကြမ်း ခါပြလိုက်ရင်း အိပ်ရာထက်မှ ဖြုန်းခနဲ ထလိုက်သဖြင့် ကိုကြီးတောင် လန့်သွားဟန်ရှိသည်။ ချက်ချင်းပဲ ရေချိုးခန်းထဲသို့ ဝင်လာပြီး မှန်ကိုကြည့်လိုက်လျှင် ပန်းဒါမျက်လုံးနှင့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ အင်း ... ပန်းဒါမျက်လုံး ဖြစ်မှာပေါ့၊ မအိပ်ရတာ နှစ်ညရှိပြီလေ။ နှစ်ညရှိဆို ငယ်လေးနဲ့ အဆက်အသွယ်မရှိတာ နှစ်ရက်ရှိခဲ့ပြီ။ အဲဒီ နှစ်ရက်အတွက် လီလီ ဒေါသထွက် စိတ်တိုရတာဖြစ်သည်။ ဘယ်လိုပဲ စိတ်ကောက် စိတ်ဆိုးပါစေ ယောကျ်ားလေးက စခေါ်ရမယ် မဟုတ်ပါလား။ ခုတော့ သူက မခေါ်။ လီလီကလည်း စ,မခေါ်ချင်သောအခါ ဒုက္ခရောက်ရတော့သည်။

မျက်နှာသစ်ပြီး ထွက်လာသောအခါ ကိုကြီးကို ပွတင်းဝါခါးဘက် မင်္ဂကတ်ရပ် အနေအထားဖြင့် ကျောပေး



www.burmeseclassic.com

www.burmeseclassic.com



လျက်သား တွေ့ရသည်။ ရှပ်အဖြူ၊ စတိုင်လ်ပန်ဖစ်အနက်တို့ဖြင့် ကိုကြီး ရုံးသွားတော့မယ့်ပုံစံ ဖြစ်ပါသည်။

"ကိုကြီး ရုံးသွားတော့မှာ မဟုတ်လား။ နောက်ကျနေဦးမယ်"

"နောက်ကျတယ် ဆိုတာ မရှိဘူး။ ကိုကြီးက ဝန်ထမ်းမှ မဟုတ်တာ၊ ကဲ ... ပြောပါဦး၊ ညီမလေး ဟောမဝန်နဲ့ အဆင်ပြေရဲ့လား"

"........"

လီလီက ဘာမှပြန်မဖြေမိချေ။ နှုတ်ခမ်းကိုက်ပြီး ခေါင်းငုံ့ထားမိသည်။

"ဟင် ? ညီမလေး။ ကိုကြီး မေးတာ ဖြေပါဦး"

"ဒီလိုပါပဲ ကိုကြီး။ ခဏ စိတ်ကောက်နေတာပါ"

"အင်း ... ခဏ စိတ်ကောက်တယ်ဆိုလည်း ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်တဲ့အထိ စိတ်ခံစားမှုကို ဦးစားမပေးနဲ့ပေါ့ ညီမလေးရယ် ...

ကိုယ့်စိတ်ကိုယ် နားလည်အောင်လုပ်ပါ။ တစ်ဖက်သားရဲ့စိတ်ကိုလည်း နားလည်အောင် လုပ်ပါ။ ကိုကြီး





စိတ်ထင်တော့ ဟောမဝန်ဟာ ညီမလေးအပေါ်မှာ တကယ်ချစ်ရှာတဲ့သူပါ။ ပြီးတော့ အရည်အချင်းရှိတဲ့ ယောကျ်ားတစ်ယောက်လည်း ဖြစ်တယ်။ ဒါကြောင့် ကိုယ့်စိတ်ခံစားချက်တွေကို အရမ်းဦးစားပေးပြီး မဆက်ဆံဘဲနဲ့ နားလည်မှုလေးနဲ့ ခရီးဆက်ပါကွာ ... နော် ...

ဒါကို ကြီးကြီး လေးလေးနက်နက် ပြောချင်တယ်"

"ကောင်းပါပြီ ကိုကြီး။ ညီမလေး မှတ်ထားမှာပါ"

"အိုခေ ... ကဲ ... ဒါဆိုရင် ကိုကြီးနဲ့အတူ Breakfast လိုက်စား။ ညီမလေးကြိုက်တဲ့ ဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ် ရှိတယ်။ နပ်ကော်ဖီလည်း အဆင်သင့်ဗျား"

လီလီက ခံစားနေရသမျှ အားလုံးကို မေ့ထားပစ်လိုက်ကာ ကိုကြီးနှင့်အတူ Breakfast စားလိုက်သည်။ ကိုကြီး ထွက်သွားသောအခါ သစ်ပင်တွေကြားထဲ ဆင်းလာခဲ့သည်။ ကမ္ဘာလောမှာ ချစ်သူကို ခတ်ကျနေတာနဲ့ပဲ အပင်တွေဆီခတ်ကျတာ ဘယ်လောက်ကြာပြီလဲ။ ချစ်သူအတွက် ပူလောင်ခြင်းမှုတို့ကို အပင်တွေက အေးမြစေလိမ့်မည်ဟု မျှော်လင့်ပါသည်။ ခက်ခွတွေကြားမှာ နစ်မြောသထက် နစ်မြောနေသော လီလီ့နား



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ တိုးညှင်းသော ခြေသံတစ်ခုက ရွေ့လျားလာသည်ဟုထင်မိသည်။ ထင်တဲ့အတိုင်းမော့ကြည့်လိုက်လျှင် နှစ်ရက်အဆက်အသွယ်ပြတ်ခဲ့သော ချစ်သူ ငယ်လေးရဲ့မျက်နှာကို ဖူးတွေ့ရလေသည်။

လီလီက သူ့ကို ငေးခနဲ ဖြစ်မလို ဖြစ်သွားမိပြီးမှ ချက်ချင်းပဲ သတိကပ်ကာ မျက်နှာကို လွှဲလိုက်သည်။ တစ်ဖက်လှည့်လိုက်သော လီလီရဲ့နှုတ်ခမ်းတွေကတော့ ပြုံးနေမယ်လို့ ဘယ်သူလောင်းမလဲ။

"လီလီ"

"........"

လီလီက ဘာမှမထူးသောအခါ သူက လီလီ့ပခုံးကို ဆွဲလှည့်လိုက်သည်။ သူ့ကို တည့်တည့်ကြည့်မိသော လီလီ့ရဲ့မျက်ဝန်းထဲတွင် ချစ်ခင်ခြင်းတို့ ပြည့်နှက်နေသည်ကို မြင်ပါလေစ။

"ကိုယ့်ကို ပစ်ထားရက်တယ် လီလီရာ"

"ဘာပြောတယ်"

"ဟုတ်တယ်လေ၊ လီလီ ကိုယ့်ကို အဆက်အသွယ်မလုပ်တာ ဘယ်နှရက်ရှိပြီလဲ"





"ဘယ်သိမလဲ"

လီလီရဲ့ဘုဆတ်ဆတ်အပြောကို သူက နားလည်ဟန်ဖြင့် စိုက်ကြည့်သည်။ သူ့အကြည့်ထဲတွင် လီလီ့အပေါ်တွေ့ရသည့် ရက်များအတွက် လွမ်းဆွတ်ခြင်း အရိပ်အယောင်များ ပြည့်သိပ်လျက်ရှိသည့်အတွက် နည်းနည်းတော့ ကျေနပ်သွားသည်။ နှစ်ရက်လောက် ခံစားခဲ့ရသမျှသည် ခုတော့ နေလာနှင်းပျောက် ခံစားချက်ပမာ ဖြစ်ခဲ့လေပြီ။

"လီလီ"

သူ့ကို လီလီက အကြည့်ဖြင့် လှည့်ထူးလိုက်သည်။ သူ့မျက်လုံးတွေက စကားပြောနေပါသည်။ ပြောတဲ့စကားတွေကတို့ ဘန်နီဖြိုးသီချင်းထဲကလိုများ ဖြစ်နေမလား။

ရန်မဖြစ်တော့ဘူး XXX ကောင်မလေးရေ XXX ကိုယ်နဲ့မင်း နားလည်မှုတွေ XXX ထပ်တူထားရအောင်။

"ပြီးခဲ့တာတွေ ကိုယ်မပြောချင်တော့ဘူး။ ဒါပေမဲ့ ဒီလိုအဖြစ်မျိုး ထပ်မဖြစ်ချင်တော့ဘူး လီလီရယ်။ နော် ... ကိုယ် request လုပ်တယ်၊ ကိုယ့်အချစ်ကိုရော ကိုယ့်ကိုရော ယုံပါ။ ကိုယ်ဟာ လီလီ့ကို ဘယ်တော့မှ သစ္စာမဲ့မယ့် ယောကျ်ားမျိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာက အဲဒီစကားကို ပြောစဉ်မှာ တည်ကြည်လေးနက်နေသည်။ လီလီက သူ မမြင်အောင် သက်ပြင်းကိုရှိုက်မိသည်။ သူ့အချစ်ကို ယုံပေမယ့် သူ့သိက္ခာကို ယုံပေမယ့် သူ့ကို ပတ်သက်လာတဲ့ မိန်းမတွေ၊ သူ့ကို မြူဆွယ်ဖြားယောင်းချင်တဲ့ မိန်းမတွေကို မယုံတာ သူ့အနားမှာ မတွေ့ချင်တာကတော့ ဘယ်လိုမှ မတတ်နိုင်တဲ့ ကိစ္စပဲလေ။

"ကိုယ်ပြောတာ သဘောပေါက်လား လီလီ"

"အင်း"

"ရန်မဖြစ်တော့ဘူး အချစ်ရယ် ... နော်"

သူက လီလီ့ရဲ့နားထင်နားလေးသို့ တိုးကပ်ရှိုက်ရင်း ပြောလိုက်လျှင် နှလုံးသားထဲမှာ နွေးခနဲ ဖြစ်သွားသည်။ ဒါကြောင့်ပဲ ပြီးစလွယ် ခေါင်းညိတ်ပြလိုက်လေသည်။ သူက ဟက်ခနဲရယ်မောကာ လီလီရဲ့ ပခုံးကို ဖွေခနဲ ဖက်ပွေ့ရင်း သစ်ခွအိမ်ရဲ့ အဝင်ပေါက်ဝဘက်သို့ လှည့်လိုက်သည်။

"ကိုယ် ဘာမှမစားဘဲ လာခဲ့ရတာ လီလီရ။ ကိုယ့်ကို Breakfast ကျွေးပါဦး"





ကျွေးပါဦး ဆိုတဲ့ စကားလေးရဲ့ လေယူလေသိမ်းက လီလီ့ နှလုံးသားကို အညှာလေးကနေ ဆွဲယူလှုပ်ယမ်းလိုက်သလိုပါပဲ။ သူ့ကို မော့ကြည့်မိလိုက်တော့ နက်ပြာရောင် ရှပ်စိုစိုလေးကို သူ့စတိုင်လ်အတိုင်း လက်ခေါက်ဝတ်ထားတာဟာ ဘယ်လိုကြည့်ကောင်းမှန်း မသိပါ။ ချစ်လိုက်တာ ဆိုတာလေ။ ချစ်လွန်းလို့ ရူးသွားမလားတောင် မသိတော့ဘူး။ အင်း ... တခြားမိန်းမတွေလည်း လီလီ့လိုပဲ တစိမ့်စိမ့် မကြည့်ဘူးဟု ဘယ်သူပြောနိုင်မလဲ။

"ဗျော် ... ကိုယ် ပြောတာကို ကြားဖူးလား။ ဘာတွေငေးနေတာလဲ ချစ်လေး ... ဟင် ?"

"ငယ်လေးကို သိပ်ချစ်တာပဲ"

လွှတ်ခနဲ ထွက်သွားသော လီလီ့ရဲ့စကားသံကို သူက အမှတ်တမဲ့ ကြားလိုက်ဟန်ဖြင့် ဘာလဲဟု နားစွင့်ဟန်ပြုကာ မျက်ခုံးပင့်သည်။ ပြီးတော့မှ ခေါင်းတဆတ်ဆတ်ညိတ်ကာ လီလီ့နဖူးလေးကို ဖျတ်ခနဲ နမ်းလေသည်။ သူ့ကို ကိုယ် အရူးအမူးချစ်ရတာ ဆိုတာကလည်း ချစ်သူအပေါ်မှာ အဲလိုဖြူစင်သော ချစ်ခြင်းတွေနဲ့ပဲ အမြဲတစေ ဆက်ဆံခဲ့လို့လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစားချင်လဲဟင်"

"လီလီ ကျွေးတာ စားမယ်၊ လီလီ ကျွေးတာက ကောင်းပြီးသားပဲဟာ"

"အင်း ... ဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ် ရှိတယ်၊ ရွှေပုစွန် နှပ်ကော်ဖီရောလေ"

"ကောင်းတာပေါ့၊ မြန်မြန်လေးသာ ကျွေးပါတော့"

သူက ဗိုက်ကိုပွတ်ပြီး ဆာလောင်ဟန်ဖြင့် ပြောသည်။ ထမင်းစားခန်းထဲတွင် သူနှင့် Breakfast စားရင်း ဆက်ပြောကြသည်။

"လီလို့ ကိုကြီးရော ရုံးသွားပြီလား"

"အင်း ... သွားပြီ"

သူ မြိန်ရှက်စွာ စားသောက်နေတာကိုကြည့်ပြီး လီလီက စကားစလိုက်သည်။

"ဒီနေ့ ဘာတွေလုပ်စရာရှိလဲ"

"အင်း ... ရုံးသွားရမယ်လေ၊ ပြီးတော့ တခြားသွားစရာ ရှိတာတွေ သွားရမှာပေါ့၊ ဘာလို့လဲ"

"သြော် ... ဘာမှ မဖြစ်ပါဘူး"





"လီလီရော ဘာလုပ်ဖို့ရှိလဲ၊ အလုပ်လက်ခံထားတာ မရှိဘူးလား"

"ဟင့်အင်း ... ဒီရက်ပိုင်းတွေ အလုပ်လက်မခံဖြစ်ဘူး"

"အင်း ... လီလီ လုပ်ချင်တာရှိရင် ပြောလေ။ ဘာလုပ်ချင်လဲ ဘယ်သွားချင်လဲ ပြော၊ ကိုယ် လုပ်ပေးမယ်၊ လိုက်ပို့ပေးမယ်"

"မရှိပါဘူး ငယ်လေး။ ငယ်လေး ဘယ်သွားမယ် ဘာလုပ်မယ်ဆိုတာသာ လီလီက သိချင်တာပါ"

"အိုခေ ... သိချင်တဲ့ အချိန်တိုင်းသာ ဖုန်းဆက်လိုက်၊ ဟုတ်ပြီလား"

သူက ပြုံးစစနှင့် မေးဆတ်ပြောသည်။ လီလီကသည်း မေးတစ်ချက်ဆတ်ကာ အသိအမှတ်ပြုလိုက်သည်။ သူကသည်း သူ့အတွေးနဲ့သူ ကိုယ်ကလည်း ကိုယ့်အတွေးနဲ့ကိုယ်ပဲဆာ။ ဘယ်လိုပဲဖြစ်ဖြစ် ခုချိန်ကစပြီး သိပ်ချစ်သော ချစ်သူကို ချောက်ခြည်ပြတ်ခံတော့မည် မဟုတ်ပါ။

❥○❥



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

"ဟက် ... ဟက် ... ဘာနဲ့တူမှန်း မသိဘူး၊ ခွိ ... ခွိ
ဓာတ်မင်းသားလိုလို ဘာလိုလို ... ဟား ဟား"

ဟေမဝန်က လှေကားထိပ်က ကိုယ်လုံးပေါ်မှန်
မှာ ပေါ်နေသည့် သူ့ပုံသူ သဘောတကျကြည့်ကာ တဟားဟား
ရယ်ရင်း ဆင်းလာမိသည်။ ရယ်လည်း ရယ်ချင်စရာပဲလေ။
ဝတ်ထားသော အဝတ်အစားကိုလည်း ကြည့်ဦး။ ပန်းဆီရော
တောက်တောက် ပိုးလည်ကတုံး ရှပ်လက်ရှည်နဲ့ ပန်းဆီရော
ပိုးတွဲလုံချည်လေ။ ထင်းတောက်နေသော ဝမ်းဆက်ကြီးဖြစ်သည်

"အမယ်လေး ... ဘာတွေများ ဒီလောက်တောင် တဟား
ဟား ဖြစ်နေရတာလဲ"





ညည်ခန်းမှာ ထိုင်နေသော မမသီရိက သူ့ကိုလှမ်း
အော်သည်။ မမသီရိသည်လည်း သူ့လို ပန်းဆီရောင်တောက်
တောက် ဆင်တူဝတ်စားထားတာပါပဲ။ ဒါပေမဲ့ မမသီရိက မိန်း
ကလေးဆိုတော့ လိုက်ဖက်လွန်းလှသည်။ သူကတော့ လိုက်ချင်
သိုက် ကြည့်ကောင်းချင် ကြည့်ကောင်းမည် ဖြစ်သော်လည်း
ကော်နေမကျသောအခါ ကိုယ့်ဟာကိုယ် ရယ်ချင်တာသာ သိလေ
သည်။

"ကဲ ... ရယ်မနေနဲ့ ကိုယ်တော်ချော။ အချိန်နောက်ကျ
မယ်၊ လမ်းမှာ ကားပိတ်မှာနဲ့ ဘာနဲ့ ခုတည်းက ထွက်
တော့မယ် ... လာ။ အချိန်အတိအကျ ဖယောင်းတိုင်ထွန်း
ရမှာ သွားမယ်"

"အာ ... နေ ... နေပါဦး၊ ကော်ဖီလေးတော့ သောက်ပါ
ရစေ"

သူက စားပွဲပေါ်မှာ တင်ထားသော ကော်ဖီခွက်ကို
အမန်းကတန်း ကောက်မော့ကာ Butter Cake တစ်ချပ်ကို ဝါး
ရင်း ထွက်လာရသည်။ မမသီရိဟာ မြန်မာဆန်သော မိဘက
မွေးဖွားလာသူပီပီ နေတာထိုင်တာလည်း မြန်မာဆန်သလို ဗေဒင်



www.burmeseclassic.com

www.burmeseclassic.com



ယတြာလုပ်တဲ့နေရာမှာလည်း အတော်ယုံကြည်သူဟု ပြောရမည်။ ခုလည်းပဲ လုပ်ငန်းသစ်တစ်ခုအတွက် အခါတော်ပေးနေကြ ဆရာက ဘုရားမှာ ယတြာချေခိုင်းလိုက်တာ ဖြစ်ပါသည်။

ယတြာချေတဲ့အခါ ကန့်လန့် ကန့်လန့် ပါဝင်ရတာက သူပါ။ ယတြာမှာကိုက သောကြာသားကိုပါ ပူးတွဲ ယတြာချေခိုင်းရမည်။ လုပ်ငန်းသစ်မှာကလည်း သူက ပါဝင်ဆက်နွယ်နေသောကြောင့် သူပါ မမသီရိနှင့်အတူ ဖယောင်းတိုင်ထွန်း ဘုရားရှိခိုးကာ ယတြာချေရမည် ဖြစ်လေသည်။

ဒီအချိန် ဒီနေရာ ဒီဘုရား စသဖြင့် အတိအကျ ဆိုသောကြောင့် သူတို့မှာ ဝီရိယ ရှိရှိဖြင့် အိမ်ကထွက်လာရသည်။

"တော်သေးတာပေါ့ မမရယ်။ ဆရာက ယတြာချေရမယ့် ဘုရားကို ရွှေတိဂုံလို့ မပြောလိုက်လို့"

"ရွှေတိဂုံဆို ဘာဖြစ်လို့လဲ"

"ဟာ ... မမကလည်း။ ကျွန်တော်တို့ မောင်နှမ ဒီပုံစံနဲ့ ရွှေတိဂုံဘုရားပေါ် တက်ရင် လူဝိုင်းကြည့် ခံရမှာပေါ့။ ကြည့်ဦး ... သိုက်စောင့်မောင်နှမလိုလို ဘာလိုလိုနဲ့ ...





တော်သေးတာပေါ့။ ဘုရားက လူနည်းနည်းရှင်းလို့"

မမသီရိက ဘာမှမပြောတော့ဘူး ဟူသော ပုံစံဖြင့် နှုတ်ခမ်းတွန့်ပြသည်။ ကားလမ်းပိတ်တာနှင့် ဘာနှင့် ဘုရားရောက်သောအခါ ယတြာချေဖို့ အချိန်ထက် ဆယ့်ငါးမိနစ်လောက်သာ လိုတော့လေသည်။ ဒါတောင် ပြင်ဆင်တာနှင့် ဘာနှင့် အချိန်ကနည်းလိုက်ပါပဲ။ ဆရာပြောလိုက်သော နေ့နံထောင့်မှာ ဖယောင်းတိုင်ထွန်း ပူဇော်စရာရှိတာ ပူဇော်ရသည်။ ရွတ်ခိုင်းသော ဂါထာတော် ရွတ်ဖတ်ကာ ဘုရားရှိခိုးပြီးသွားသောအခါ နာရီဝက်ခန့်ကြာသွားလေသည်။

ဘုရားရှင်ပြင်တော်ကို တစ်ပတ် ပတ်သောအခါ မမသီရိက ကြည်နူးစွာ ဆိုလာသည်။

"အင်း ... စိတ်ကြောင့်လား၊ ဘယ်လို ပါဝါမျိုးကြောင့်လဲဆိုတာတော့ မမလည်း အတိအကျ မပြောတတ်ဘူး ...

ဒါပေမဲ့ ဒီလိုတွေ လုပ်ပြီးသွားတော့ မမတို့လုပ်မယ့် လုပ်ငန်းက တကယ်ပဲ အောင်မြင်တော့မှာလိုလို ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ချက်တွေ ရလာတယ်။ အလုပ် လုပ်ရမှာ confidence ပိုရှိလာတယ်ပေါ့ကွာ"

"အင်း … ကောင်းပါတယ်။ ကဲ … ရုံးပဲသွားမယ် မဟုတ်လား မမ"

"အေးလေ … နင်က အိမ်ပြန်ပြီး အဝတ်အစား လဲချင်လို့လား"

"စဉ်းစားမလားလို့ပါ"

သူ့ရဲ့ ပြုံးစစအပြောကို မမသီရိက မျက်စောင်းထဲ ကြည့်ပြီးမှ …

"စဉ်းစားမနေတော့နဲ့ဟော့။ ကားပိတ်ပုံမျိုးနဲ့ အိမ်တစ်ခေါက် ပြန်နေရင် ရုံးကို နေ့လယ်ကျမှ ပြန်ရောက်လိမ့်မယ်။ ဒါကြောင့် နင့်ကို အဝတ်အစားထည့်လာခဲ့လို့ ပြောတာ"

"သြော် … ထည့်တော့ လာပေမယ့် ရုံးထဲကို ဒီပုံကြီးနဲ့ ဝင်ရမှာ ရှက်လို့ပါ မမရာ"

"ရှက်စရာမရှိ ကြံဖန်ရှက်နေတယ်။ ရုံးရောက်တာနဲ့ လှော်ခနဲ လဲလိုက်ရုံပဲဟာ"





"အွန်း … သူကတော့ ပြောအားရှိမှာပေါ့"

သူ့အပြောကို မမသီရိက သဘောကျသလိုလို တဟက်ဟက်နှင့် ရယ်မောသည်။ သူက ကားကို ပြည်လမ်းပေါ် အရောက်မှာတော့ ရှင်းရင်ရှင်းသလို အရှိန်တင်ပြီး မောင်းလာခဲ့သည်။ တစ်နေရာအရောက်မှာတော့ ဟွန်းသံအကျယ်ကြီးနှင့်အတူ သူ့ထက်သာသော အရှိန်ဖြင့် သူ့ဘေးကနေ ကပ်ကျော်သွားကာ ကျွီခနဲမြည်အောင် ပိတ်ရပ်လိုက်သဖြင့် တော်တန်ရုံ မတုန်လှုပ်သောသူတောင် လန့်ဖျပ်သွားရသည်။ ကမန်းကတန်း ဘရိတ်အုပ်ကာ ဒေါသထွက်ဖို့ထက် ငါ ဘာမှားမှားလဲဆိုတာ အရင်စဉ်းစားမိသည်။ ဘာလို့ဆို တစ်ဖက်ကားက ရှုးရှုးရဲရဲ ဝုန်းဒိုင်းကြမည့်ပုံစံမျိုး လုပ်နေတာကိုး။

"အ မ လေး … ဘာဖြစ်တာလဲ … ဘာဖြစ်တာလဲ … ဟိုကားက ဘာဖြစ်တာလဲ"

မမသီရိက အလန့်တကြားဖြင့် ထအော်သည်။ သူက ဘာပြန်ပြောရမှန်း မသိခင်မှာပဲ တစ်ဖက်ကားပေါ်မှ တံခါးကို ဆောင့်ဖွင့် ကြမ်းတမ်းစွာပိတ်ပြီး ဆင်းလာသူက သူ ဘယ်လိုမှ မမျှော်လင့်ထားသူတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... လီလီ"

ဆယ်ကိုက်လောက် အကွာအဝေးကနေ ဒေါနဲ့မောနဲ့ လျှောက်လာသူ လီလီ့ကို သူက ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိသည်။ အနက်ရောင်ကြိုးတစ်ချောင်း အင်္ကျီပေါ်မှာ ပဝါတစ်ထည်ကို ကြက်ခြေခတ်သဏ္ဌာန် စည်းနှောင်လွှမ်းခြုံလာပြီး တလွှားလွှားနှင့် လျှောက်လှမ်းလာသည်။

"ဒါ ဖြစ်တာလဲ၊ ဒါက ဘာဖြစ်တာလဲ၊ ဟင် ... ငယ်လေး ပြောစမ်းပါဦး"

သူမေးရမည့် မေးခွန်းကို လီလီက ဒေါသတကြီး ပေါက်ကွဲစွာ မေးနေသဖြင့် သူပင်လျှင် အခြေအနေအရပ်ရပ်ကို မေ့လျော့စွာ ကြောင်နေရသည်။

"လီလီ ဘာဖြစ်လာတာလဲ။ ဘာဖြစ်လို့လဲ ဟင် ... သတိထားပါဦး"

"ဘာဖြစ်ရမှာလဲ၊ ဒါ ရှင် ဘာလုပ်တာလဲ ... ဟင်၊ ဒါ မင်္ဂလာဆောင်ဖို့ သွားတာလား"

"ဘာ ... ဘာရယ် ... ဘာတွေပြောနေတာလဲ လီလီ၊ ဘာတွေပြောနေတာလဲ"





"ဘာပြောရမှာလဲ၊ ရှင်တို့ ဆင်တူကြီးတွေ ဝတ်ပြီး ဒီလို အရှက်မရှိ လျှောက်သွားနေကြတာလေ၊ ရှင် ဒါဘာလုပ်တာလဲ။ ပြော ... ကျွန်မ မကြိုက်မှန်းသိသိကြီးနဲ့ ရှင် ရွဲ့တာလား"

"ဘာတွေပြောနေတာလဲ လီလီ။ ဒုက္ခပါပဲကွာ၊ အဲဒါ ကိုယ့်အစ်မကွ။ ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ ... ဟင်။ ကားကို မဆင်မခြင် မောင်းပြီးတော့ အကုန်ဒုက္ခ ရောက်ကုန်အောင်လို့"

"ရောက်ပစေ ... သေပစေ"

စူးရှူးရှရှ အော်လိုက်သော လီလီ့ရဲ့အသံက ဝန်းကျင်တစ်ခုလုံးကို ပျံ့နှံ့သွားသည်။ ဖြတ်သန်းသွားသော ကားတွေပေါ်မှာတောင် ငုံ့စောင်းကြည့်သွားကြလေသည်။ မမသီရိက ကားပေါ်မှာနေ၍ အလန့်တကြား ဆင်းလာသည်။ လီလီ့ပုံစံက မမသီရိကိုမြင်လျှင် ထပေါက်တော့မည့် မြွေဟောက်တစ်ကောင်လို ဖြစ်သွားသည်။ ရန်ပြုတော့မည့် ရန်လိုမုန်းတီးသည့် မျက်ဝန်းများကို အနီးကပ်မြင်ရသူ သူပင်လျှင် ကြက်သီးထချင်သွားသည်။

"လီလီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာလဲ။ အဲဒါ ဘယ်သူလဲ၊ ရှင်တို့ ဆင်တူကြီးတွေ ဝတ်ပြီး လျှောက်သွားနေတဲ့ အကြောင်းရင်းက ဘာလဲ ...

ကျွန်မကို ဘာတ်မယ်တော့ မစဉ်းစားနဲ့နော်။ ပြောအခု ပြော"

"လီလီ ... ကျေးဇူးပြုပြီး စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါ။ ဒီလောက် မပေါက်ကွဲပါနဲ့၊ ပေါက်ကွဲစရာ မလိုပါဘူး ... နော် ... လီလီ ... စိတ်လျှော့ထားပါ"

"မလျှော့ဘူး ... မလျှော့နိုင်ဘူး၊ ရှင် ဒီအဝတ်အစားတွေကို အခုချွတ်"

စူးစူးဝါးဝါး အော်ဟစ်သံက သူငယ်တန်းကလေးတစ်ယောက်ရဲ့ အလိုမကျ ဂျီကျသံလို ထွက်ပေါ်လာသည်။ သူသည် နားမလည်ခြင်းများစွာဖြင့် လီလီ့ကို ငေးကြည့်နေမိသည်။ မမသီရိက သူ့လက်မောင်းကို အလန့်တကြား လာကိုင်လိုက်လျှင် လီလီ့ မျက်လုံးတွေက မမသီရိလက်ကို စိုက်ကြည့်ပြီး ပြူးထွက်သွားသည်။

"ဟောဝန် ... သူ ... က ... ဘယ်သူလဲ"

"ဖြုတ် ... အဲဒီလက်ကို ဖြုတ်စမ်းပါ ... ဟာ"





ဟာ ... ဆိုသော စိတ်မရှည်သံနှင့်အတူ လီလီက မမသီရိရဲ့လက်ကို သူ့လက်မောင်းမှ ဆောင့်ဆွဲဖြုတ်ချပစ်လိုက်သည်။ အလန့်တကြား အော်သံနှင့်အတူ မမသီရိမှာ နောက်သို့ လဲကျမလိုတောင် ဖြစ်သွားသည်။

"လီလီ"

"မပြောနဲ့ မကြားချင်ဘူး။ ရှင်ဟာ သစ္စာမရှိတဲ့ယောကျ်ား"

"မဟုတ်ဘူးလေ လီလီ၊ ဒါ ကိုယ့်အစ်မပါ"

"ဘာအစ်မလဲ၊ ရှင့်အစ်မအရင်း မဟုတ်ဘူး။ သူ့စိတ်ထဲမှာ ရှင့်ကို ကျိတ်ကြိုက်နေတာ ကျွန်မ သိတယ်"

"အမယ်လေး ... သူ ဘာတွေပြောနေတာလဲ ဟောဝန်။ အမယ်လေး ... သေတော့မှာပဲ"

"ကျွတ် ... လီလီကလည်းကွာ။ မမ ... သွား။ ကားထဲပြန်ထိုင်နေပါ။ အကုန်ရှုပ်ကုန်မယ်။ ဘာမှမဖြစ်ဘူး မမ၊ သွားပါ ... သွား"

မမသီရိကလည်း ကြောက်ကြောက်ရွံ့ရွံ့ပုံစံဖြင့် ကားဆီသို့ တုန်တုန်ယင်ယင် ပြန်ဝင်သွားသည်။ သူက လီလီ့ကို အကဲခတ်ကြည့်လိုက်လျှင် ဒေါသဖြင့် တောက်လောင်နေသော



www.burmeseclassic.com

www.burmeseclassic.com



လီလို့ရဲ့မျက်ဝန်းများ၊ တုန်ယင်နေသော ခန္ဓာကိုယ် စတာတွေကို အံ့သြစွာ တွေ့ရသည်။ လီလီ ဘာ့ကြောင့် ဒီလောက်ကွဲလဲဆိုတာ သူ ဘယ်လိုမှ နားမလည်နိုင်၊ စဉ်းစားလို့ပင် မရနိုင်ပါ။

"သစ္စာဖောက် ... သစ္စာမဲ့တဲ့ ယောက်ျား"

"လီလီ ... ကိုယ်ပြောတာ နားထောင်ပါဦး။ စိတ်ကို ခဏလေး ငြိမ်ထားလိုက် ... နော်။ လီလီ အသက်ကို မှန်မှန်ရှူပြီး ကိုယ်ပြောတာကို သေချာနားထောင်ပေး"

လီလီက သူ့ကို ဘာညာဦးမှာလဲ ဟူသော ပုံစံဖြင့် ရူးရူးစိုက်စိုက် ကြည့်နေသည်။ သူကတော့ လီလို့ကိုကြည့်ရင်း ပုံမှန်မဟုတ်သလိုပဲဟု ထိတ်လန့်ချောက်ချားစွာ တွေးမိလာသည်။

"လီလီ ... ဒါ ကိုယ့်အစ်မလေ ... နော်၊ ကိုယ်တို့မောင်နှမချင်း ဘုရားသွားတာလေ လီလီ။ ဒါ သစ္စာဖောက်တာလည်း မဟုတ်ဘူး၊ သစ္စာမဲ့တာလည်း မဟုတ်ဘူး လီလီ။ နော် ... ဘာမှ အထင်မမှားနဲ့"

"........."

လီလီက ဘာမှပြန်မပြောဘဲ မျက်လုံးစိမ်းကြီးနှင့်သာ ကြည့်နေသည်။ သူ့ရင်ထဲ မွန်းကျပ်လာပါသည်။ သူ ဘာလုပ်ရမလဲ။ ချော့ပြောရမှာလား ခြောက်ပြောရမှာလား မစဉ်းစားတတ်တော့ဘဲ ရူးချင်လာပါသည်။





"လီလီ ကိုယ်ပြောတာကို ယုံပါကွာ ... နော်။ လိမ္မာပါတယ် လီလီရယ်နော်၊ အဲလို မလုပ်ပါနဲ့။ ကိုယ့်ကို ချစ်တယ်ဆိုရင် အေးအေးဆေးဆေး ပြန်လိုက်ပါ"

"ဒါဆို ရှင် လီလီနဲ့ အခုလိုက်ခဲ့"

"လိုက်လို့ မရဘူးလေ လီလီ။ ကိုယ့်အစ်မက ကားမမောင်းတတ်ဘူး။ လီလီက ကားမောင်းတတ်တယ်။ သေချာမောင်းပြန်လိုက်နော် လီလီ"

"မပြန်ဘူး ... မပြန်ဘူး။ ငယ်လေး ပြန်လိုက်ပို့ပေး"

ပြောရင်းဆိုရင်း ကလေးငယ်တစ်ယောက်လို မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းကျလာအောင် ခြေဆောင့်ပြီး ငိုရှိုက်သိုက်သော လီလို့ကို သူက အံ့သြစွာ ငေးစိုက်ရင်း အသက်ရှူဆောင် ရပ်သွားသည်ဟု ထင်ရသည်။ ပြီးတော့မှ ခန္ဓာကိုယ်ကဆောင်းဆိုသဖြင့် ရှိုက်ခနဲ မော့်ကာရှူမိသည်။

"လီလီ ... အဲလို မလုပ်ပါနဲ့ လီလီရယ်။ နော် ... မငိုပါနဲ့ကွာ ... တိတ် ... တိတ်"



www.burmeseclassic.com

www.burmeseclassic.com



သူက လီလို့ မျက်ရည်တွေကို သုတ်ပေးလေ သူမက ရှိုက်ကြီးတငင် ငိုလေ။ သူ ဘာလုပ်ရမှန်းမသိ စိတ်ညစ်လာသည်။ အဲဒီအခိုက်မှာပဲ မမသီရိက တက်စီတစ်စီးကိုတားကာ လိုက်သွားလေတော့သည်။ သူက ရှိုက်ကာ ရှိုက်ကာ ငိုနေသော လီလို့ကို ချော့မော့ကာ နောက်ဆုံးတော့ သူမကားကိုပဲ မောင်းပေးပြီး အိမ်အထိ ပြန်ပို့ပေးလိုက်ရသည်။

အိမ်ရောက်တော့ သူမရဲ့အထိန်းတော် အဘွားကြီးက အခြေအနေကို ချက်ချင်းသဘောပေါက်သလိုဖြင့် ဆေးတိုက်သည်။ အဲဒီဆေးဟာ ဘာဆေးလဲ၊ စိတ်ငြိမ်ဆေးလား။ သူဟာ နှစ်ခြိုက်စွာ အိပ်မောကျသွားသော လီလို့ကို ကြည့်ရင်း မခြောက်သေးသော မျက်ရည်စများကို လက်သန်းလေးနှင့် တို့ထိသုတ်ပေးမိကာ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားမိသည်။

သူ ကိုမောရစ်နဲ့ တွေ့ဆုံစကားပြောဖို့ လိုအပ်လာပြီဟု ထင်သည်။ လောလောဆယ်မှာတော့ မမသီရိ မျက်နှာကို ကြည့်ပြီး ဘယ်လိုစကားပြောရမယ် မသိ။

*○*





## ၂၀

"ကဲ … ပြောစမ်းပါဦး၊ နင့်မှာ ငါ့ကို ပြောစရာ စကားတွေတော့ ရှိနေမှာပါ"

သူ ထင်တဲ့အတိုင်းပဲ။ မမသီရိရှေ့ ရောက်သွားသောအခါ တကယ်ကိုပဲ အချိန်ခဏလေးတောင်မဆိုင်းဘဲ တခြားဘာစကားမှ မမေးဘဲ အဲဒီစကားကိုပဲ ချက်ချင်းကောက်ပြောသည်။ သူ့မှာ ဘယ်ကစလို့ ဘာပြောရမှန်း မသိပါ။

"ဘာပြောရမှာလဲ မမရယ်"

"ဩော် … ဘာပြောရမှာလဲ ဟုတ်လား၊ လမ်းလယ်ကောင်မှာ အရူးလို လာပြဿနာရှာခဲ့တဲ့ မိန်းကလေးက ဘယ်သူလဲ …



www.burmeseclassic.com

www.burmeseclassic.com



ငါ့ထစ်သက်နဲ့ တစ်ကိုယ်မှာ Taxi နဲ့ ပုံဆိုးပန်းဆိုး ပြန်သွားရတာ ဘယ်သူ့ကြောင့်လဲ၊ ကဲ ... ပြောစမ်းပါ။ နင်တို့ဇာတ်လမ်းက ဘာလဲ။ နင့်ကို ဒီလောက်ထိ ပွဲလာကြမ်းရအောင် သူနဲ့ နင်က ဘယ်လိုအတိုင်းအတာထိ ပတ်သက်နေလို့လဲ"

မမသီရိက ပြောရင်း အရှိန်တွေတက်လာကာ ဒေါသံဖြင့် ဟိုက်လာသည်။ သူက စိတ်ရှုပ်စွာဖြင့် မျက်မှောင်ကြွေကုပ်ထားမိသည်။ တစ်ယောက်တစ်မျိုးစီဖြင့် သူ ရှုံးတော့မည် ထင်ပါသည်။

"မမ ကျေးဇူးပြုပြီး စိတ်ကိုထိန်းပါဗျာ။ ကျွန်တော့်ကိုလည်း သနားပါဦး"

"အောင်မာ ... ငါက ဘာကိစ္စ နင့်ကို သနားရမှာလဲ၊ ကဲ ... ကဲ ... ပြောစမ်းပါဦး၊ နင်တို့ဇာတ်လမ်းကို။ သူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်တာလဲ၊ နင်တို့ ဘယ်လို တွေ တွေ့ဆုံ ဘယ်တုန်းက ချစ်ကြိုက်ပြီး ဒီလိုအခြေအနေ တွေ ဖြစ်လာရတာလဲ"





"သူက ဖူးပွင့်လီလီလို့ ခေါ်တယ် မမသီရိ။ မိဘတွေကတော့ မရှိကြတော့ပါဘူး။ သူ့အစ်ကိုနဲ့ပဲ နေတာပါ။ သူ့အစ်ကိုက (......)ကုမ္ပဏီကပါ၊ သူကိုယ်တိုင်ကလည်း ဥယျာဉ်လေး စိုက်ပြီး ပန်းအလှပြင်တာကို ဝါသနာအလျောက် လုပ်ဖြစ်နေတယ်ပေါ့"

"ဒါဆို သူက ဘာလို့ အဲလို ရှုးကြောင်မူးကြောင်တွေ လုပ်ရတာလဲ"

"အဲဒါ ကျွန်တော်လည်း သိချင်နေတဲ့ အချက်ပဲ"

"သူ ရူးနေတာလား"

မမသီရိရဲ့စကားက တိုတိုနှင့် ပျစ်ပျစ်နှစ်နှစ် ဆန်လှသည်။ မျက်နှာကို လှမ်းကြည့်လိုက်တော့လည်း နောက်နေသည့်ပုံစံမျိုးမပါ။ တကယ်ကို ပြောနေတာ တကယ်ကို ရူးနေတာလားဟု မေးနေတာပါ။

"မမ"

သူက ကြေကွဲစွာ ခေါ်မိသည်။ ကျွန်တော့်ချစ်သူကို ဒီလိုမပြောပါနဲ့ဗျာ ဟူ၍လည်း သူ့နှုတ်များက ထွက်မလာ

www.burmeseclassic.com



ချေ။ သူ့မျက်လုံးထဲမှာ လေဆိပ်မှာ လာကြိုတုန်းက သူ့ကို လှပ်ခဲ့သည့်ပုံစံ၊ အခု ဒီနေ့ တွေ့ရသည့်ပုံစံ စတာတွေဟာ ပုံမှန်မဟုတ်ဘူးဟု ထင်နေသည်။ အာ ... မသိတော့ဘူးကွာ။ သူ့စိတ်တွေ တကယ်ပဲ ရှုပ်ထွေးလာပါသည်။

"နင် ဒီကိစ္စကို ဒီလိုပဲ ထားလို့တော့ မဖြစ်ဘူးနဲ့တူတယ် နော်၊ ဟေမဝန် ... နင့်ဟာက တကယ်မလွယ်လောက်ဘူး။ စဉ်းစားကြည့်လေ နောက်ဆုံး ဒီရုံးထိ ရောက်လာပြီး အဲလို ပွဲမကြမ်းဘူးလို့ နင် အာမခံနိုင်လား"

သူ ဘာမှ ပြန်မဖြေနိုင်ပါ။ သူ့စိတ်ထဲတွင် တွေးနေတာကတော့ လီလီ အစ်ကိုနှင့် အမြန်ဆုံးတွေ့ဖို့ လိုအပ်လာပြီ ဆိုတာပဲ ဖြစ်တော့သည်။

"နင် ဘာဆက်လုပ်မှာလဲ"

"ကျွန်တော် တစ်ခုခုတော့ လုပ်ရမှာပေါ့ မမ။ စိတ်မပူပါနဲ့ နောက်တစ်ခါ ဒီလိုကိစ္စမျိုး ထပ်မဖြစ်စေရတော့ပါဘူး"

"ဟွန်း ... ဟုတ်မှလည်း လုပ်ပါ ဟေမဝန်ရယ်။ နင့်ဟာမလေးက နင့်အနားမှာ မိန်းမတစ်ယောက်ယောက် တွေ့





ရင်ကို ဘာလား ညာလား ဘာမှမစဉ်းစားတော့ပဲ မည်းမည်းမြင်ရာ ရန်လုပ်နေတာ မဟုတ်လား"

ဟုတ်နေသောကြောင့်လည်း သူက ဘာပြန်ပြောရမှန်းမသိပါ။ ဒီအချိန်မှာ ဘာစကားမှ ပြောချင်စိတ် မရှိတာတော့ အသေအချာပဲ ဖြစ်လိမ့်မည်။

"နင့်မျက်နှာကလည်း ဆီးရွက်လောက်ပဲ ရှိတော့တယ်။ နင့် မျက်နှာကိုကြည့်ပြီး ငါ ပြောမယ့်စကားတွေတောင် မပြောချင်တော့ဘူး။ နင်လည်း ဒီလိုကိစ္စမျိုး ဘယ်ဖြစ်ချင်မလဲ၊ ငါ နားလည်ပါတယ် ...

ဒါပေမဲ့ နင့်ကို ငါ သတိပေးလိုက်မယ် ဟေမဝန်။ နင့် ကောင်မလေးက Normal မဟုတ်တာတော့ အသေအချာပဲ။ အဲဒီတော့ နင် ဒီကိစ္စကို ဘယ်လိုကိုင်တွယ်မလဲ ဆိုတာ အရေးကြီးတယ်။ ငါ ပြောတာ နင် သဘောပေါက်လား"

"ဟုတ်ကဲ့ ... ပေါက်ပါတယ်"

ပေါက်ရင် သွားတော့ ဟူသော ပုံစံဖြင့် မမသီရိက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ကာ ဆက်ပြသည်။ သူက ရုံးခန်းအတွင်းမှ ထွက်လာကာ အသက်ကိုပဲ ဝဝရှူမိသည်။ မွန်းကျပ်လွန်းလို့ပါ။ လူက မွန်းကျပ်လွန်းလာတော့ ဘာလုပ်ရမယ် မသိဘဲ အသက်ကိုသာ ဝဝရှူမိတော့သည်။ ကဲ … ကိုမောရစ် တွေ့ကြရအောင်ဗျာ။

❧ ○ ❧





ကိုမောရစ်ရဲ့ရုံးခန်းဟာ ပြည်လမ်းပေါ်ရှိ ကွန်ဒိုဝင်းကြီးတစ်ခုတည်းက ရုံးခန်းအဆောက်အအုံတစ်ခုရဲ့ ကိုးလွှာမှာရှိပြီး သူ ထင်ထားတာတက် ခမ်းနားကြီးကျယ်ပါသည်။ သူ့ကို သီးသန့်ညှိတွေ့ခန်းမှာ တွေ့ဆုံခဲ့တာဖြစ်ပြီး မြင်လိုက်တာနဲ့ သည်း ဘာအတွက် လာခဲ့တယ်ဆိုတာ ရိပ်မိသလို ဖြစ်နေသော ကိုမောရစ် ဖြစ်သည်။

"ထိုင်ပါ ညီ။ နေကောင်းတယ် မဟုတ်လား"

ရှပ်အင်္ကျီရဲ့ လည်ပင်းကြယ်သီးတစ်လုံးကို ဖြုတ်ပြီး သက်သောင့်သက်သာပုံစံ ဖမ်းယူလိုက်တဲ့ ကိုမောရစ်ဟာ အနီးကပ်ကြည့်တော့မှပဲ ယောက်ျားချင်း အမှတ်ပေးရလောက်အောင် Manly ဖြစ်သူ ဖြစ်သည်။ ဒီလို အဘက်ဘက်က ပြည့်စုံသော ယောက်ျားတစ်ယောက်ဟာ ဒီအသက်အရွယ်ထိ အိမ်ထောင်မပြု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သေးဘူး ဆိုတာကတော့ သူ့ညီမလေးအတွက် ပေးဆပ်ထားတာပဲ ဖြစ်လိမ့်မည်။

"ဟုတ်ကဲ့ ကောင်းပါတယ်၊ အစ်ကိုရော"

"အင်း ... ကောင်းပါတယ်၊ စီးကရက် သောက်တတ်လား"

"မသောက်တတ်ပါဘူး ခင်ဗျ"

"ဪ ... အေး ... ကောင်းပါတယ်။ ကိုယ်ကတော့ စိတ်ထွက်ပေါက်အနေနဲ့ ဖွာတတ်တယ်၊ ရရဲ့လား စီးကရက်နံ့ ခံနိုင်လား"

"ဟာ ... ခံနိုင်ပါတယ်၊ သောက်ပါ အစ်ကို ရတယ်"

ကိုမောရစ်က ဇစ်ပိုမီးခြစ်ကို ထောက်ခနဲဖွင့်ကာ MildSeven စီးကရက်ကိုဖွာသည်။ စီးကရက်ဖွာပုံကပင် ကြည့်ကောင်းသေးတော့။

"ကဲ ... ဆိုပါဦး ညီလေး။ ကိုယ့်ဆီကို ရောက်လာတာ လီလီနဲ့ ပတ်သက်တဲ့ကိစ္စကြောင့်ပဲ ဖြစ်လိမ့်မယ်၊ ဟုတ်တယ် မှလား"

"ဟုတ်ကဲ့ အစ်ကို"

"အင်း ... ဆက်ပြောပါဦး၊ လီလီ့အကြောင်း"





မေးတဲ့သူက အေးအေးဆေးဆေးပဲ မေးနေသော်ငြားလည်း ဖြေတဲ့သူက ဘာဖြေရမှန်း မသိပေ။ အစ်ကို့ညီမဟာ စိတ်မှန်ရဲ့လားလို့ မေးရမလား။ ဒါမှမဟုတ် စိတ်အခြေအနေက ဘယ်လိုရှိလဲလို့ မေးရမလား။ ခေါင်းတွေကိုသာ တဖြင်းဖြင်း ကုတ်ချင်လာတော့သည်။

"လီလီ ဘာဖြစ်လို့လဲ ညီမလေး"

သူ့ဆီက စကားသံ တော်တော်နှင့် ထွက်မလာသောအခါ ကိုမောရစ်က စကားထောက်ပေးသည်။ သူက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီးမှ သူ ပြောတတ်သော စကားကိုပဲ အရင်ဆုံး စပြောလိုက်သည်။

"ကျွန်တော် ဘယ်က ဘယ်လို စပြောရမှန်းတောင် မသိတော့ဘူး"

"အင်း ... ပြောတတ်တဲ့ နေရာကသာ ပြောပါ ညီ။ ကိုယ့်ကို စကားတွေလှအောင် တန်ဆာဆင်နေစရာ မလိုပါဘူး"

သူ သက်ပြင်းတစ်ချက် ထပ်ချမိသည်။ ဒီလိုသာဆိုရှုပ်ရင့်တော့မည် ထင်သည်။ နောက်ဆုံးတော့ သူဟာ အဖြစ်အပျက်တို့ကိုပဲ ဇာတ်ကြောင်းပြောပြ ပုံစံမျိုးနှင့် ပြောပြလိုက်သည်။ သူ ဘာကို ဆိုလိုချင်တယ်ဆိုတာ ကိုမောရစ် သိလောက်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"လီလီ အဲဒါ လီလီ ဘာဖြစ်တယ်လို့ ထင်လဲ ကိုမောရစ်"

"အင်း"

ကိုမောရစ်က စကားမပြောသေးဘဲ စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်နေသည်။ တစ်ခုခုပြောဖို့ အားယူနေတာဖြစ်ပါလိမ့်မည်။ သူ ပြောသွားတဲ့ စကားတွေအပေါ်မှာ သိပ်ထူးထူးခြားခြား ပြောင်းလဲဟန် မပြပုံအရ ကိုမောရစ်လည်း အသိဆုံးပဲ ဖြစ်နေလိမ့်မည်။

"အမှန်အတိုင်း ပြောရရင် ညီမလေးက မင်းကို ဒီလောက်ချစ်မိသွားလိမ့်မယ်လို့ ကိုယ် မထင်ခဲ့ဘူး ဟောမဝန် ...

အဲဒီလို ချစ်မိသွားတာဟာ လီလီ့အတွက် ကံဆိုးမှုကြီးတစ်ခု စတင်ခဲ့ပြီပဲ"

"ဗျာ ... ဘယ်လို ? သူက ကံဆိုးတယ် ဟုတ်လား"

"ဟုတ်တယ် ဟောမဝန်။ ညီမလေးက လူတစ်ယောက်ကို သံယောဇဉ်တွယ်ခဲ့တဲ့ မိန်းကလေးမျိုးကွ။ အဲ ... သူ တွယ်မိသွားပြီ ဆိုရင်လည်း ဒါမှဒါပဲ၊ ပြောရရင် အစွန်းနည်းနည်းရောက်တယ်ပေါ့ကွာ"

သူ ကြက်သီးများပင်ထချင်မိလာပါသည်။ ကိုမောရစ်ရဲ့မျက်နှာကိုသာ ခိုကိုးရာမဲ့သူလို ငေးစိုက်ကြည့်နေမိသည်။





"မင်းကို သိပ်ချစ်မိသွားတာ အပေါ်ယံအားဖြင့် ကြည့်ရင်တော့ ခုလောလောဆယ် မင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ကြုံရတယ် ဆိုပေမယ့် တကယ်တမ်း ဒုက္ခရောက်ရမှာက ကိုယ့်ညီမလေးပါ"

"ကျွန်တော် နားမလည်နိုင်တော့ဘူး"

"သူ့စိတ်ကို သူ့ဘာသာ Control မလုပ်နိုင်ရင် သူ Go ပြီလေ။ ကိုယ် ပြောတာ သဘောပေါက်လား။ သူက သူ့စိတ်ကို သူ Control လုပ်ဖို့ ခက်တဲ့ရောဂါတစ်မျိုး ပိုင်ဆိုင်ထားတာ ဟောမဝန်။ အဲဒါ သူ ငယ်ငယ်လေးက မွေးရာပါ ပါလာတဲ့ရောဂါ။ ပြီးတော့ မင်းကြားဖူးလားမသိဘူး၊ အဲဒီရောဂါပိုင်ရှင်တွေက ရူးနေတာလည်း မဟုတ်ဘူးနော် ...

လူကောင်းပဲ၊ ကောင်းတာမှ တော်ပါတယ် တတ်ပါတယ်ဆိုတဲ့ လူတွေထက်တောင် သာသေးတယ်။ ဒါပေမဲ့ တစ်ဖက်မှာက သူတို့ကိုယ်သူတို့ Control မလုပ်နိုင်တဲ့ Side Effect ကို ပိုင်ဆိုင်ထားတယ်။ သူတို့စိတ်တွေဟာ လေမတိုက်တဲ့ ကန်ရေပြင် တစ်ခုလို တည်ငြိမ်နေမှသာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ပုံမှန်။ ခဲတစ်လုံး ခပ်ပြင်းပြင်း ကျလိုက်သလို စိတ်ခံစားမှုမျိုး ရောက်သွားတော့တာနဲ့ သူတို့က ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘူး ...

ဥပမာ မင်း အရမ်းဒေါသထွက်နေချိန်မှာ ဒါမှမဟုတ် မင်း အရမ်းဝမ်းသာနေချိန် ဖြစ်ပေမယ့် ရေခရားထဲကရေကို ဖန်ခွက်ထဲ မင်းလိုသလောက်ပဲ ငှဲ့သောက်နိုင်တယ်...

သူတို့လို လူမျိုးတွေက အဲလို မဟုတ်ဘူး။ ရေထည့်လိုက်ရင် ရပ်လို့မရတော့ဘူး။ ဖန်ခွက်ပြည့်လျှံသွားပစေ။ သူတို့ မရပ်နိုင်တော့ဘူး၊ အဲဒါ အထင်သာဆုံး ဥပမာပဲ"

ကိုမောရစ်က စကားစကို ခေတ္တဖြတ်သလိုဖြင့် စီးကရက်ကို ရှိုက်ဖွာသည်။ သူ့နားထဲမှာတော့ ကိုမောရစ် ပြောသွားသည့် စကားသံတွေက ပဲ့တင်ရိုက်ခတ်နေပါသည်။ လီလီရေ ,,, မင်းဟာ ဘယ်လိုအကြောင်းကံနဲ့များ မွေးဖွားလာသလဲကွယ်။

"ပြီးတော့ လီလီ့မှာ ဆိုက်ကိုတစ်ခုရှိတယ် ဟေမဝန်"

"........"





ဘာလဲ ဟု မျက်လုံးများဖြင့် အသံတိတ်ပြန်မေးမိသည်။ ကိုမောရစ်က အနည်းငယ် ကျန်တော့သည့် စီးရက်ကို ဘပ်သပ်ရှိုက်ဖွာနေရင်း ...

"မိန်းမချောတွေကို မုန်းတဲ့ ဆိုက်ကို"

"ဗျာ"

သူ ဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်သွားသည်။ သူမကိုယ်တိုင်က ရုပ်ဆိုးနေလို့ဆိုလည်း ထားပါတော့။ ခုတော့ သူမကိုယ်တိုင်က လည်ပြန်ငေးရလောက်အောင် ချောမောလှပရဲ့သားနဲ့၊ ဘာလို့ လှတဲ့သူတွေကို မုန်းရတာပါလိမ့်။

"သူက လှရဲ့သားနဲ့ တခြား လှတဲ့သူတွေကို ဘာမုန်းစရာလိုလဲလို့ မင်း တွေးနေတယ် မဟုတ်လား"

သူက ခေါင်းတစ်ချက် ဆတ်ပြလိုက်မိသည်ဟု ထင်သည်။ ကိုမောရစ်က ဆေးလိပ်ပြာတချို့ကို ခြွေရင်း နောက်ဆုံးတော့ ပြာခွက်ထဲသို့ စီးကရက်ကို ထိုးချေပစ်လိုက်ရင်း ထိုင်ရာမှ ထလိုက်သည်။ လမ်းခဏလျှောက်နေတာကို သူ့မှာ နားမလည်သလို လိုက်ငေးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သာမန်ရည်းစားတစ်ယောက် အနေနဲ့ ဆိုရင်တော့ မင်းကို ကိုယ်တို့မိသားစုရဲ့ အတိတ်က Personal တွေကို ပြောပြဖို့ စိတ်ကူးမိမှာ မဟုတ်ဘူး ...

ဒါပေမဲ့ မင်းက ညီမလေးရဲ့ သိပ်ချစ်ရတဲ့ ချစ်သူ ဖြစ်တယ်၊ ပြီးတော့ မင်းရဲ့စိတ်နေသဘောထားကိုလည်း ငါ ယုံကြည်လို့ မင်းကို ပြောပြမှာ ...

ဒီအကြောင်းတွေဟာ လီလီ့အပေါ် မင်း နားလည် ခံစားပေးနိုင်ဖို့ မျှော်လင့်မှုလည်း ပါတာပေါ့ကွာ"

"ကျွန်တော် လီလီ့အပေါ်မှာ သာမန်နားလည်တာမျိုးထက် ပိုပြီး နားလည်ပေးချင်တာပါ"

"အင်း ... တကယ်တော့ ကိုယ့်ညီမလေးက သနားစရာပါ ကွာ။ ကိုယ်ကသာ ကံကောင်းလို့ စိတ်ညစ်စရာတွေက လွတ်ခဲ့တာ ...

ကိုယ့်ကို ငယ်ငယ်လေးတည်းက လန်ဒန်ကို ပို့ပြီး ကျောင်းထားခဲ့တာ ကိုယ်က ဟိုမှာ ဘကြီးနဲ့အတူတူနေခဲ့ ရတယ်။ University ပြီးလို့ အလုပ်တောင်ဝင်တဲ့အထိ ဟိုမှာပဲ ..."





စကားစ,ကို ခဏနားကာ ကိုမောရစ်က စီးကရက် တစ်လိပ်ကို မီးထပ်ညှိသည်။ သူကတော့ ကိုမောရစ်ရဲ့ပန်းနုရောင် သန်း လက်ချောင်းများကိုသာ ငေးနေမိသည်။ အင်း ... အေးတဲ့ ဒေသမှာ အနေကြာလာသူမို့ ဒီလူ့ အသားအရေဟာ ဒီကလူတွေ နဲ့ ဘာမှမဆိုင်ဘဲ ပန်းသွေးထနေတာကိုး။

"ကိုယ့်အဖေနဲ့ အမေရဲ့ အိမ်ထောင်ရေးက စညားတည်း က သိပ်အဆင်မပြေလှဘူးကွ။ မပြေဆို လူကြီးမိဘတွေက ဖွတ်စီစဉ်ခဲ့တာကိုး ...

ဒါပေမဲ့လည်း ပြုပြီးသွားတဲ့အရာတစ်ခုက အကောင်း ဆုံးဖြစ်လာအောင် ကြိုးစားဖို့ပဲ ရှိတော့တယ် မဟုတ်လား"

သူက ယောင်ယမ်းပြီး ခေါင်းညိတ်ပြလိုက်သည်ဟု ထင်မိသည်။ ကိုမောရစ်က စီးကရက်တစ်ရှိုက်ဖွာကာ ...

"အဓိက,ကတော့ ကိုယ့်အမေပေါ့။ ကိုယ့်အမေက သိပ် လှသလို သိပ်လည်း ဆိုးရှယ်ကျတယ်။ တကယ်တော့ ခုချိန်မှာ လောကကြီးထဲ မရှိတော့တဲ့ ကိုယ့်အမေရဲ့ မကောင်းကြောင်းတွေကို ပြောဖို့မသင့်တော်လှဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲ … မပြောလို့ကလည်း မဖြစ်ဘူး။ ကိုယ့်အမေက ညီမလေးကိုမွေးပြီးတော့ ပိုဆိုးလာတယ်။ အနေအထိုင် ပိုရမ်းလာတယ်။ ဒီလောက်ပြောရင် မင်း သဘောပေါက်မှာပါ"

"အဟမ်း … ဟုတ်ကဲ့"

"ကိုယ့်မိဘနှစ်ယောက်ရဲ့ ညတိုင်းဖြစ်နေတဲ့ ရန်ပွဲတွေဟာ ညီမလေးရဲ့စိတ်ကို တဖြည်းဖြည်းနဲ့ ဒဏ်ရာရလာစေတာ၊ ပြီးတော့ ဒယ်ဒီက ညီမလေးကို လှတဲ့ ချောတဲ့ မိန်းမတွေဟာ အကျင့်မကောင်းကြောင်း ဖောက်ပြန်တတ်ကြောင်း ယောက်ျားတွေကို မြူဆွယ်တတ်ကြောင်း၊ အရက်မူးမူးနဲ့ အမြဲနားသွင်းတယ် …

နောက်ဆုံး တစ်နေ့မှာတော့ ကိုယ့်အမေ အိမ်က ထွက်သွားခဲ့တယ်"

ကိုမောရစ်က စကားကို ခဏရပ်လိုက်သည်။ ပြီးတော့ သူ့ကို တည့်တည့်စိုက်ကြည့်ရင်း တစ်ခွန်းထပ်ပြောသည်။

"တခြားယောက်ျားတစ်ယောက်နဲ့ပေါ့"





သူ့မျက်နှာ ဘယ်နားထားရမှန်း မသိပါ။ ကိုမောရစ်ကတော့ အေးအေးဆေးဆေးပါပဲ။ သူ့မျက်လုံးထဲတွင် လီလီရဲ့ ပုံရိပ်တို့ကို မြင်ယောင်လာသည်။ ထိုအချိန်က ကလေးသာသာပဲ ရှိဦးမည့် လီလီ ဘယ်လောက်တောင်များ ဝမ်းနည်းကြေကွဲခဲ့လေ။

လီလီရယ် … မင်းကို သနားလိုက်တာ။

"မင်း လီလီ့ကို သနားနေတာလား"

သူ့ ရင်တွင်းခံစားချက်တို့ကို သိသည့်အလား ကိုမောရစ်က မေးဆတ်ပြီး မေးသည်။

"အဲလောက်နဲ့ မသနားသေးနဲ့ဦး။ နောက်မှာ အဲဒီထက် သနားစရာကောင်းတာတွေ ရှိသေးတယ်"

ကိုမောရစ်က စီးကရက်ကို ထပ်ဖွာသည်။ ပြီးတော့ အေးအေးလေးပဲ ဆက်ပြောလေသည်။

"လီလီ့ကို တကယ် Shock အကြီးကြီး ရသွားစေတဲ့ ကိစ္စက ကိုယ့်အမေ အိမ်ပြန်လာတဲ့ အချိန်ပဲ။ လာတယ်ဆိုတာလည်း ပစ္စည်းတွေ ပြန်လာယူတာ …

အဲဒီအချိန်မှာပဲ အကြီးအကျယ် ထပ်စကားများကြပြီး တစ်သက်လုံးက စိတ်နာကြည်းနေတဲ့ ဒယ်ဒီဟာ



www.burmeseclassic.com

www.burmeseclassic.com



မာမီ့ကို နံရံမှာ ချိတ်ထားတဲ့ဓားနဲ့ တစ်ခါတည်း ထိုးသတ်ပစ်လိုက်တယ်။ အဲဒါဟာ လီလီ့ရှေ့မှာပဲ သတ်ခဲ့တာ"

"ခင်ဗျာ"

"အေး ... ဟုတ်တယ်။ လီလီဟာ အဲဒါကိုမြင်ပြီး သည်းခြေပျက်သွားခဲ့တယ်"

သူ ဘာပြန်ပြောရမှန်း မသိအောင် ပါးစပ်အဟောင်းသား ပွင့်သွားရသည်။ ကိုမောရစ်ကတော့ ဘာမှမဆိုင်သူ တစ်ယောက်အလား အေးအေးဆေးဆေး ဆက်ပြောနေသည်။

"ကိုယ့်ဒယ်ဒီကတော့ ထောင်ကျသွားပြီး ကျန်းမာရေးလည်း ချို့ယွင်းလာတာမို့ ထောင်ထဲမှာပဲ ဆုံးသွားခဲ့တယ်။ လီလီ့ကိုတော့ ကြီးကြီးက ဆေးကုပေးရတယ်၊ ဗန်ကောက်ကို ခေါ်လိုက်ရတာ။ နောက် ဟိုမှာပဲ ကျောင်းတက်သူ့ကို ပတ်ဝန်းကျင်သစ်တစ်ခု ဖန်တီးပေးလိုက်ပြီး အတိတ်ကို မေ့နိုင်အောင် ထားခဲ့ရတယ် ဒါပေမဲ့ ဘယ်လောက်ကောင်းအောင်ပဲကုကု သူ့မှာ ဆိုက်ကိုတစ်ခုတော့ ရှိသွားတာပဲ။ သူက မိန်းမချောချောတွေဆို အရမ်းမုန်းတယ်။ အထူးသဖြင့် မြန်မာဆန်ဆန် ဝတ်စားထားတဲ့ လုံးကြီးပေါက်လှ ခပ်ချောချော မိန်းမတွေဆို ပိုမုန်းတယ်"





သူ့မျက်လုံးထဲတွင် မမသီရိကို ဖျတ်ခနဲ မြင်ယောင်သွားကာ ခေါင်းကဆံပင်မွေးတွေတောင် ထောင်သွားသလို ခံစားသွားရသည်။ ဒါကြောင့် ဟိုနေ့က မမသီရိကို မြင်တော့ ပိုပေါက်ကွဲသွားတာလား။ မမသီရိဟာ မြန်မာဆန်ဆန် ဝတ်စားတတ်သူဖြစ်ပြီး မယ်မြန်မာတစ်ယောက်လို အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်နဲ့လေ။

"မာမီက မြန်မာဆန်ဆန် ဝတ်စားတတ်ပြီး အနောက်တိုင်းဆန်လှတဲ့သူလေ၊ သူ့မျက်လုံးထဲမှာ အဲလိုပုံစံမျိုးကို အရမ်းမုန်းနေတာ"

"ဗုဒ္ဓေါ"

သူက တိုးတိုးရွတ်မိသော်လည်း ကိုမောရစ်ကကြားဖြစ်အောင် ကြားသွားသည်။ သူ့ကို ဆတ်ခနဲ လှည့်ကြည့်ရင်း ခေါင်းတစ်ချက်ညိတ်ကာ ...

"ဟုတ်တယ် ... မင်း အစ်မလို ပုံစံမျိုးပေါ့"

"ဗျာ ... အစ် ... အစ်ကိုက မမသီရိကို သိနေတယ်"

"အင်း ... ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သူက ကိုမောရစ်ကို တစ်ချက် အကဲခတ်လိုက်မိသည်။ ကိုမောရစ်နဲ့ မမသီရိဟာ အသက်အရွယ်ချင်း မတိမ်းမယိမ်းလောက် ရှိကြမည်။ သူတို့နှစ်ယောက် သိနေကြတာလား။ ဒါမှမဟုတ် အဲဒီထက် ပိုလောက်လား။ ကြည့်စမ်း ... ဒီကမ္ဘာလောကကြီးဟာ ကျဉ်းကျဉ်းလေးပါပဲလား။

သို့သော် သူ့စိတ်ကူးထဲက အတွေးကို သိနေသည့်အလား ကိုမောရစ်က ပြောလာသည်။

"မင်းအစ်မကို ကိုယ် သိရုံပဲ သိတာပါ။ ဒါပေမဲ့လည်း ကံကြမ္မာဆိုတာ ဘယ်လောက်ထူးဆန်းသလဲဆိုတာ မင်းကို ပြောပြရဦးမယ် ...

ကိုယ် London မှာ ရှိနေချိန် မင်း အစ်မလည်း Lodon ကို ရောက်လာခဲ့တယ် မဟုတ်လား"

သူ သွားသတိရမိသည်။ ဟုတ်တယ် လွန်ခဲ့တဲ့ ငါးနှစ်နှကျော် ခြောက်နှစ်နီးပါးက မမသီရိတစ်ယောက် အင်္ဂလန်မှာ စီးပွားရေး ဒီပလိုမာတစ်ခု သွားယူခဲ့သေးသည်။ London မှာ ခြောက်လလောက် ကြာမြင့်ခဲ့တာကို သူ အမှတ်ရနေပါသည်။





"မင်းအစ်မ သီရိကို London မှာလုပ်တဲ့ မြန်မာပွဲတစ်ပွဲမှာ ကိုယ်တွေ့ခဲ့တယ်။ သူနဲ့ ကိုယ်နဲ့ကိုလည်း ကြားထဲက မိတ်ဆွေတစ်ယောက်က မိတ်ဆက်ပေးခဲ့ပါတယ်။ အဲဒီပွဲမှာ မြန်မာချိတ်လုံချည်နဲ့ အရမ်းကျက်သရေရှိနေတဲ့ မင်းအစ်မကို ကိုယ် မြင်မြင်ချင်းပဲ စိတ်ဝင်စားခဲ့တာပါ ...

ကိုယ် သူ့ကို အမှတ်တမဲ့ မဟုတ်ဘဲ မေးခဲ့တာကတော့ မြန်မာဝတ်စုံကို အမြဲဝတ်ဖြစ်လား ဆိုတော့ သူ အရမ်းသဘောကျလို့ ဝတ်ပါတယ်တဲ့လေ။ အဟက် ... ပြောရရင် ရယ်စရာကောင်းနေမလား မသိဘူး။ သူ့ကို ကိုယ်ပတ်သက်လို့ မရနိုင်တော့ဘူးဆိုတာ အလိုလို သိလိုက်သလိုပဲ ...

ဒါကြောင့် အဲဒီနေရာမှာပဲ ခြေစုံရပ်နေခဲ့တာ။ ကိုယ့်ညီမလေးရဲ့ဆိုက်ကို့ကို ကိုယ် သိနေတယ်လေ။ ဒါပေမဲ့ သီရိဟာ မင်းရဲ့အစ်မ လာဖြစ်နေတယ်။ သေချာရေရာတဲ့ ကံကြမ္မာတစ်ခုကို ပြောင်းလဲလို့ မရနိုင်ဘူးဆိုတာ ကိုယ် ကောင်းကောင်းကြီး ထပ်သဘောပေါက်ခဲ့ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာတော့ ပါးစပ်ဆယ်ပေါက် ပါရင်တောင် ပြောစရာစကား မရှိတော့တဲ့သူလို ပါးစပ်အဟောင်းသားပဲ ဖြစ်နေရသည်။ သိမယ့် သိတော့လည်း သူ ဘယ်လိုမှ ထင်မထားတာတွေက တစ်ခုပြီး တစ်ခုလေ။

"ကဲ ... ကိုယ် မင်းကို ပြောစရာတွေက ဒီလောက်ပဲ၊ ရေသောက်ပါဦး"

မသိလျှင် ရွဲ့ပြောသလား ထင်ရသည်။ သို့သော် သူက တကယ်ပဲ အာခေါင်ခြောက်နေသောကြောင့် ရေတစ်ခွက်ကို ကောက်မော့လိုက်သည်။ ကိုမောရစ်ကတော့ စီးကရက်တို အေးအေးဆေးဆေး ရှိုက်ဖွာနေလေသည်။

"ကျွန်တော် ဘာဆက်လုပ်ရမလဲ။ လီလီ့ အခြေအနေက ခုဆို ဘာဖြစ်နိုင်ပြီလဲ"

"ဘယ်လိုပြောရမလဲ။ ဘာဖြစ်နိုင်မလဲ ဆိုတာ မင်းအပေါ်မှာ မူတည်နေတယ်"

"ဘယ်လို မူတည်တာလဲ ကိုမောရစ်"

"မင်းအနားမှာ ဘယ်မိန်းမ ကပ်တာကိုမှ သူ မလိုလားဘူးလေ။ အထူးသဖြင့် သီရိ ဆိုတာ သူ့မျက်လုံးထဲ Cross ပေါ့"





"ဗျာ ... အဲ ... အဲဒါကတော့"

"ကိုယ်လည်း အဲဒါကိုပဲ စဉ်းစားနေတာပါ။ ကိုယ်တို့အတွက် အကောင်းဆုံး အဖြေတစ်ခု ရှိလာမှာပါကွာ၊ စိတ်လျှော့ထားလိုက်ပါ"

ကိုမောရစ်က သူ့ပခုံးကို တစ်ချက်လာဖျစ်ညှစ်ကာ အားပေးသည်။ စိတ်လျှော့ထားရမယ်တဲ့။ စိတ်ဓာတ်က လျှော့ရောမလိုတော့အောင် ကျနေပြီလေ။ လီလီရယ် ...။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

"ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းအတိုင်း ဖြစ်စေမည်" အဲဒီစကားလေးကိုပဲ သူ အားကိုးရပါတော့မည်။ လီလို့ အခြေအနေဟာ မျဉ်းပေါ်မှာ ကြိုးတန်းပေါ်မှာ လမ်းလျှောက်ရတဲ့ အနေအထားလို ဖြစ်နေပြီ ဆိုပေမယ့် သူက နားလည်အောင် ချော့မော့ပြောဆိုဖို့ တာဝန်ရှိသည်လေ။ သူ့အတွက် လီလီကသာ ပထမဆုံးနဲ့ နောက်ဆုံးအချစ်ဆိုတာ လီလီ နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်လျှင် သူမရဲ့စိတ်ကို Control လုပ်နိုင်လိမ့်မည်ဟု ထင်ပါသည်။

ဒါကြောင့် လီလီ နေကောင်းနေပြီဟု မျှော်လင့်ရသော အချိန်တွင် လီလီဆီသို့ သူ ရောက်လာခဲ့ပါသည်။ သစ်ခွအိမ်ထဲ





မှာ တယောထိုးနေသော လီလီမှာ နည်းနည်းစစ်သွားသည်မှအစ လန်းလန်းဆန်းဆန်းတော့ ရှိပါသည်။ လီလီသည် အပင်တွေကြား ထဲမှာ တယော အမြဲထိုးတတ်သူဖြစ်သည်။

"လီလီ"

"အင်း ... ငယ်လေး"

"ဒါ Stimulate လုပ်တာပဲလား"

"ဟုတ်တယ်လေ။ အပင်တွေ ပိုကြီးထွား သန်မာစေတယ် လေ"

သူ့ရယ်သံက လှောင်သလို ဖြစ်သွားလား မသိပါ။ လီလီက သူ့ကို စူးခနဲ မော့ကြည့်ရင်း ...

"လာမရယ်နဲ့နော်၊ ချားလ်စ်မင်းသားတောင် သူ့ယာခင်း ထဲမှာ အပင်တွေကို Stimulate လုပ်တာ။ သူ့ကို လူတွေ က ကြောင်ဆိုပြီး ဟားကြတယ်။ နောက်မှ သိပ္ပံပညာ ရှင်တွေက လေ့လာဆန်းစစ်တော့မှ Plants really do respond to sound လို့ ကြေညာလိုက်ကြတယ် ...

ကဲ ... သိပြီလား"

"အင်း ... သိပါပြီ လီလီရယ်၊ လာပါဦး ... ထိုင်ပါဦး"

www.burmeseclassic.com



သူက လီလီ့လက်ကို ဆွဲခေါ်လာကာ ခုံတန်းပြု လေးမှာ ထိုင်စေလိုက်သည်။ လီလီရဲ့နဖူးစပ်က ဆံပင်လေးတွေကို သပ်တင်ကာ နဖူးလေးကို နှာခေါင်းနှင့် ဖိကပ်နမ်းရှိုက်မိသည်။

"နေကောင်းတယ် မဟုတ်လား လီလီ"

"အင်း ... ကောင်းပါတယ်"

"ကိုယ် လီလီ့ကို မေးစရာရှိတယ်"

"ဘာလဲ ... ဟိုနေ့ကကိစ္စ မေးမလို့လား"

သူမကတောင် စကား,စလိုက်တော့ သူက ပြောရ လွယ်သွားပါသည်။ သူက လီလီ့ရဲ့လက်ကလေးတစ်ဖက်ကို ဖျစ် ညှစ်ကာ ...

"လီလီ အဲဒီလို မဖြစ်ပါနဲ့လား လီလီရယ်။ ကိုယ်ပြောပြ မယ်၊ ကိုယ့်ဘဝမှာလေ လီလီက ပထမဆုံးအချစ်နဲ့ နောက်ဆုံးအချစ်ပဲ။ လီလီ့ရဲ့ရှေ့မှာ ချစ်ရတဲ့သူ ဆိုတာလည်း မရှိသလို လီလီ့ရဲ့နောက်မှာလည်း ထပ်ချစ်ဖို့ဆိုတာ ရှိလာ နိုင်တော့မှာ မဟုတ်ဘူး ...

ဒီတော့ သဝန်တိုတဲ့စိတ်တွေကို ဖျောက်ပြီး အေး အေးချမ်းချမ်း နေနိုင်အောင် ကြိုးစားပါကွာ။ ကိုယ်





လီလီ့ကို ပူလောင်နေတာမျိုး မမြင်ချင်ဘူး၊ လီလီ့လို မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ရထားပြီးမှတော့ ကိုယ် ပြောင်းလဲရင်ခုန်စရာ အကြောင်းလည်း မရှိတော့ ပါဘူး"

သူက အေးအေးပြောသော်လည်း လီလီက မရဘဲ တွဲထားသည့်လက်ကိုတောင် ဆောင့်ရုန်းပြီး ဖြုတ်ချလိုက်သေး သည်။

"တော်စမ်းပါ၊ ယောကျ်ားတွေက ဒီလိုပဲ ပြောကြတာပဲ။ မိန်းမဆိုတဲ့ အမျိုးကလည်း မာယာနဲ့ မြူဆွယ်ဖြားယောင်း ကြတာပဲ"

"ဟာ ... လီလီက မိန်းမ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ အဲလို မိန်းမတွေနဲ့ ဘာမှမဆိုင် ဘူး။ ငယ်လေးကို တစ်ခုပြောမယ် ...

ငယ်လေး ဟို ... သီရိ ဆိုတဲ့ မိန်းမကြီးနဲ့ အတူနေ ပါနဲ့တော့လား"

"လီလီရယ် ... သူက ကိုယ့်အစ်မပါ။ ပြီးတော့ ကိုယ့် ကျေးဇူးရှင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို … ဘာပဲဖြစ်ဖြစ် အစ်မအရင်းမှ မဟုတ်တာပဲ။ ပြီးတော့ အဲဒီလို မယ်မြန်မာတွေက ပိုပြီး မြူဆွယ်ဖြားယောင်းတတ်ကြတယ်"

"ကျွတ် … ခက်နေပါပြီ လီလီရယ်။ မမသီရိက ဘယ်လိုလုပ် မြူဆွယ်ရမှာလဲ၊ ပြီးတော့ သူက ကိုယ့်အစ်မအရင်း မဟုတ်ပေမယ့် တကယ့် အစ်မတစ်ယောက်လိုပါ။ ကိုယ့်ကျေးဇူးရှင်ပါ လီလီ …

လီလီ ခုလို စွပ်စွဲတာတောင် ငရဲကြီးလှပြီ"

"ဘာလဲ … ရှင်က သူ့ကိုထိတော့ နာတာလား"

"နာတာ မဟုတ်ဘူးလေ။ ဘာမှ နာစရာ အကြောင်းလည်း မရှိဘူး။ မဟုတ်တာကြီးကို အဟုတ်လို့ ထင်နေမှာကို ဖြေရှင်းပြတာ …

စိတ်ကို ဖြည်းဖြည်းချင်း လျှော့ချသွားပါ လီလီရယ် နော်။ ကိုယ်ပြောနေတာက ချက်ချင်းကြီး ပြောင်းပြန်လှန် ပြောင်းလဲပစ်ရမယ်လို့ ပြောနေတာ မဟုတ်ဘူးလား။ နည်းနည်းချင်း စိတ်လျှော့ပြီး ပြောင်းလဲဖို့ပါ"





"လီလီ့ကို ပြောင်းလဲခိုင်းမယ့်အစား ငယ်လေးပဲ ပြောင်းလဲလိုက်လေ။ ငယ်လေး အဲဒီအိမ်မှာ သူနဲ့တူတူမနေနဲ့တော့။ လီလီ့မှာ ကွန်ဒိုတစ်ခန်းရှိတယ်။ ကွန်ဒိုက စားရေးသောက်ရေး ခက်ခဲမယ်ထင်ရင် လမ်းမတော်မှာ Apartmet တစ်ခု ရှိတယ်။ အဲဒီမှာ သွားနေ …

အဲဒီမိန်းမကြီး အိမ်မှာတော့ ငယ့်လေးမနေပါနဲ့တော့ … နော်"

သူမကပင် ပြန်ချော့နေဟန်ရှိသည့် အပြောကို သူက မသက်မသာနှင့် သက်ပြင်းချမိသည်။ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါလား လီလီရယ်။

"အဲလို ရုတ်တရက်ကြီးလုပ်လို့ မရဘူးလေ လီလီရယ်"

"ဘာလို့မရ,ရမှာလဲ။ နိုင်ငံခြားမှာတောင် (၁၈)နှစ်ပြည့်ရင် မိဘအိမ်ကနေဆင်းပြီး ကိုယ့်ဘာသာ ရပ်တည်ကြသေးတာပဲ …

ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ့်ဘာသာရပ်တည်၊ အဲဒီလိုပဲပေါ့"

"အဲဒါက နိုင်ငံခြားလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ခုရော ဘာထူးလဲ။ သူက ငယ်လေးရဲ့ အစ်မအရင်းမှ မဟုတ်တာ၊ ဒါကိုလည်း အားလုံးသိနေတာပဲ။ ဒီတော့ ကိုယ်လည်း အရွယ်ရောက်နေတဲ့ ယောကျ်ား တစ်ယောက်အနေနဲ့ အိမ်သပ်သပ်ခွဲနေလိုက်တာ အကောင်းဆုံးပဲ မဟုတ်ဘူးလား ...

ဒါဆို လီလီလည်း ခုလို သောကတွေ ရောက်မနေရတော့ဘူးပေါ့ ငယ်လေးရယ်၊ ဟုတ်တယ်မှလား"

အင်း ... သူကတော့ ကိုယ့်ကို ပြန်ချော့မော့ သိမ်းသွင်းနေပါလား။ ဟောမဝန်မှာ စိတ်ညစ်ညူးသည့်ကြားမှ ပြုံးရသေးသည်။ အရှူးပါးဟု ပြောရအောင်ကလည်း ကိုယ့်ချစ်သူဆိုတော့ အဲဒီလို ပြောမထွက်ပါ။ ဒါပေမဲ့ Hyper တွေဟာ သာမန်လူတွေထက် လည်တယ်၊ မှတ်တယ် ဆိုတာတော့ အမှန်ပဲလေ။

"လီလီ ... ကိုယ့်အနေနဲ့ အဲလိုလုပ်ဖို့ ဆိုတာက"

"ဘာလဲ ... ရှင်က အဲဒီမိန်းမအနားက မခွာနိုင်ဘူးလား"

ပြောရင်း လီလို့လေသံတွေက ခပ်ဆတ်ဆတ်ဖြစ်လာသည်။ အခြေအနေက တင်းမာလာပြန်ပြီဆိုတာ သူ နားလည်လာရပြန်ပါသည်။





"မဟုတ်ဘူးလေ လီလီ။ မမ မိဘတွေက ကိုယ့်ကျေးဇူးရှင်။ မမဆိုတာလည်း ကိုယ့်ကျေးဇူးရှင်၊ မိဘတွေမရှိတော့တဲ့နောက်ပိုင်းမှာ ကိုယ်နဲ့ နန္ဒက မမကို စောင့်ရှောက်ရမယ့် ဝတ္တရားရှိပါတယ်"

"အို ... စောင့်ရှောက်ချင် သူ့ဘာသူ ယောကျ်ားယူလိုက်ပေါ့။ ဘာလို့ မဆီမဆိုင် ငယ်လေးတို့နှစ်ယောက်က စောင့်ရှောက်ရမှာလဲ။ နန္ဒာမှာ ချစ်သူရှိရင် နန္ဒ ချစ်သူလည်း အဲဒါ ကြိုက်မှာ မဟုတ်ဘူး။ အို ... ငယ်လေး အဲဒီ အိမ်မှာ မနေနဲ့တော့ကွာ၊ လီလီ လုံးဝမကြိုက်ဘူး"

"လီလီရယ် ... လောကကြီးက အဲဒီလို ကိုယ့်စိတ်ထဲမှာ ရှိတာတွေကို လျှောက်လုပ်လို့ မရဘူးလေ"

"တော်ပြီ ငယ်လေး၊ လီလီ ပြောသလို လုပ်မှာလား မလုပ်ဘူးလား၊ ဒါပဲပြော"

"ခုလောလောဆယ်တော့ ..."

"လီလီ လိုချင်တာ ချွေးသိပ်တဲ့ အဖြေမျိုးမဟုတ်ဘူး ငယ်လေး။ ယောကျ်ားပီပီသသ Yes or No ပြတ်ပြတ်သားသားဖြေတဲ့ အဖြေမျိုးပဲ လိုချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"Sorry ပါ လီလီရယ်"

Yes လည်းမဟုတ် No လည်းမဟုတ်သော Sorry ပေမယ့် လီလို့နှုတ်ခမ်းတွေ တင်းတင်းစေ့သွားတာ မြင်ရတော့ သူ့ရင်ဘတ်ထဲမှာ လေးလံတင်းကျပ်လို့ သွားခဲ့ပါသည်။





## ၂၂

မုန်တိုင်းမလာခင် ပင်လယ်ပြင်သည် အလှအပဆုံး အနေထားဖြင့် တည်ရှိနေပါလိမ့်မည်။ ထိုအတူ သူနှင့် သူ့ပတ်ဝန်းကျင်သည်လည်း ခုတလောမှာ ဘာမှထူးထူးခြားခြား မဖြစ်ဘဲ တည်ငြိမ်နေသည်။ သို့သော် သူ့စိတ်ထဲတွင် အာရုံတစ်ခု ရနေသည်။ ဘာအာရုံဆိုတာလဲကိုတော့ အတိအကျ မပြောတတ်။ သူနှင့် လီလီ နောက်ဆုံးတွေ့ခဲ့ရချိန်က လီလီရဲ့ တင်းတင်းစေ့ထားသော နှုတ်ခမ်းများနှင့် စူးရှရှ မျက်ဝန်းများသည် သူ့ကို နေ့ရှိသရွေ့ သတိရစေသော ရုပ်ပုံလွှာများဖြစ်သည်။

ကြားထဲမှာ မနက်တစ်ခါ ညတစ်ခါ လီလို့ထံ ဖုန်းဆက်ပြီး နေကောင်းလား၊ ဘာစားလဲ၊ ဘာလုပ်နေလဲ စတာ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ပြောဖြစ်ပြီး သူမဘက်ကလည်း အေးအေးဆေးဆေး ပါပဲ။ နွေးနွေးထွေးထွေးတော့ မဟုတ်။ အဲဒါကိုပဲ သူ စိုးရွံ့နေမိတာဖြစ်သည်။ ဒီကြားထဲ မမသီရိက တသိတရနှင့် မေးလာလျှင် သူ့မှာ ရေရေရာရာ ဖြေစရာမရှိပါ။

"ဒါနဲ့ နင့် ကောင်မလေးနဲ့ ဘယ်လိုအခြေအနေရှိလဲ"

"ဒီလိုပါပဲ"

"ဘာဒီလိုပါမဲလဲ။ နင် ဘယ်လိုစဉ်းစားထားလဲ ဟေမဝန်"

"ဘာကိုလဲ မမ"

"မိန်းကလေးတစ်ယောက်ကို လက်ထပ်မယ် လက်မထပ်ဘူး တိတိကျကျ ဆုံးဖြတ်ထားတာမျိုး မရှိဘဲ တွဲနေတာကို ပြောတာလေ ...

သူက သာမန်စိတ်နေစိတ်ထားရှိတဲ့ မိန်းကလေး မဟုတ်ဘူးဆိုတာ မင်း သိနေရက်နဲ့ ရှေ့ဆက်ဖို့ ဘယ်လို စဉ်းစားထားလဲ ပြောတာ"

သူက သက်ပြင်းတစ်ချက် ချလိုက်မိသည်။ မမသီရိကို လီလီရဲ့စိတ်နေသဘောထားနဲ့ ပတ်သက်ပြီး အကျိုးအကြောင်း ပြောပြထားပေမယ့် ဒီကမ္ဘာပေါ်မှာ လီလီ ကြည့်လို့မရဆုံးပုံစံဟာ





မမသီရိ ဆိုတာကိုတော့ သူက ပြောမပြထားချေ။ ပြောရင် ဒီလို တောင် နေနိုင်ပါ့မလား။

"ကျွန်တော် စဉ်းစားနေပါတယ်"

"ဘာကို စဉ်းစားနေတာလဲ"

မမသီရိက မျက်မှောင်ကြုတ်ကြုတ်နှင့် မေးသည်။

"သူ ပုံမှန်အနေအထား ဖြစ်လာဖို့ပါ"

"အဲဒီလို ဖြစ်နိုင်တယ်လို့ ဘယ်သူက အာမခံထားလို့လဲ"

"မမရယ် ... ဒါကတော့ ..."

"ဒီမှာ ဟေမဝန်။ မင်းကို မမ ရှင်းရှင်းပဲပြောမယ်။ မင်းနဲ့ နန္ဒကို ဖေဖေတို့က မွေးစားခဲ့တာ ထမင်းကျွေး အဝတ်ဆင် ဆယ်တန်းအောင်ပြီးရောဆိုပြီး မွေးစားခဲ့တာ မဟုတ်ဘူး ...

တကယ့်ကို သူတို့ သားသမီးအရင်းလို ပြုစုပျိုး ထောင်ခဲ့တာ။ ငါကလည်း မင်းတို့ကို မောင်အရင်းတွေ လို သဘောထားခဲ့တာ။ ပတ်ဝန်းကျင် အသိုင်းဝန်းက လည်း မင်းတို့ဟာ အမွေစားအမွေခံသားတွေဆိုတာ သိ ပြီးသား။ ဒီအတွက် မင်းတို့မှာ မျိုးကောင်း ရိုးကောင်း သတို့သမီးတွေဆိုတာလည်း အဆင်သင့် ...

www.burmeseclassic.com



အဲဒီတော့ မင်းဘဝကို သက်သောင့်သက်သာ ရှိစေချင်တယ် ဟောမဝန်"

"အခုလည်း ကျွန်တော် အဆင်ပြေပါတယ် မမရယ်"

"အဆင်ပြေပါတယ်သာ ပြောနေတာ။ မင်းရုပ် အရင်က ရုပ်နဲ့ ဘာမှမတူတော့ဘူးလေ။ အရင်ကဆို အမြဲတက်ကြွလန်းဆန်းနေတာ ...

ခုတော့ Stress မိနေတဲ့ ရုပ်နဲ့လေ၊ ငါ မမြင်ချင်တော့ဘူး ဟောမဝန်"

"မမ ကျွန်တော် သူ့ကို တကယ်ချစ်တာပါ။ ကျေးဇူးပြုပြီး ကျွန်တော့်နှလုံးသားကိုလည်း နားလည်ပေးပါ"

"ဒါပေမဲ့ ဒီကိစ္စက သမားရိုးကျကိစ္စ မဟုတ်ဘူးလေ။ သူက ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်၊ ဒါမှမဟုတ် ပွေရှုပ်တတ်တဲ့ မိန်းကလေးမျိုး ဆိုရင်တော့ အချိန်ယူပြီး တစ်မျိုးစဉ်းစားပေးချင် စဉ်းစားဦးမယ်။ ခုကိစ္စက အချိန်ကြာလာတာနဲ့အမျှ ဖြေရှင်းရခက်တဲ့ ပုစ္ဆာတစ်ပုဒ်လို ဖြစ်လာမှာ မဟုတ်လား ..."

"ဒါက စီးပွားရေးလုပ်နေတာမှ မဟုတ်တာပဲ မမရယ်"





"ကဲပါ ... ဘာပဲဖြစ်ဖြစ် နင် တစ်ခုခုတော့ စဉ်းစားထား။ မမတော့ သူ့ကို လုံးဝသဘောမကျဘူး ဟောမဝန် ...

အဲဒါ မမရဲ့သဘောထား အမှန်ပါပဲ"

မမသီရိက ပြောပြီးတာနှင့် ထထွက်သွားသည်။ သူက သက်ပြင်းတစ်ချက်ကိုချကာ ခေါင်းယမ်းမိလေသည်။ တစ်ယောက်ကတစ်မျိုး၊ တစ်ယောက်ကတစ်မျိုးနှင့် သူ ရှေ့ဆက်လျှောက်ရမည့်လမ်းမှာ ဘယ်လမ်းကို ရွေးချယ်ရမလဲ သူမသိတော့ပါ။ သေချာတာကတော့ သူ လီလီ့ကို သိပ်ချစ်သည်။

သူ့အနာဂတ်ကို လီလီကပဲ အဆုံးအဖြတ် ပေးစေချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာ ငါ့အား ထားသွားနိုင်ခဲ့တာ XXX အရာရာအကုန်လုံး ငါ မေ့ပျောက်လို့ မရလို့ XXX နင် မပါတဲ့နေ့ညတို့ အချိန်ရှိတိုင်း သတိရလို့ XXX ငါ တစ်ယောက်တည်းဖေးမမယ့်သူ မရှိ XXX နင်သာ ကံကောင်းတဲ့လူဆိုရင် XXX ငါက ကံဆိုးတဲ့သူ"

သူ့ဖုန်းမြည်သံ ထွက်ပေါ်လာသဖြင့် သူက ကောက်ကိုင်မည်ပြင်ပြီးမှ "နန္ဒ"ဟူသော အမည်ကို တွေ့သဖြင့် မကိုင်သေးဘဲ ပြုံးကြည့်နေလိုက်သေးသည်။ အင်း ... ခုတလော ညစ်နေတာတွေ နည်းနည်း လန်းသွားအောင် နန္ဒကိုခေါ်ပြီး ရေသွားကူးဦးမည်ဟု တစ်လက်စတည်း စိတ်ကူးလိုက်သည်။ ရေစိမ်ရင် ဘီယာလေးပါ စုပ်လိုက်ရလျှင် နည်းနည်းများ Fresh ဖြစ်သွားမလားပဲ။





သူက အတွေးနှင့်အတူ ဖုန်းကိုဖွင့်ကာ ထူးလိုက်သည်။

"ဟယ်လို"

"ဟာ ... အရေးထဲမှာ ဟယ်လိုကို ရှည်ရှည်ဆွဲပြီး ထူးနေသေးတယ်။ ဟော့ကောင် ... မင်း (XXX)ဆေးရုံကို ခုချက်ချင်း လိုက်လာခဲ့"

"ဟင် ... မင်း ကား Accident ဖြစ်လို့လား"

"ဟာ ... မင်းကြီးတော်ကြီး။ ငါ ကား Accident ဖြစ်ရင် မင်းကို ဒီလိုတောင် ဖုန်းဆက်နေနိုင်ပါ့မလားကွ။ မမသိရီ ... မမသိရီ မြွေပေါက်လို့"

"ဘာရယ် ... ဘယ်သူက ဘာလုပ်လိုက်လို့လဲ"

"ဟာ ... မြွေပေါက်ပါတယ်ဆိုမှ၊ ဘယ်သူက ဘာလုပ်ရမှာလဲ၊ မြွေက ပေါက်တာဟေ့"

ခုခေတ် ဖန်းစကားနှင့် မြွေပဲတို့၊ မြွေကိုက်ပြီတို့ ဆိုတာ တစ်ခုခု ဒုက္ခရောက်နေလျှင်လည်း သုံးတတ်ကြတာမို့ သူက ရောထွေးသွားခြင်းဖြစ်သည်။ မြွေပေါက်တယ်တဲ့။ မမက ဘယ်နေရာတွေများ သွားလို့လဲ။ သူလည်း မစဉ်းစားတတ်အောင်ပဲ ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြွေက ဘယ်နေရာမှာ ပေါက်တာလဲ"

"မင်း မေးမနေနဲ့တော့။ အခု ဆေးရုံကိုသာ အမြန်လာခဲ့။ ရောက်တော့မှ ငါ ပြောပြမယ်"

နန္ဒက ခပ်မြန်မြန်ပြောရင်း ဖုန်းချသွားသည်။ သူက ကျစ်ခနဲ စုတ်သပ်ကာ လုပ်လက်စ အလုပ်တွေကိုဖြတ်ပြီး ဆေးရုံသို့ ထွက်လာရသည်။ ဆေးရုံသို့ရောက်လျှင် အခန်းတံခါးဝမှာ နန္ဒကို စိတ်ပူပန်နေသော မျက်နှာထားဖြင့် တွေ့ရသည်။

"ဘယ်လိုဖြစ်ရတာလဲကွာ"

"မြွေတစ်ကောင်ကို ပါဆယ်ထဲထည့်ပြီး မမဆီ ပို့လိုက်တာတဲ့ကွ။ တော်သေးတာက ဖြစ်ဖြစ်ချင်း အခန်းထဲမှာ စာရင်းကိုင် မသော်တာ ရှိနေလို့၊ မဟုတ်ရင် ဆေးရုံအချိန်မီ မရောက်ရင်ပဲဖြစ်ဖြစ် မြွေမမိရင်ပဲဖြစ်ဖြစ် အခြေအနေက စိုးရိမ်ရနိုင်တယ်"

"ပါဆယ်ထဲ ထည့်လိုက်တယ် ဟုတ်လား"

"ဟုတ်တယ် ကိုဟေမဝန်။ သော်တာက မမနဲ့အတူ ရုံးခန်းထဲမှာ ရှိနေတာပါ။ အဲဒီအချိန်မှာ အောက်က ဝန်ထမ်းတစ်ယောက်ကနေ မမအတွက် ပါဆယ်ဆိုပြီး လာပေးတယ် ...





မမက ပါဆယ်ပို့တဲ့သူ နာမည်ကို ကြည့်ပြီး သူ့သူငယ်ချင်းပဲလို့ ရွတ်တယ်။ မွေးနေ့လက်ဆောင်ကို ခုမှ ပို့ရလားလို့လဲ ချစ်စနိုးပုံစံနဲ့ ပြောပြီး ဘူးကိုဖောက်တယ်။ ဘူးထဲမှာ Prada အိတ် အနီရဲရဲလေးတစ်လုံး ပါလာတယ်။ မမက ငါကြိုက်တဲ့အိတ်ပဲလို့ ပြောပြီး ဖွင့်လိုက်တာ။ အဲဒီထဲကမှ မြွေက မမကို ပေါက်လိုက်တာပါ"

သူတို့အနားသို့ ရောက်လာသော မသော်တာက ဝင်ရှင်းပြတာဖြစ်သည်။ သူနှင့် နန္ဒာက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်မှောင်ကြုတ်မိကြသည်။ ခုလောလော ဆယ်မှတော့ ထပ်မစဉ်းစားနိုင်သေးဘဲ သူက မမကို ဝင်ကြည့်ဖြစ်သည်။ မမက မျက်လုံးမှိတ်ကာ ငြိမ်သက်အိပ်စက်နေပါသည်။ မြွေဆိပ်ကြောင့် လူက ပြာနှမ်းချင်သလို ဖြစ်နေသော မမကို ကြည့်ကာ သူက မျက်ရည်ဝဲလာရသည်။

မမကို ဒီလိုပုံစံမျိုး မပြောနှင့် နေမကောင်းသော ပုံစံမျိုးမှာတောင် သူ မမြင်ဘူးခဲ့ချေ။ ဒီလို မသက်မသာပုံစံမျိုးနှင့် သတိလစ် လှဲနေရသော မမ ပုံစံကိုသာ မြင်ရလျှင် သူ့မွေးစား မိဘတွေက ဘာများပြောကြမလဲ။ သူက အခန်းထဲမှ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ကော်ရစ်တာတွင် နန္ဒက တစ်စုံတစ်ခုကို နက်နက် နဲနဲ စဉ်းစားနေဟန်ဖြင့် လမ်းလျှောက်နေသည်။

"နန္ဒ ... ဘာတွေ စဉ်းစားနေတာလဲ"

"မဟုတ်ဘူး၊ မမကို လက်ဆောင်ပို့ပေးလိုက်တဲ့ သူငယ်ချင်း ဒါလီဆိုတာ စင်ကာပူမှာ။ ငါ ဆက်သွယ်ကြည့်ပြီးပြီ အဲ မပို့ဘူးတဲ့"

"ဒါဆို ဘယ်သူပို့တာလဲ"

"ငါလည်း အဲဒါကို စဉ်းစားနေတာ။ Prada အိတ်တစ်လုံး ကို လက်ဆောင်ပေးနိုင်တယ်ဆိုတာ တော်တန်ရုံထဲက တော့ မဖြစ်နိုင်ဘူးကွ ...

Prada ဆိုတာ နည်းတဲ့ဈေးမှ မဟုတ်တာ။ အဲ လူဟာ ပိုက်ဆံရှိတဲ့ အသိုင်းဝန်းထဲမှာပဲ ရှိရမယ်။ ငါ့ စီးပွားဖက်တွေထဲမှာ မမကို သဘောချင်လောက်အောင် လုပ်ကြတဲ့သူများ ရှိနေလို့လား"

သူ့မျက်လုံးထဲတွင် ဘယ်သူများ ဖြစ်နိုင်မလဲဟု စဉ်းစားမိသည်။ မမသီရိဟာ ခပ်ထက်ထက် မိန်းမတစ်ယောက် မို့ တချို့စီးပွားရေးအကွက်အကွင်းတွေကို တခြားသူတွေထက်





လက်မြန်ခြေမြန် ဆောင်ရွက်နိုင်တာကို၊ မလိုသူတွေ မကြိုက်သူ တွေ ရှိကြပေမယ့် ဒါဟာ အသက်အန္တရာယ်ကို ရန်ရှာတဲ့အထိ တော့ မလုပ်လောက်ဘူး ထင်တာပဲလေ"

"ငါလည်း တော်တော် စဉ်းစားရခက်နေတယ်ကွာ၊ ပြဿနာ ပဲ၊ ဒီလိုဆိုရင် မမရဲ့အသက်အန္တရာယ်အတွက် စိုးရိမ်ရ တယ်"

"ဟုတ်တယ်၊ အနားမှာ သေချာစောင့်ကြည့်ပြီး Security ထားမှတောင် ရတော့မယ် ထင်တယ်"

"ဟူး ... ခုတလော ဘာတွေဖြစ်နေတာလဲ မသိပါဘူး ကွာ။ ဘာလို့ စိတ်အနှောင့်အယှက် ဖြစ်စရာတွေက တန်းစီ ပြီး လာနေရလဲ မသိပါဘူး ...

မင်း ဆရာဝန်နဲ့ တွေ့ပြီးပြီလား။ ဘာပြောလဲ"

"ဖြစ်ဖြစ်ချင်းပဲ ဆေးရုံပို့နိုင်ပြီး မြွေကိုလည်း ယူလာနိုင် လို့ စိုးရိမ်ရတဲ့ အခြေအနေက လွတ်သွားတယ်ပေါ့ကွာ ...

ဒါပေမဲ့လည်း ဂရုတော့ စိုက်ရဦးမှာပေါ့ ... တဲ့။ ခုတော့ မြွေဆိပ်တွေ အားလုံးစုပ်ထုတ်ပြီးပြီ ပြောတယ်"

"ဟူး"



www.burmeseclassic.com

www.burmeseclassic.com



သူက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်စဉ်မှာပဲ သူ့ဖုန်းထဲသို့ မတ်ဆေ့ချ် ဝင်ရောက်ခြောင်း အသံမြည်လာသည်။ ဖွင့်ကြည့်လိုက်လျှင် လီလီ့ထံက ပို့လိုက်သော စာသားများကို တွေ့ရသည်။ သူမကို အသက်ရှင်နေသေးတယ်မှ ထင်သေးရဲ့လား ဟု မေးထားသော အမိပ္ပာယ်ရသည့် စာသားများ။ သူက စိတ်စောစွာနှင့် ပင့်သက်ရှိုက်လိုက်ပြီး လီလီ့ဖုန်းကို ခေါ်လိုက်သည်။

"ဘာတုံး"

ဆုဆောင့်အောင့်ပြီး ထူးသော်လည်း ချစ်သူ့အသံလေးမို့ သူက ပြုံးမိပါသည်။

"လီလီလေး ... နေကောင်းတယ်နော်"

"တော်စမ်းပါ၊ ကျွန်မက ရှင့်ရဲ့စီးပွားဖက် ပါတနာမဟုတ်ဘူး"

"အင် ... ဘာလို့လဲ လီလီရဲ့"

"စီးပွားဖက် ပါတနာတွေသာ တွေ့တာနဲ့ မကောင်းတယ်လို့ နေကောင်းလား ဒါပဲ မေးကြတာလေ"

"ဩော် ... မဟုတ်ပါဘူး လီလီရယ်။ ကိုယ် အခု ဆေးရုံမှာ ရောက်နေတာ"





"ဟင် ... ဆေးရုံမှာ ဘာလုပ် ... ဘာဖြစ်နေတာလဲ"

"ကိုယ် ဘာမှမဖြစ်ဘူး။ မမသီရိလေ သူ ဆေးရုံတင်ထားရတာ"

"ဆေးရုံတင်ထားရတယ် ... ဘာလို့လဲ"

"မြွေကိုက်ခံရလို့ပါ"

"ဟင် ... မြွေကိုက်ခံရတယ် ဟုတ်လား"

"ဟုတ်တယ် လီလီ"

"ဘယ်မှာ အကိုက်ခံရတာလဲ"

"သူ့ရုံးခန်းမှာပဲ"

"ဟင် ... ရုံးခန်းက အဲလောက်တောင် အမှိုက်ရှုပ်နေလို့လား"

စိတ်ရှုပ် စိတ်ပင်ပန်းသည့်ကြားမှ သူက ပြုံးမိရသေးသည်။

"မဟုတ်ပါဘူး လီလီရယ်၊ သူ့ဆီကို မသမာတဲ့ လူတစ်ယောက်က ပါဆယ်နဲ့ မြွေပို့လိုက်တာပါ"

"ဟင် ... မြွေပို့လိုက်တယ်။ အဲဒါ ကိုက်လိုက်တာပေါ့"

"အင်း ... ဟုတ်တယ် လီလီ"



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေက ဘယ်လိုရှိလဲဟင်"

"ကောင်းပါတယ်၊ ဆေးရုံကို ချက်ချင်းရောက်လို့ အသက်အန္တရာယ်တော့ စိုးရိမ်စရာ မရှိတော့ဘူးပေါ့"

"ဩော်"

"အင်း … အဲဒါကြောင့် ကိုယ် နည်းနည်းအလုပ်ရှုပ်နေတယ် လီလီ။ ကိုယ် ဒီရက်တွေထဲ လီလီ့ဆီ ရောက်မလာနိုင်ရင် စိတ်မဆိုးနဲ့။ ကိုယ့်ကို နားလည်ပေးနော်"

"ဟင်း"

"ကိုယ် တောင်းပန်ပါတယ် လီလီရယ်။ လီလီက လိမ္မာပါတယ်၊ စိတ်မဆိုးပါနဲ့နော်"

"ထားလိုက်ပါလေ၊ ကျန်းမာရေးကိစ္စက ဘာပြောလို့ရမှာလဲ၊ ငယ်လေး လီလီ့ကို သတိရနေရင် ပြီးတာပါပဲ"

"ဩော် … ကိုယ် လီလီ့ကို အမြဲသတိရနေပါတယ်ကွာ။ အရမ်းလည်း ချစ်တယ် … နော်၊ လီလီ နေကောင်းအောင်နေနော်"

"အင်းပါ … နေပါတယ်။ ဒါဆို လီလီ ဖုန်းချလိုက်တော့မယ်"





"အိုခေ လီလီ … ဒါပဲနော်"

လီလီက ဖုန်းချသွားသည်။ သူက သက်ပြင်းပျော့ပျော့ တစ်ခုကို ပင့်သက်ရှိုက်မိပါသည်။ မမသီရိ ဒီလိုဖြစ်နေချိန်မှာ လီလီ တစ်ယောက် ဘာပြဿနာမှ မရှာဘဲ အေးအေးဆေးဆေး နေတာကိုပဲ ကျေးဇူးတင်ရမည်။ လီလီကသာ သောင်းကျန်းနေလျှင် သူလည်း နေရစရာနေရာ ရှိမှာမဟုတ်တော့၊ သူပါ ရူးသွားဖို့ပဲ ရှိတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ညသည် ဘယ်ကလာမှန်း မသိသော ဆိတ်ဖလူး ပန်းရနံ့တစ်ခုကို သယ်ဆောင်လာကာ ဝန်းကျင်တစ်ခုလုံးအား မွှေးမြလန်းဆန်းနေစေသည်။ ညဆယ်နာရီဝန်းကျင်ခန့်မို့ လူနာလာမေးသော ဧည့်သည်များလည်း အတော်အသင့် ကျဲပါးသွားကြပြီ။ သူက ကော်ရစ်တာပေါ်ကနေ၍ အဝေးသို့ ငေးကြည့်နေမိကာ ပင့်သက်ရိုက်မိသည်။ ဒီနေ့နဲ့ပါဆိုလျှင် မမ ဆေးရုံတက်ရသည်မှာ သုံးရက်ရှိသွားပြီဖြစ်သည်။

သုံးရက်အတွင်းမှာ သတိပြန်ရ သက်သာလာပြီဖြစ်သော်လည်း သူ့စိတ်ထဲမှာ ခုချိန်ထိ ဝေခွဲမရသော ပုစ္ဆာတစ်ပုဒ်က ရှိဆဲပါပဲ။ မြွေတစ်ကောင်ကို မမဆီ ပို့လိုက်သောသူ၊ အဲဒါကို သူ ဘယ်လိုမှ စဉ်းစားလို့ မတတ်အောင်ဘဲ ဖြစ်နေသည်။ တဖြည်းဖြည်းနှင့် ညက နက်လာသည့်တိုင်အောင် အဖြေကို ရှာမရပါ။ ခေါင်းတွေခြောက်လာတာသာ အဖတ်တင်လေသည်။





"မင်း ပြန်ရင် ပြန်တော့လေ၊ မိုးချုပ်နေပြီ"

အနောက်က ခပ်အုပ်အုပ် ထွက်လာသော အသံကြောင့် သူက ဆတ်ခနဲ ဖြစ်မိသည်။ နန္ဒက နောက်မှာ ပီဘောင်းရင်း ရောက်နေသည်။

"အေးပါ။ ငါ စဉ်းစားနေတာ"

"ဘာစဉ်းစားနေတာလဲ။ ရဲတိုင်ဖို့ကိုလား၊ မင်းဝဲ အတွေးထဲ အကျယ်တွေ မဖြစ်ချင်ဘူးဆို"

"အေးလေ ... အကျယ်တွေ မဖြစ်ချင်ပေမယ့် ဒီအတိုင်းထားရင်ရော လုပ်တဲ့သူက ငြိမ်သွားမယ် ထင်နေလား နောက်တစ်ခါ ထပ်ကြိုးစားရင် ဘယ်လိုလုပ်မလဲ —

ငါတို့ Police ကို မေတ္တာရပ်ခံပြီး လျှို့ဝှက်ထောက်လှမ်းပေးဖို့ အကူအညီတောင်းရင်ရော"

"ဟက် ... အဲလို လုပ်ပေးမယ်လို့ ထင်နေတာလား"

"ဒါတော့ ပြောကြည့်ရမှာပေါ့ကွ"

"ငါတော့ သိပ်မထင်ပါဘူးကွာ။ စဉ်းစားသေးတာပေါ့ လောလောဆယ် တို့လည်း အနီးကပ် စောင့်ရှောက်နေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... မင်း ပြန်တော့လေ။ မိုးချုပ်နေပြီ။ ဖြည်းဖြည်းပဲ မောင်းသွား၊ လမ်းရှင်းတယ်ဆိုပြီး တအားနင်းမသွားနဲ့ဦး”

“အေးပါ ... မင်းလည်း အစစအရာရာ ဂရုစိုက်”

“အိုခေ ... အိုခေ”

သူနှင့် နန္ဒက တစ်ယောက်ပခုံးကို တစ်ယောက်က ဖျစ်ညှစ်ရင်း အပြန်အလှန် အားပေးမိသည်။ မမအနားမှာ တစ်ညစီ စောင့်အိပ်ကြတာဖြစ်ပြီး ဒီနေ့က နန္ဒ ဂျူတီ၊ နန္ဒ စောင့်အိပ်ရမည့် အလှည့်ဖြစ်သည်။

“အေး ... ဒါဆို ငါ သွားပြီ ဟေ့ကောင်”

သူက နန္ဒကို နှုတ်ဆက်ကာ မမကို တစ်ချက်ဝင်ကြည့်ပြီး လှည့်ထွက်လာခဲ့သည်။ မမက အသာမှေးကာ အိပ်စက်နေဟန် ရှိလေသည်။ သူက အောက်သို့ဆင်းရန်အတွက် ဓာတ်လှေကားရှေ့မှာရပ်ကာ ဓာတ်လှေကားကို ခေါ်လိုက်သည်။ ဓာတ်လှေကားသည် အောက်ကနေ၍ အပေါ်သို့ တက်လာနေသည်။ ခဏနေတော့ ဓာတ်လှေကား ပွင့်သွားသည်။





ဓာတ်လှေကားထဲတွင် ဆေးရုံညစောင့် ဖြစ်ဟန်တူသော ကောင်လေးတစ်ယောက်သာ ပါလာသည်။ ကောင်လေးက အိပ်ချင်မူးတူးလား ပျင်းတိပျင်းရွဲ ဒီဇိုင်းလားတော့ မသိ။ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ ဓာတ်လှေကားရပ်သွားတာနှင့် ထိုထဲမှ ငိုက်စိုက် ငိုက်စိုက် ထွက်လာသည်။ သူက ဓာတ်လှေကားထဲသို့ ဝင်သည်။ ကောင်လေးက ဓာတ်လှေကားထဲမှ ထွက်သည်။ အဝင်အထွက် ခဏလေးပါပဲ။ စက္ကန့်ပိုင်းပါပဲ၊ အဲဒီ တစ်ခဏမှာ မွှေးရနံ့တစ်ခုက သူ့နှာခေါင်းထဲသို့ ဖြတ်ပြေးဝင်သွားသည်။

ဘာလဲဟု သူ စူးစမ်းလိုက်ချိန်မှာ ဓာတ်လှေကားရဲ့တံခါးက ဖျတ်ခနဲ ပိတ်သွားသည်။ Security ကောင်လေးကတော့ ဖြည်းဖြည်းရွဲရွဲ လျှောက်သွားနေဆဲ။

ဟေမဝန်သည် နှုတ်ခမ်းကို အသာကိုက်ကာ အဲဒီရနံ့ကို နားထင်ကြောတွေ ပြတ်ထွက်မတတ် အသည်းအသန် စဉ်းစားနေမိသည်။ ရှားပါးတန်ဖိုးကြီးသလို အဆင့်အတန်းမြင့်လှသော ဒီမွှေးရနံ့ဟာ ထိုကောင်လေးထံက ဘယ်လိုများ ရတာပါလိမ့်။ ပြီးတော့ အဲဒီအနံ့ကို သူ ရင်းရင်းနှီးနှီး သိနေသလိုပဲ။ ဘယ်မှာရှူဖူးတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း တွေးရင်းနှင့် သူ့ခြေထောက်တွေက ကားနားသို့ရောက်လာသည်။ ကားပေါ်သို့ တက်မည့်ခြေထောက်များသည် တစ်စုံတစ်ရာက ဆွဲထားသလို မတက်ဖြစ်သေးဘဲ တုံ့ဆိုင်းနေကြသည်။ အဲဒီ မွှေးရနံ့ ... တစ်နည်းဆိုသော် ဒီရေမွှေးနံ့ကို သူ ကောင်းကောင်းကြီး သိသော်လည်း ဘယ်သူ့ဆီက ရသော အနံ့လည်းဆိုတာ သူ့ဦးနှောက်က အဖြေမထုတ်နိုင်ဘဲ ဖြစ်နေသည်။ ဒီရက်တွေထဲမှာ Stress တွေ များလွန်းသဖြင့် ဦးနှောက်တွေလည်း ကြောင်ကုန်ပြီလား မပြောတတ်။

နောက်ဆုံးတော့ သူက ဆက်မစဉ်းစားတော့ဘဲ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ ဆက်မစဉ်းစားတော့ဟု ဆိုသော်လည်း ဦးနှောက်က သူ့ အလိုလို စဉ်းစားနေသော အခါ ကားကို ဖြည်းဖြည်းမောင်းလာခဲ့သည်။ ဒီလို တန်ဖိုးကြီးတဲ့ မွှေးရနံ့မျိုးဟာ ညစောင့် ကောင်လေးထံက ဘာကြောင့်ရတာလဲ။ သူ့စိတ်ထဲမှာ ထူးဆန်းနေသည်။ ထိုကောင်လေးနေရာမှာ တခြားတစ်ယောက်ယောက် ဆိုရင်တောင် သူ ဒီလောက် ဦးနှောက်ခြောက်ခံဖြစ်မှာ မဟုတ်ချေ။

"ဗျို ... ဘာတွေလဲကွာ"





စဉ်းစားရ ကျပ်နေတုန်းမှာပဲ ကားက မီးနီမိသွားသည်။ ဘရိတ်ဆောင့်အုပ်လိုက်လျှင် ဒက်ရှ်ဘုတ်ပေါ်မှ ကပ်ထားသော အရုပ်လေးက စပရိန်စွမ်းအားကြောင့် လှုပ်ခါယမ်းသွားတာ ခိုးခိုးခစ်ခစ် ရယ်မောလေတော့သည်။ ထိုအရုပ်လေးသည် သူ့ရဲ့ချစ်လှစွာသော လီလီက အမှတ်တရလက်ဆောင်ပေးထားတာ သူ့ကားမှာ သုံးစေခဲ့တာ ဖြစ်ပါသည်။

လီလီ့အရုပ်လေး မြင်မှပဲ လီလီ့ကို သတိရသွား ... အင် ... အခုနက မွှေးရနံ့ ... ရေမွှေးနံ့ဟာ ...။

ချက်ချင်းပဲ သူ့နားထင်တွေ ပွင့်သွားသလို တစ်စုံတစ်ရာသော အမှောင်ထုကြီးထဲက လွတ်မြောက်သွားသောသူလို သဲလဟာနယ်ထဲ ရောက်သွားသလို ဖြစ်သွားသည်။ အဲဒီ မွှေးရနံ့ဟာ လီလီ့ထံက သူ ရခဲ့ဖူးသော အနံ့ပဲ။ ဟုတ်တယ် ... တစ်သေရာတည်းပဲ။ အသေချာဆုံးပဲ။ လုံးဝလွဲမှားစရာမရှိ။ ညစောင့်ကောင်လေးဟာ အဲဒီ တန်ဖိုးကြီးရေမွှေးကို ဘယ်လိုမှ မသုံးနိုင်။ ဒီမှာတောင် လူတိုင်း မသုံးနိုင်သော ရှားရှားပါးပါး ဒီရေမွှေးကို သုံးသူသည် ... ? ... ? ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့က တစ်စုံတစ်ရာကို တွေးမိကာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။ နောက်တော့ ကားကို ချက်ချင်းဝဲ ပြန်ကွေ့ကာ ဆေးရုံကို တရကြမ်း ပြန်မောင်းလာခဲ့လေသည်။ ဘုရား ... ဘုရား။ ဘုရား သိကြားမ,လို့ ဘယ်သူမှ ဘာမှမဖြစ် ပါစေနဲ့။ ဘယ်လို အလုံးကြီးမှန်း မသိ၊ ရင်ဘတ်ထဲမှာ တစ်ဆို့ ကာ မျက်ရည်တောင် လည်ချင်လာသည်။ ပူလောင်သောကတွေ သည် ရင်ခွင်တစ်ခုလုံးကို မီးနှင့် မြိုက်ထားသလိုပါပဲ။

မမသီရိကိုလည်း ဘာမှမဖြစ်စေချင်။ လီလီသည် လည်း ဘယ်လိုအမှားမျိုးကိုမှ မကျူးလွန်စေချင်ပါ။ သူ့ကားက ဆေးရုံဝင်းထိပ် ရောက်သွားချိန်မှာတော့ ညစောင့်နှစ်ယောက်ကို တွေ့ရသဖြင့် သူက အမောတကော မေးမိသည်။

"ညစောင့်က ခင်ဗျားတို့ နှစ်ယောက်ပဲ ရှိတာလား"

"ဟုတ်ကဲ့ နှစ်ယောက်ပါပဲ"

"ဒီနေ့အဖို့ ဂျူတီလဲပြီးသွားလား၊ လွန်ခဲ့တဲ့ နာရီဝက်က လည်း ဒီနှစ်ယောက်ပဲလား"

ညစောင့် နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ နှစ်ယောက်စလုံးဟာ အသားညိုညို





ပုပု နှစ်ယောက်။ ခုနက တွေ့လိုက်ရသော ကောင်လေးလို ဖြူဖြူနွဲ့နွဲ့လေးလား ပိန်သေးသေးလား မဟုတ်ပါ။

"ညခုနစ်နာရီတည်းက ဂျူတီလဲပြီးသွားပါ။ ကျွန်တော်တို့ နှစ်ယောက်ပါပဲ ဆရာ။ ဘာဖြစ်လို့လဲခင်ဗျ"

"ဘာမှ မဖြစ်ပါဘူး။ ကျေးဇူးပဲ"

သူက ကားကို တရကြမ်း ဆက်မောင်းလာခဲ့သည်။ ပြီးတော့ မမသီရိ အခန်းရှိရာသို့ တက်ဖို့အတွက် ဒရာသောပါး ပြေးရသည်။ ညဆယ့်တစ်နာရီလောက်တွင် ဆေးရုံထဲ၌ သူ တစ် ယောက်တည်း အရူးလို ဖြစ်နေသည်။ ဓာတ်လှေကားက ခုထိ ဆင်းမလာသေး။ သူက ကျစ်ခနဲ စုတ်သပ်ကာ ခုန်တဆွဆွ ဖြစ် နေရင်းမှာပဲ နန္ဒထံ ဖုန်းခေါ်မိသည်။

နန္ဒ ... နန္ဒ ... ရှိနေတာပဲ။ ဘာမှမဖြစ်နိုင်လောက် ပါဘူး။

"အေး ... ဟေမဝန်"

"မင်း ဘယ်မှာလဲ နန္ဒ"

"ငါလည်း မင်းဆီ ဆက်တော့မလို့။ အခန်းထဲမှာ နာ့စ် မေ့လဲနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ... မင်း ... မင်းက ဘယ်မှာလဲ"

"မင်း ထွက်သွားပြီးတော့ ငါ့ကို ညစောင့် ကောင်လေးက လာခေါ်တယ်။ အောက်မှာ အစ်ကို့ကားကို ကားတစ်စီး ချိတ်မိသွားလို့ ဖြေရှင်းရအောင် လာခဲ့ပါဆိုတာနဲ့ ..."

"ဟော့ကောင် ... တော် ... တော် ...။ ဆက်မပြောနဲ့၊ မင်း ဘာသိလဲ။ အကြီးကြီးလွဲပြီ ဟော့ကောင်။ နာ့စ်ကို သေချာကြည့်၊ မမရော ... မမ ဘာဖြစ်သေးလဲ"

"ဟင့်အင်း ... မမ ဘာမှမဖြစ်ဘူး။ ရှိတယ်၊ ငါ ပြန်လာတော့ နာ့စ် လဲကျနေတာ တွေ့တာ"

"ဟာ ... ဟော့ကောင်၊ ဘာပဲဖြစ်ဖြစ် ခုပဲ ဆရာဝန်တွေ သွားခေါ်၊ အခန်းထဲကိုစစ်၊ မမကိုလည်း စစ်ဆေးကြည့်ခိုင်း။ အန္တရာယ်အရမ်းများတယ်၊ မင်း မမနားက မခွာနဲ့"

သူ စကားပြောနေတုန်းမှာပဲ ဓာတ်လှေကားတံခါးက ဖျတ်ခနဲ ပွင့်လာသည်။ အထဲဝင်မလို့ ကြံရွယ်နေသော သူ့မျက်လုံးများသည် ဘာရယ်မဟုတ်ဘဲ ထောင့်တစ်ခုမှ ဖျတ်ခနဲ ထွက်လာသော အရိပ်တစ်ခုကို လှမ်းမြင်သည်။ ဂျူတီကုတ်အဖြူကို ဝတ်ထားသော ပုံရိပ်လေးတစ်ခု။ ဒါပေမဲ့ သူမ ဘယ်သူလဲဆိုတာ သူ ချက်ချင်း သိလိုက်သည်။





"လီလီ"

ညစောင့် ဝတ်စုံပြာကနေ၍ ဂျူတီကုတ်ပုံစံ ဘယ်လိုပြောင်းသွားလဲတော့ သူ မသိ။ ဒါပေမဲ့ သူမမှ သူမအစစ်ပဲ။ ဓာတ်လှေကားထဲသို့ လှမ်းဝင်တော့မည့် ခြေထောက်တစ်ဖက်မှာ မဝင်မိတော့ဘဲ လီလီ့နောက်သို့ ကသောကမျော ပြေးလိုက်မိသည်။ တိတ်ဆိတ်သောည လူသူရှင်းသော ဆေးရုံထဲတွင် သူ့ရဲ့ ရှူးဖိနပ်သံက ကျယ်လောင်စွာ ထွက်ပေါ်နေသဖြင့် ခပ်လှမ်းလှမ်း ရောက်နေသော သူမတောင် သတိထားမိပြီး လှည့်ကြည့်လာသည်။ အဲဒီလို လှည့်ကြည့်လိုက်တော့မှပဲ သူမဟာ ဘယ်သူဆိုတာ သေချာသွားတော့တာပဲ။

သူ့ကိုမြင်သွားပြီဖြစ်သော လီလီသည် ခြေလှမ်းကို ထပ်သွက်ကာ အပြေးတစ်ပိုင်း ဖြစ်သွားသည်။ ဆေးရုံအပြင်ဘက်သို့ ရောက်သွားသောအခါ ကားပေါ်တက်ပြီး မောင်းထွက်သည်။ သူကလည်း ကားပေါ်အမြန်တက်ကာ မောင်းပြီး လိုက်လာခဲ့သည်။ လီလီသည် ကားကို နိုင်ငံခြားအက်ရှင်ဓာတ်ကားထဲက အတိုင်း ဒရကြမ်းပတမ်း မောင်းနှင်နေသည်။ သူက ဖုန်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဖုန်းဖွင့်လိုက်သော်လည်း မထူးပါ။

"လီလီ ... မင်း ဘာတွေလုပ်ခဲ့တာလဲ ဟင် ? ။ မမကို ဘာလုပ်ခဲ့လဲ ကားရပ်လိုက်၊ ကားကို အခု ရပ်လိုက်"

"ရှင့်ဟာမကြီးအတွက် ရှင် နာနေတယ် ဟုတ်လား။ မုန်းတယ် ... မုန်းတယ်၊ အဲဒီ မိန်းမကြီးကို မုန်းတယ်။ အရမ်းမုန်းတယ်၊ သတ်ပစ်ခဲ့ပြီ၊ ဒါကြောင့် သတ်ပစ်ခဲ့ပြီ ဟား ဟား ဟား"

"လီလီ ... မင်း ဘာတွေ လုပ်ခဲ့တာလဲ။ ကားရပ်လိုက် လီလီ၊ အဲဒီအရှိန်နဲ့ မမောင်းနဲ့၊ မင်းအတွက် အန္တရာယ်ရှိတယ်"

"ဘာလို့ ရပ်ရမှာလဲ ... မရပ်ဘူး ... မရပ်ဘူး"

"လီလီ"

ဖုန်းသံက ပြတ်တောက်သွားသည်။ လီလီ့ကားသည် ယိမ်းထိုးမောင်းနှင်နေပြီး အရှိန်ကလည်း များလှသည်။ သူက ဟွန်းတပွမ်ပွမ်တီးသော်လည်း ဘာမှမထူးပါ။ တစ်နေရာအရောက်မှာတော့ သူ့မျက်လုံးတွေ ပြာဝေသွားသည်။ အသိစိတ်ကင်းလွတ်နေသော လီလီသည် မီးနီကို ဖြတ်မောင်းကာ တစ်ဖက်က အရှိန်





နှင့် မောင်းလာသော ကားက လီလီ့ကားကို ခါးလည်က ဖြတ်တိုက်ချပစ်လိုက်လေသည်။

ဂျိမ်းစနဲ မြည်သံကျယ်ကြီးသည် မိုးကြိုးပစ်လိုက်သလို ဝန်းကျင်တစ်ခုလုံး တုန်ဟည်းသွားသည်။ သူက "လီလီ" ဟု ရင်ကွဲမတတ်အော်ရင်း ကားပေါ်မှ ပြေးဆင်းသွားမိသည်။ ပိန်ချိုင့်နေသော ကားထဲမှ လီလီ့ကို ခဲရာခဲဆစ် ဆွဲထုတ်ရသည်။ ဂျူတီကုတ်အဖြူတွင် သွေးတွေက မြင်မကောင်းအောင် ရွှဲနစ်နေသည်။

လီလီ ... မင်း ဘာမှမဖြစ်ပါနဲ့။ ဘာမှ မဖြစ်ပါသေးနဲ့ဦး။ ပြန်ထူးပါဦး။ သူ ထပ်ခါ ထပ်ခါ ခေါ်နေသော်လည်း လီလီ့ မျက်လုံးတို့က ပွင့်မလာတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

ဆေးရုံရဲ့ CCTV မှတစ်ဆင့် လီလီရဲ့လှုပ်ရှားမှု ပုံရိပ်များကို ပြန်မြင်ခဲ့ရပါသည်။ လီလီသည် ညစောင့် Security ဝတ်စုံဖြင့် မမသီရိ အခန်းကို လာသည်။ နန္ဒကို ကားချင်းငြိတယ်ဟု လာပြောသောအခါ နန္ဒက အပြင်ထွက်သွားသည်။ သူမက မယောင်မလည်ဖြင့် ကျန်ခဲ့ကာ မမသီရိကို စောင့်နေသော Nurse ကို မေ့ဆေးလက်ကိုင်ပဝါနှင့် အုပ်လိုက်ပြီး Nurse က မေ့လဲသွားလျှင် အသင့်ပါလာသော ဆေးထိုးအပ်နှင့် မမသီရိရဲ့ Drip Line ထဲသို့ ဆေးရည်တွေကို ထိုးသွင်းသည်။

ထိုဆေးရည်များမှာ မြွေဆိပ်ဖြေဆေးနှင့် မတည့်သော တားမြစ်ဆေးဝါးတစ်မျိုးဖြစ်ပြီး အချိန်မီ မသိရှိ မတားဆီး





နိုင်ပါက တစ်နာရီအတွင်း နှလုံးကို ထိခိုက်ကာ အသက်ဆုံးရှုံးစေနိုင်မှာဖြစ်သည်။ အချိန်မီ သိသဖြင့် မမသီရိကို ကယ်တင်နိုင်ခဲ့သည်။ လီလီကတော့ လီလို့အတွက်ကတော့ ယာဉ်တိုက်မှုဖြင့် ဆေးရုံမှာ ကုသနေရဆဲ ဖြစ်ပါသည်။ အသက်အန္တရာယ်ကို စိုးရိမ်ရသည့် အနေအထားမှ လွတ်မြောက်လာသော်လည်း သုံးရက်ကြာတဲ့အထိ သတိမရနိုင်သေးပါ။

ကံတရားဟာ မမသီရိဘက်မှာ ရှိနေခဲ့တာကတော့ အံ့ဩဖို့ကောင်းသည်။ မွေးရန့်လေး တစ်ခုကိုသာ မရခဲ့လျှင် သူ့အနေနဲ့ ဒီကိစ္စကြီးတစ်ခုလုံးကို ဘယ်လိုမှ ရိပ်မိသွားနိုင်စရာ အကြောင်းမရှိချေ။ လီလီ ကိုယ်တိုင်လည်း ဒီကို လာခါနီး ရေမွေးဆွတ်ချင်မှ ဆွတ်လာလိမ့်မည်။ သို့သော် ထိုရေမွေးဟာ ရေချိုးပြီးလျှင်တောင် အနံ့မပြယ်တတ်လေရာ မနက်ဘက်ကပဲ ဆွတ်ထားပစေဦး ညဘက်ထိ လီလီ့ လည်တိုင်မှာ၊ ရင်ညွန့်မှာ သင်းပျံ့ပျံ့စွဲထင်ကျန်နေရစ်ပါလိမ့်မည်။ အဲဒီ ရန့်လေးသာ မရခဲ့လျှင် မမသီရိရဲ့ ကံကြမ္မာသည် မတွေးရဲစရာ ဖြစ်သွားနိုင်ပါသည်။ ခုတော့ လီလီရဲ့ကံကြမ္မာကို သူ ဆက်မတွေးချင်တော့။ လူတစ်ယောက်ကို အစွဲအလမ်းကြီးစွာ သတ်ပစ်ဖို့အထိ ကြံစည်



www.burmeseclassic.com

www.burmeseclassic.com



သော လီလီရဲ့ စိတ်အခြေအနေဟာ ဒီအတိုင်းထားလို့မှ မရတော့တာပဲလေ။

ကိုမောရစ်ကတော့ မမသီရိကို ဆေးရုံမှာ သတင်းလာမေးခဲ့သည်။ အဲဒီတော့မှပဲ သူ့သူငယ်ချင်း မျက်သွယ်ကို အနာတရဖြစ်အောင် ကြံစည်ခဲ့သူမှာလည်း လီလီပဲဆိုတာ သူ ထပ်သိခဲ့ရတာဖြစ်သည်။

"အားလုံးအတွက် ကိုယ် တောင်းပန်ပါတယ် ဟေမဝန်။ မင်း မမကိုလည်း မျက်နှာမပြဝံ့အောင်ပါပဲ"

"ရပါတယ် အစ်ကို။ ဘယ်တတ်နိုင်ပါ့မလဲ။ မမလည်း ဘာမှဖြစ်တာမှ မဟုတ်တာ"

"အေးကွာ။ သူ တကယ်ကို ကံကောင်းပါတယ်။ မင်းက မင်းမမအသက်ကို ကယ်လိုက်တာပါပဲ"

"လီလီကတော့ ကျွန်တော့်ကို မုန်းသွားတော့မှာပဲ အစ်ကို။ တကယ် ... တကယ်တော့ သူ ကျွန်တော်နဲ့ ဆုံခဲ့တာ သူ့အတွက် ကံဆိုးမှုတစ်ခုပါပဲ၊ ကျွန် ... ကျွန်တော် ..."

ပြောရင်း သူက နှာကျင်ကြေကွဲကာ ဆို့နင့်လာပြီး ဆက်မပြောနိုင်တော့ချေ။ တကယ်ကိုပဲ လီလီ့အတွက် သူနဲ့တွေ့ခဲ့တာ၊ ချစ်ခဲ့တာတွေဟာ ကံဆိုးရုံသက်သက်ပဲလေ။ အချိန်တွေကိုသာ နောက်ပြန်လှည့်ခွင့် ရမယ်ဆိုရင် လီလီ ရှိနေတဲ့ ခြံထဲကို ပန်းဝယ်ဖို့ သူ ဝင်သွားမိမှာ မဟုတ်ခဲ့ချေ။





ဒီလိုမုန်းသိရင် ကိုယ် မင်းကို ချစ်သူဖြစ်ဖို့ ကြိုးစားခဲ့မှာ မဟုတ်ဘူး လီလီရယ်။

"စိတ်လျှော့ပါကွာ။ ညီမလေး အတွက် ကံကြမ္မာက ဒီလို စီရင်ပြီးသားလေ။ ဒါကို ရှောင်လွှဲလို့ ဘယ်ရပါ့မလဲ"

"ကျွန်တော့်အချစ်တွေက သူ့အတွက် အဆိပ်တွေ ဖြစ်သွားခဲ့တာ ကျွန်တော် အမြဲတမ်း ရင်နာနေရတော့မှာပဲ"

"ဘာပဲပြောပြော လီလီ့အတွက် မျှော်လင့်ချက်ဆိုတာလည်း ရှိလာနိုင်မှာပါ၊ သူ့အတွက် အဆိုးထဲက အကောင်းကို ကိုယ်တို့ ရှာတွေ့နိုင်ဖို့ မျှော်လင့်ကြစို့ ဟေမဝန်"

"အစ်ကို့စကားက ဘာအဓိပ္ပာယ်လဲ"

"လီလီ သတိရလာပြီ ဟေမဝန်"

"ခင်ဗျာ ... သတိရပြီ ! ဟုတ်လား။ ဟာ ... အစ်ကို ကျွန်တော့်ကို စောစောက ဘာလို့ မပြောတာလဲ။ ကျွန်တော် သူနဲ့ တွေ့ချင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ ... အခု ဘယ်မှာလဲ။ ဆေးရုံမှာပဲလား"

"ဟုတ်တယ် ဟေမဝန်။ ဒါပေမဲ့ သူ ဘယ်သူ့ကိုမှ မမှတ်မိတော့ဘူး"

"ဗျာ"

ကိုမောရစ်က ခေါင်းတစ်ချက်ဆတ်ရင်း သူ့ပခုံးကို နှစ်သိမ့်သလို အားပေးဖျစ်ညှစ်သည်။

"ကိုယ့်ကိုလည်း မမှတ်မိဘူး။ တခြား အိမ်ကလူတွေ ဘယ်သူ့ကိုမှ သူ မမှတ်မိဘူး"

"ဟာ ... ဖြစ် ... ဖြစ်နိုင်ပါ့မလား အစ်ကိုရာ။ ကျွန် ... ကျွန်တော့်ကိုရော"

"ဒါကတော့ မင်းတွေ့ကြည့်ရင် သိပါလိမ့်မယ်"

"လီလီ အတိတ်မေ့သွားတာလား"

"အဲဒီလိုသဘောပဲပေါ့ ဟေမဝန်။ ဆရာဝန်ကြီးကတော့ တစ်လလောက် စောင့်ကြည့်ရမယ် ပြောတယ် ...

သူကြုံခဲ့တဲ့ Accident အရလည်း ဖြစ်နိုင်သလို မတည်မငြိမ် ယောက်ယက်ခတ်နေတဲ့ သူ့ပေါက်ကွဲမှုတွေ လွင့်စဉ်ပြီး အားလုံးကို မေ့သွားတာလည်း ဖြစ်နိုင်တယ်တဲ့"





"ဖြစ်ရလေ လီလီရယ်"

"အဲဒါ အဆိုးထဲက အကောင်းတစ်ခုပေါ့ ဟေမဝန်။ သူ အရာအားလုံးကိုမေ့ပြီး ဘဝသစ်မှာ ရှင်သန်နိုင်ရင် သူ့အတွက် အကောင်းဆုံးပဲ မဟုတ်လား"

"ကျွန်တော် သူ့ကို တွေ့ကြည့်ချင်ပါသေးတယ်ဗျာ"

"မင်းဆန္ဒအတိုင်း ဖြစ်ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲဟင်"

သူ့ကို တွေ့တွေ့ချင်းမှာပင် မေးလိုက်သော လီလီ့ စကားကြောင့် ရင်ထဲမှာ အောင့်မျက်သွားရသော်လည်း သူသည် မတွေ့ရတာ ကြာပြီဖြစ်သော ချစ်သူ့မျက်နှာလေးကို လွမ်းဆွတ်စွာ ငေးကြည့်နေမိသေးသည်။ သူ့ကို ပြန်ကြည့်နေသော လီလီ့ မျက်လုံးများကတော့ တစ်ခါမှ မမြင်ဘူးသော သူစိမ်းတစ်ယောက်ကို ကြည့်သလို စူးစမ်းသလိုနှင့် စိမ်းသက်နေခဲ့သည်။

"လီလီ ... ကိုယ့်ကို မှတ်မိလားဟင်"

ငေးကြောင်ကြည့်နေသော မျက်ဝန်းများက အတန်ကြာ စူးစမ်းနေပြီးမှ ဖြည်းညင်းစွာ ခေါင်းယမ်းပြသည်။

"ကိုယ် ... ငယ်လေးလေ ... လီလီ"

"ငယ်လေး ! "





ရေဓာတ်ဆုံးရှုံးထားသဖြင့် အနည်းငယ် သွေ့ခြောက်နေသော နှုတ်ခမ်းလေးများက "ငယ်လေး" ဆိုတာကို ရေရွတ်သည်။ ပုတ်ခတ် ပုတ်ခတ် လုပ်နေသော မျက်တောင်များက အသေအလဲ စဉ်းစားနေကြောင်း သက်သေထူနေပါသည်။

"အင်း ... ငယ်လေးလေ။ လီလီ ပေးထားတဲ့ နာမည်လေ"

"လီလီ ! ဟုတ်လား။ လီလီ ဆိုတာ ဘယ်သူလဲ"

"လီလီ ဆိုတာ လီလီ့ နာမည်လေ"

သူက လက်ညှိုးလေးဖြင့် လီလီ့ ရင်ဘတ်ကိုညွှန်ပြကာ ပြောမိသည်။ အခါများစွာက ကျစ်ဆံမြီးဆံထုံးနှင့် ပဝါ အမျိုးမျိုး အလှဆင်ကာ Style တစ်ခု ထွင်ခဲ့သော လီလီသည် ခုတော့လည်း ဗီဘီ မိန်းမငယ်လေးတစ်ယောက်လို ဆံပင်ရှေ့တွေ ချထားကာ ဆွယ်တာအဖြူလေးဖြင့် ငြိမ်းချမ်းစွာ ရှိနေသည်။

"ကျွန်မနာမည် လီလီ"

"အင်းလေ ... မမှတ်မိတော့ဘူးလား လီလီရယ်"

"ဟင့်အင်း"

"လီလီရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေ့တက်လာသော မျက်ရည်စများကို ပုတ်ခတ်ကာ သူက လီလီ့လက်လေးကို မချင့်မရဲ ဖျစ်ညှစ်မိလျှင် သူမက ကြောက်ရွံ့စိမ်းသက်ဟန်ဖြင့် မသိမသာ ရုန်းဖယ်သွားသည်။ တကယ်ကိုပဲ ဘာမှ မမှတ်မိတော့သော လီလီ။ သူ ပြန်သွားချင်ခဲ့သော မတွေ့ဆုံချိန်စဉ်က အတိုင်းပါပဲလား။ တကယ်ပဲ အဆိုးထဲက အကောင်းပဲလား လီလီရယ်။

"လီလီ ပန်းတွေရော"

"ပန်းတွေ ... ဘာပန်းတွေလဲ"

"ခြံထဲက ပန်းတွေလေ၊ သစ်ခွတွေလေ"

"အင်း ... မသိဘူးလေ"

"ကိုယ့်ကို ... ကိုယ့်ကို မုန်းမနေပါဘူးနော် လီလီ ... ဟင် ? ဖြေပါဦး၊ မုန်းသွားသေးလား ... ဟင်"

သူက လီလီ လက်ချောင်းများကို အရူးတစ်ယောက်လို လိုက်လံဖမ်းဆုပ်ရင်း မျက်ရည်အဝဲသားဖြင့် မေးသောအခါ လီလီက နားမလည်သလို ငေးကြည့်နေသည်။ ပြီးတော့ တဖြည်းဖြည်းနှင့် စိတ်ရှုပ်လာသလို မျက်ဝန်းများ။





"ဟင့်အင်း ... ဟင့်အင်း ... ကျွန်မ ... မသိဘူး ... ကျွန်မ ... မသိဘူး။ ဘာတွေ လာမေးနေတာလဲ။ မသိတော့ဘူး။ အား ... ခေါင်းကိုက်တယ်"

လီလီ အော်သံကြောင့် ကိုမောရစ်က အခန်းထဲသို့ ပြေးဝင်လာသည်။

သူ့လက်ကိုဆွဲကာ ဖျောင်းဖျပါသည်။

"ဟောဝန် ... စိတ်လျှော့လိုက်ပါကွာ။ ညီမလေး ဘာမှ မသိတော့ဘူး၊ အဲဒါ သူ့အတွက် အကောင်းဆုံးပဲ မဟုတ်လားကွာ။ ဟင် ? ...

မင်းလည်း နားလည်နေတာပဲ။ စိတ်လျှော့လိုက်ပါကွာ။ ဒါ သူ့အတွက် အကောင်းဆုံးပါ။ တို့ ထပ်မျှော်လင့်စရာတွေ ရှိပါသေးတယ် ... နော်"

"အစ်ကို ... အစ်ကိုရာ"

သူက လီလီ့ပုံစံကို မကြည့်ရက်သဖြင့် ကိုမောရစ်ပခုံးမှာ မျက်နှာအပ်ကာ ထိခိုက်ကြေကွဲစွာ ငိုမိသည်။ နောက်တော့ လီလီ့ကို နှုတ်ဆက်အကြည့်နဲ့ပဲ နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့ပါသည်။ ဘာကိုမှ မမှတ်မိတော့သလို ဗလာထည်မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



များက သူ့ကို ပြန်သွားတဲ့အထိ ကြောင်စီစီ ငေးစိုက်ကြည့်ကျန်ရစ်ခဲ့တာကို ရှင်နာ၍ မဆုံးခဲ့ချေ။

ဘယ်ဘဝက ဝဋ်ကြွေးတွေလဲ လီလီရယ်။ ကိုယ်မင်းကို အမြဲမျှော်လင့်နေပါ့မယ်။

❥ ○ ❥





## အဆုံးသတ်

ခြံထဲကနေ၍ ကားတစ်စီး တရွေ့ရွေ့ ထွက်ခွာသွားတာကို ခန်းဆီးနောက်ကွယ်မှ တစ်စုံတစ်ယောက်က အသာယာချောင်းကြည့်နေခဲ့သည်။ မြင်ကွင်းထဲမှ ကားက လုံးဝပျောက်ကွယ်လို့သွားလျှင် တစ်ဖက်သို့လှည့်ပြီး နှုတ်ခမ်းတစ်ဖက်တွန့်ရုံ မခိုးမခန့် ပြုံးလိုက်သူသည် ... ? ? ?

"မျှော်လင့်ချက်ဆိုတာ သေဆုံးမှပဲ ရပ်တန့်တော့တာ မဟုတ်လား ငယ်လေး။ ကိုယ် မသေသေးဘူး ဆိုရင်တော့ ... ..."

သူမ တိုးဖွဖွ ရေရွတ်လိုက်သံကို ဘယ်သူမှ ကြားမှာမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်လေးစားသော

**ဆုမြတ်မွန်မွန်**

8th Oct: 2013

4:33 (AM)

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သဃ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com